# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ နယုန်လပြည့်ကျော် (၃) ရက် ၊ တနင်္လာနေ့ ၊ (24-6-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၅၅)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" ကျန်းမာပျော်ရွှင်လျက်ရှိသည်ကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်အထီးကလေး တစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက"ဖြစ်ပြီး အဆိုပါဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဍာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် **စာမျက်နှာ ၁၈ ကော်လံ ၁ သို့**

မောင်တောမြို့ရှိ ရပ်ကွက်များတွင် နေထိုင်လျက်ရှိသည့် အိမ်ထောင်စုဝင်များအတွက် ဆန်အိတ်များထောက်ပံ့ပေးအပ် စာမျက်နှာ - ၁၆

မြန်မာနိုင်ငံရပ်ရှင်အစည်းအရုံးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲနှင့် ပညာသင်ကြားရေးပံ့ပိုးကြေးပေးအပ်ပွဲ ပြုလုပ် စာမျက်နှာ - ၁၁

ဧရာဝတီမြစ်ရေများချိန်ကာလ၌ ရေယာဉ်များ သွားလာရာတွင် ခက်ခဲနိုင်သည့်နေရာများကို တံစုန်းနတ်လုပ်ငန်းများ ဆောင်ရွက်ပေးမည် စာမျက်နှာ - ၂




ရတနာပုံ
၂၀၂၄ ခုနှစ် ဇွန် ၂၄ ရက်
အယ်ဒီတာ့အာဘော်

# မိုးတွင်းကာလဖြစ်ပွားတတ်သော ရောဂါများကိုကာကွယ်ပါ

နွေမှမိုးသို့ကူးပြောင်းချိန်ကာလ သို့မဟုတ် မိုးတွင်းကာလတွင် လူကြီးလူငယ်များ၊ ကလေးများတွင် ကိုယ်ခံအားကျဆင်းတတ်သောကြောင့် ရောဂါများအလွယ်တကူဖြစ်ပွားတတ်ပါသည်။ အဓိကဖြစ်ပွားတတ်သောရောဂါများမှာ ခြင်ယင်တို့မှတစ်ဆင့် ကူးစက်တတ်သောရောဂါများနှင့် ကျန်းမာရေးနှင့်မညီညွတ်သောပတ်ဝန်းကျင်ကြောင့်ဖြစ်သည့် ကူးစက်ရောဂါများဖြစ်ပါသည်။ ၎င်းတို့မှာ ရာသီတုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ အူရောင်ငန်းဖျားရောဂါတို့ဖြစ်ပါသည်။

မိုးတွင်းကာလတွင် စိုစွတ်သောရာသီဥတုမိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ကူးစက်ရောဂါများ အလွယ်တကူကူးစက်နိုင်ပေသည်။ ခြင်များပေါက်ပွားလာသောကြောင့် ခြင်မှတစ်ဆင့်ကူးစက်နိုင်သော သွေးလွန်တုပ်ကွေး၊ ငှက်ဖျားရောဂါများအဖြစ်များစေနိုင်ပါသည်။ ထို့ပြင် အအေးမိခြင်း၊ ရာသီတုပ်ကွေး၊ မသန့်ရှင်းသောအစားအစာများနှင့် ရေကြောင့်ဝမ်းပျက်ဝမ်းလျှောရောဂါတို့လည်း ဖြစ်ပွားစေနိုင်ပါသည်။

မိုးရာသီတွင်ဖြစ်ပွားတတ်သော ရောဂါအများစုသည် လူတို့၏ကိုယ်ခံစွမ်းအားလျော့နည်းခြင်းကြောင့်ဖြစ်သည်။ လေထုအတွင်း အစိုဓာတ်လွန်ကဲခြင်းကြောင့် ချောင်းဆိုးခြင်း၊ အအေးမိခြင်းနှင့် ဖျားနာခြင်းတို့ကို ခံစားရနိုင်သည်။ မိုးရေစိုပြီး အအေးမိလျှင် ခန္ဓာကိုယ်၏အပူချိန်ရုတ်တရက်ပြောင်းလဲမှုကြောင့် ကိုယ်ခံအားစနစ်ကိုထိခိုက်ကျဆင်းစေပြီး ရောဂါပိုးများဝင်ရောက်နိုင်သည်။ အအေးမိခြင်း သို့မဟုတ် တုပ်ကွေးဗိုင်းရပ်ပိုးကူးစက်နိုင်ခြေပိုများစေပါသည်။ ထို့ကြောင့် မိုးရာသီတွင် တစ်ကိုယ်ရေသန့်ရှင်းမှုရှိရန် သန့်ရှင်းသောရေကို သောက်သုံးရန်အရေးကြီးပါသည်။

မိုးရာသီတွင် ကိုယ်ခံအားစနစ်ကြံ့ခိုင်စေရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်ကို ဦးစားပေးစားသောက်ရန် အရေးကြီးလှပါသည်။ မိုးရာသီတွင် ပြင်ပအစားအစာများကို ရှောင်ကြဉ်ပြီး အာဟာရရှိသော အစားအစာများကို စားသုံးကြရန်လိုပေသည်။ မိမိတို့၏အိမ်တွင် လတ်လတ်ဆတ်ဆတ်ချက်ပြုတ်ထားသော အသီးအရွက်များ၊ ထမင်းဟင်းများကို ပူပူနွေးနွေးစားသုံးကြရမည်ဖြစ်သည်။ အစားအစာများကို မချက်ပြုတ်မီ၊ ချက်ပြုတ်နေစဉ်နှင့် ချက်ပြုတ်ပြီးလျှင် သေချာစွာဖုံးအုပ်ထားရမည်ဖြစ်ပြီး ယင်နားစာများ၊ အမှည့်လွန်သောအသီးများကို ရှောင်ကြဉ်ကြရမည်ဖြစ်ပေသည်။

ထို့ပြင် ဖြည့်စွက်ဗီတာမင်စီနှင့် ဗီတာမင်ဒီ လုံလောက်ရန်လိုအပ်ပါသည်။ ဗီတာမင်စီသည် မိုးရာသီတွင် ရောဂါပိုးမွှားများကို ကာကွယ်ရန်နှင့် ကိုယ်ခံအားမြှင့်တင်ပေးရန် အကောင်းဆုံးဖြစ်ပြီး ဗီတာမင်စီသည် သာမန်အအေးမိချောင်းဆိုးခြင်း စသည့်အမျိုးမျိုးသော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို တားဆီးပေးရန် အကောင်းဆုံးဖြစ်ပေသည်။

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟုဆိုထားရာ လူတိုင်းလူတိုင်းအနေဖြင့် မိုးတွင်းကာလတွင် ရာသီတုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား၊ အူရောင်ငန်းဖျား စသည့်ရောဂါတို့မဖြစ်ပွားစေရန် အစားအသောက်အနေအထိုင်တို့ဖြင့် သတိပြုကာကွယ်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇွန် ၂၃**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဧရာစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၁၀၄၀၅ ဦး လာရောက် ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြပါတယ်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် စောင်းတန်းကြီးလေးသွယ်ကနေလဲ မန္တလေးတောင်တော်ကို တက်ရောက်ဖူးမြော်ကြပါတယ်။ စောင်းတန်းလမ်းခရီးမှာ အမောပြေနားဖို့ ခုံတွေပြုလုပ်ထားပါတယ်။ ရေချမ်းစင်တွေလဲ ပြုလုပ်ပေးထားပါတယ်။ ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးတွေစိတ်အေးချမ်းသာစွာ အနားယူအပန်းဖြေပြီး ဖူးမြော်ကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်။ မန္တလေးမြို့ရဲ့ အလှအပရှုခင်းတွေကိုလဲ မှန်ဘီလူးတွေနဲ့ ကလေး၊ လူကြီးတွေ ကြည့်ရှုကြတာကိုတွေ့ရပါတယ်။ မန္တလေးတောင်တော်ပေါ်ကို ကား၊ ဆိုင်ကယ်တွေနဲ့ကော၊ စောင်းတန်းတွေကပါ တက်ရောက် ဖူးမြော်ကြသူတွေများပါတယ်"ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၆၈၅ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၇၇၇၁ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေဧရာစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၉၄၉ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဧရာစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဇွန် ၂၃**

မန္တလေး ဈေးကွက်အတွင်း တောင်သာဘက်မှ ထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့်အာလူး ပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို မန္တလေးဈေးကွက်အတွင်း ကုန်သည်များက ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း၊ ပြည်ပနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံဘက်ကလည်း ကြက်သွန်နီများကို ဝယ်ယူမှု ပြန်လည်များပြားလျက်ရှိကြောင်း သိရသည်။

"လက်ရှိ ဆိပ်ဖြူနဲ့မြင်းခြံဘက်ကထွက်တဲ့ ကြက်သွန်နီတွေ မန္တလေးဈေးကွက်ထဲ အရောင်းအဝယ် ပြန်ကောင်းလာတယ်။ အခုလတ်တလော မန္တလေးဈေးကွက်ထဲမှာ တောင်သာဘက်က ထွက်ရှိတဲ့ ကြက်သွန်နီတွေကတော့ အရောင်းအဝယ်တော်တော်လေး ကောင်းမွန်နေပါတယ်"ဟု အောင် ကြက်သွန်နှင့်အာလူး ပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀ ခန့်ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြည်ပနိုင်ငံတွေက ကြက်သွန်နီအဝယ်များရင်တော့ မန္တလေး ဈေးကွက်ထဲ ကြက်သွန်နီ အရောင်းအဝယ်က ဒီထက်ပိုပြီး ကောင်းမွန်လာဖို့ ရှိပါတယ်"ဟု ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# ဧရာဝတီမြစ်ရေများချိန်ကာလ၌ ရေယာဉ်များသွားလာရာတွင် ခက်ခဲနိုင်သည့်နေရာများကို တံစုန်းနုတ်လုပ်ငန်းများဆောင်ရွက်ပေးမည်

**မန္တလေး ဇွန် ၂၃**

ဧရာဝတီမြစ်ရေများချိန်ကာလ၌ ရေယာဉ်များသွားလာရာတွင် ခက်ခဲနိုင်သည့်နေရာများကို တံစုန်းနုတ်လုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ- ၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလဖြစ်သောကြောင့် မြစ်အထက်ပိုင်းဖြစ်သည့် ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော် စသည့်အထက်ပိုင်းဒေသများတွင် ကမ်းပါးပြိုမှုများ ဖြစ်ပေါ်ခြင်းကြောင့် ကမ်းအနီးရှိ သက်တမ်းရင့်သစ်ပင်ကြီးများ မြစ်ရေတိုက်စားခံရသဖြင့် ကျိုးကျပျက်စီးပြီး အပင်လိုက်အပြင် အတိုအစ(တံစုန်း)များ ရေထဲမျောပါလာနိုင်ခြင်းကြောင့် ကုန်တင်ရေယာဉ်နှင့် ခရီးသည်တင်ရေယာဉ်များ သတိပြုသွားလာရန်လိုအပ်ကြောင်း သိရသည်။

"အခု လတ်တလောကတော့ ကမ်းပြိုတာတွေမရှိသေးတဲ့အပြင် တံစုန်းတွေလဲ ကြီးကြီးမားမားမျောပါလာတာမျိုးတွေ မရှိသေးပါဘူး။ တကယ်လို့ တံစုန်းတွေမျောပါလာပြီး ရေယာဉ်တွေ ရေကြောင်းသွားလာဖို့ အခက်အခဲဖြစ်ရင်တော့ တံစုန်းနုတ်လုပ်ငန်းတွေကိုဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလဖြစ်သောကြောင့် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက် သွားလာကြမည့် ကုန်တင်ရေယာဉ်များနှင့် ခရီးသည်တင်ရေယာဉ်များ အဆင်ပြေစွာ သွားလာနေသော်လည်း ရေပေါ်၊ ကမ်းပေါ်တွင် စိုက်ထူပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို အထူးဂရုပြုသွားလာကြရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် လှိုင်းတက်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သာစည် ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် လှိုင်းတက်ကျေးရွာအုပ်စု လှိုင်းတက်ကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၂ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများ ရွေးချယ်နိုင်ရန် ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၁ ဦးကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

လှိုင်းတက်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၂၂ လမ်း ပေါက္ကူရိပ် လမ်း ၉၀-၉၁ လမ်းကြားနေ ဦးဇော်ဝင်း-ဒေါ်ခင်သန်းဝင်း မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

# ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၃၀၂၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၃၀၂၃ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မိုးစပါး ၁၄၃၀၂၃ ဧကကို ဇူလိုင်လအတွင်း စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးစပါး ၁၄၃၀၂၃ ဧကကို ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနစသည့် ဆက်စပ်ဌာနများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ငပုတောမြို့နယ်မှာ မိုးစပါး ၁၄၃၀၂၃ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ မိုးစပါး စိုက်ပျိုးရာမှာ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်စေဖို့အတွက် အသိပညာပေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားမှာပါ။ ဒါမှလဲ ရိတ်သိမ်းတဲ့အခါမှာ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း စပါးတွေ ထွက်ရှိမှာဖြစ်ပါတယ်”ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးများ လျာထားချက်ပြည့်မီစေရန် စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်သည့်လုပ်ငန်းများ၊ ကွင်းသရုပ်ပြခြင်း၊ ရေစိမ့်ပေါက်၊ ရေထွက်ပေါက်များရှာဖွေခြင်း၊ စပါးအထွက်နှုန်းကောင်းစေရန် နည်းပညာများပို့ချခြင်း စသည့်လုပ်ငန်းများကိုကြိုတင်စီမံဆောင်ရွက်ပေးထားကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကြံခင်းမြို့နယ် စခန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြံခင်း ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ စခန်းကြီးကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၂၂ ရက်က အဆိုပါ ကျေးရွာစုရပ်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်း သတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၃၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ဧက ၂၈၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရမည်းသင်း ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းဧက ၂၈၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၇၅၉၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလနောက်ဆုံးပတ်မှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၈၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်စိုက်ဧကများကို ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရမည်းသင်းမြို့နယ်မှာ ပြောင်း ၇၅၉၉ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာ ဧက ၂၈၁၀ စိုက်ပျိုးပြီးစီးပါပြီ။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်။ ဒ့ါပြင် ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့အတွက်လဲ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်။ ပြောင်းကိုတစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပါတယ်။ ရမည်းသင်းမြို့နယ်မှာ ပြောင်းကို ကျွဲ၊ နွားစာအတွက် အဓိကစိုက်ပျိုးကြပါတယ်။ ဒီလိုစိုက်ပျိုးတာကလဲ ကျွဲ၊ နွားစာ ဖူလုံစေဖို့အတွက်ပါ။ အခုလို စိုက်ပျိုးတာကြောင့် ကျွဲ၊ နွားစာတွေဟာ အန္တရာယ်ကင်းရှင်းပြီးတော့ စိတ်ချစွာကျွေးမွေးလို့ ရပါတယ်” ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပြောင်းသီးနှံများ အောင်မြင်ထွန်းစေရန် စိုက်ပျိုးရေးဆိုင်ရာသင်တန်းများ၊ အထွက်နှုန်းကောင်းမွန်စေရန် စိုက်နည်းစနစ်မှန်ကန်စေရေးတို့အတွက် နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးသည့်အပြင် ကွင်းသရုပ်ပြပွဲများ၊ ဖောင်မြှောင်တောင်ပိုးနှိမ်နင်းနည်းများ၊ တောင်သူများလိုအပ်သည့် နည်းပညာများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၁၈၅)



# သတင်းစကားနဲ့ပြန်ကြားရေး

ချစ်နိုင်(စိတ်ပညာ)

**ယခင်တစ်ပတ်မှအဆက်**

အနုပညာနယ်ပယ်တစ်ခုချင်းစီရဲ့ သမိုင်းခေတ်သမိုင်းအခါအလျောက် အသီးသီးတစ်ထောင့်တစ်နေရာစီမှ ကောင်းကျိုး ဆိုးကျိုးပြုနိုင်ကြပုံတွေကို လေ့လာတွေ့ရှိနိုင်ပါတယ်။ နမူနာ ဇာတ်သဘင်အနုပညာကိုပင် ကောက်နုတ်ကြည့်ရင် သိနိုင်ပါတယ်။ အနုပညာမြောက်ရင် မြောက်သလောက် ပွဲကြည့်ပရိသတ်ကို ဆွဲဆောင်လွှမ်းမိုးခဲ့ပါတယ်။

ဗြိတိသျှအစိုးရအုပ်စိုးချိန်ကာလမှာ အဲဒီအချိန်က အောင်မြင်ကျော်ကြားတဲ့ ဇာတ်ဆရာ၊ ဇာတ်မင်းသားတို့ဟာ ဒီလိုဇာတ်လမ်းတွေနဲ့ ပရိသတ်ကိုလွှမ်းအောင်၊ ငိုအောင် အဆိုအတီးအကအပြတွေနဲ့ ဆွဲဆောင်သိမ်းသွင်းခဲ့တယ်။

(က) ကုလားရွှေဖျင်းညီနောင်က ဇာတ်လိုက်။ ပုဂံခေတ်မြန်မာဘုရင် အနော်ရထာနဲ့ ကျန်စစ်သားက လူကြမ်းကုန်းရုပ်။

(ခ) ကုလားဖျတ်ဝိနဲ့ မွန်အမျိုးသမီးမအိုဇာ။

ဒါတွေကပွဲကြည့်ပရိသတ်ကို သွယ်ဝိုက်တဲ့နည်းနဲ့ဇာတ်ဆရာက နိုင်ငံခြားသားကို မြန်မာအမျိုးသမီးတွေယူကြဖို့ အားပေးသလိုဖြစ်ခဲ့လေမလား။

အမျိုးသားလွတ်မြောက်ရေး နယ်ချဲ့ဆန့်ကျင်ရေး ဖက်ဆစ်တော်လှန်ရေး မြန်မာ့နိုင်ငံရေးလှုပ်ရှားမှုကြီးအားလုံးမှာ ဂီတစွမ်းအားဟာ အရှိန်အဟုန်နဲ့ပါဝင်အားပေးထောက်ခံခဲ့ကြပါတယ်။ အမျိုးသားလွတ်လပ်ရေးအတွက် ပြည်သူကိုလှုံ့ဆော်ခဲ့တဲ့ "တို့ဗမာအသင်းသီချင်း"ဟာ ကျယ်ပြန့်ထိရောက်ခဲ့လို့ နိုင်ငံတော်သီချင်းမှာပင် တေးသွားသံစဉ်အလိုက် ယူထားပြန်တာတွေ့ရပါမယ်။

YMB သခင်တင်အလားတူ ရွှေတိုင်ညွန့်၊ မြို့မငြိမ်း၊ နန်းတော်ရှေ့ဆရာတင်တို့ဟာလည်း အမျိုးသားရေးအားမာန်ကို ထိထိရောက်ရောက် ဂီတစွမ်းအားနဲ့ အထောက်အကူပေးခဲ့ကြပါတယ်။ တိုက်ရိုက်နည်း၊ သွယ်ဝိုက်တဲ့နည်း၊ အမျိုးမျိုးနဲ့ပါ။ မန္တလေးက ဆရာမြို့မငြိမ်းဟာ အမျိုးသားနေ့သီချင်းကိုပင် ငါးပုဒ်တိတိ ငါးကြိမ်ရေးဖွဲ့ သီကုံးခဲ့ပါတယ်။ လက်ရှိ အနုပညာလောကရဲ့ နိုင်ငံတော်အကျိုးပြုနေပုံတွေကို မပြောတော့ပါ။

(အချိန်ကိုင့်သောအားဖြင့်ပါ)

ရုပ်ရှင်ခေတ်စားလာတဲ့ ၂၀ ရာစုခေတ်မှာ ဗြိတိသျှအင်္ဂလိပ်နဲ့ အမေရိကန်ဟောလိဝုဒ်တို့ဟာ ကမ္ဘာ့ကို နိုင်ငံရေး၊ စီးပွားရေးအရ နယ်ချဲ့ရုံမျှမက ရုပ်ရှင်အနုပညာနဲ့လည်း လွှမ်းမိုးသြဇာဖြန့်ကြက်ပါတယ်။ နမူနာပြစရာတွေအများကြီးပါပဲ။ ဂျိမ်းစ်ဘွန်းလိုမျိုးပေါ့။

တရုတ်ဟောင်ကောင်၊ ဂျပန်၊ အိန္ဒိယဘောလိဝုဒ်နဲ့ ကိုရီးယားနိုင်ငံတို့ဟာ ရုပ်ရှင်လုပ်ငန်းတွေ ထုတ်လုပ်အောင်မြင်လို့ စီးပွားရေးအကျိုးရှိသလို အနုပညာနဲ့ ပြည်ပကိုလွှမ်းမိုးနိုင်တဲ့ နိုင်ငံရေးနဲ့ယဉ်ကျေးမှုအကျိုးအမြတ်တွေပါ ပြန်ကြားရေး၊ ဖျော်ဖြေရေးနယ်ပယ်က ရခဲ့ကြပြန်ပါတယ်။

(က) ဂျပန်ရဲ့ အိုရှင်းဇာတ်လမ်းတွဲ

(ခ) ကိုရီးယားရဲ့ ချန်ဂင်ဘုရင့်သမားတော် (လီယောင်အေး၊ ဇာတ်လမ်းတွဲ)၊ ရေတပ်ဗိုလ်ချုပ် လီဆွန်ရှင်း

(ဂ) အိန္ဒိယရဲ့ ကမ္ဘာကျော်ဇာတ်ကားများ

ပြန်ကြားရေးမှာ အနုပညာနယ်ပယ်အသီးသီးကို လေးလေးစားစား၊ တိုင်တိုင်ပင်ပင်နဲ့ အနုပညာရှင်တွေရဲ့ တီထွင်ဖန်တီးနိုင်စွမ်းကို ကြရည်ကြိတ်စက်နဲ့ညှစ်ထုတ်သလို ဖိအားပေးပြီး အကောင်းဆုံးအသုံးချတတ်ရင်ထိရောက်ပါမယ်။ မှန်ကန်ဖို့ ဖြန့်ဆန့်ဖို့ လိုအပ်သလို ပြန်ကြားရေးက ထိရောက်ရတယ်။ စာပေ၊ ဇာတ်သဘင်၊ သီချင်းဂီတ၊ ရုပ်ရှင်၊ ပန်းချီ၊ ဓာတ်ပုံ စတဲ့အနုပညာရှင်တွေကို သာမန်လူတွေထက် ခံစားမှုရှိတတ်သူတွေအဖြစ် အလေးထားပြီး ရင်းရင်းနှီးနှီးနဲ့ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နဲ့ လွတ်လပ်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ နိုင်ငံရေးအသိအမြင်မှန်ကန်အောင် သင်တန်းပေးတာမျိုး စသဖြင့် ထိရောက်စွာပုံသွင်း(ဦးနှောက်ဆေး) သင့်ရင် ဆေးပေးသင့်တာပဲ။ သမ္မတရား လေးပါး၊ အောင်မြင်ကြီးပွားစေကြောင်း လေးပါးထဲက အာရက္ခသမ္မာ၊ လုံ့လ်ပြုစွာကာကွယ်ပါဆိုတာ ပြန်ကြားရေးက နိုင်ငံသားတွေရဲ့ အမျိုးသားစိတ်ကိုကာကွယ်နိုင်စွမ်းလည်း ပါဝင်တယ်။

ပြည်သူ့ဝန်ထမ်းတွေထဲမှာ သစ္စာရှိမှု၊ ထက်မြက်မှုကို ဝန်ထမ်းအားလုံးဆီကလိုအပ်ပေမယ့် ပြန်ကြားရေးနဲ့ သတင်းအလုပ်တာဝန်ထမ်းဆောင်ရသူတွေက ပိုပိုလိုအပ်တာတွေ့ရတယ်။ မြန်မာဆိုင်းအဖွဲ့ထဲက နဲ့သမားလို ဆိုင်းဆရာတီးကွက်ကို သမားစဉ်အစီအစဉ်အရဖြစ်ဖြစ်၊ ကျပန်းဖြစ်ဖြစ်၊ "ထက်ကြပ်မကွာ ပတ်တစ်လုံးနဲ့တစ်ပေါက်"ကပ်ပြီး တွဲဖက်ရတဲ့ဌာန မျိုးမို့ပါပဲ။

အနုပညာစွမ်းရည်မြင့်မားလေလေ စွမ်းဆောင်ချက်မြင့်မားလေလေဖြစ်လို့ပဲ ပြန်ကြားရေးအပိုင်းက ခေတ်မီပြီးစွမ်းအားကောင်းလေလေ နိုင်ငံရေး၊ စစ်ရေးအားပြိုင်ရတဲ့ တိုက်စစ်၊ ခံစစ်တွေမှာ ကောင်းစွာအထောက်အကူပေးနိုင်လေလေဖြစ်ကြောင်း တွေ့ရပါတယ်။ "လောကအမြင်အကြားတို့ဖြင့်ပြီးသော အနုပညာလက်ရာမှန်သမျှသည် နှစ်သက်ခြင်းပီတိနှင့်တကွ လောကအမြင်အကြားတို့ကိုပါ ပေးတတ်သည်ဟု ဆိုကြလေသည်။ ထိုစကားမှန်လှပေသည်"ဟု အမျိုးသားစာဆိုကြီးတစ်ဦးဖြစ်သော ဆရာဇော်ဂျီ(ဦးသိန်းဟန်)(၁၉၀၇-၁၉၉၀)က သူ၏ ဇော်ဂျီကာစာအုပ်မှာစာ(၁၉၅၅)မှာ ဖော်ပြခဲ့ပါတယ်။ အနုပညာနဲ့ဆိုရင် အခက်အခဲအကျပ်အတည်းတွေကို ဖြတ်ကျော်အောင်မြင်လွယ်ကူစေပါတယ်။ ပညာစွမ်းအားက ထိရောက်တယ်။

ပြန်ကြားရေး၊ ဆက်သွယ်ခြင်း၊ ဆက်ဆံခြင်းသဘောတွင် တစ်ဖက်သားက နားဝင်လက်ခံအောင် ဆွဲဆောင်ပြောဆိုခြင်း၊ ရေးသားခြင်းဟာ အနုပညာလည်းပါတယ်။ အတတ်ပညာလည်း လိုအပ်တယ်။ အောက်ပါစံသဘောလက္ခဏာတွေကို သိရင်၊ သုံးရင် ထိရောက်ပါတယ်။

(က) မှန်ကန်ခြင်း Correct, Right
(ခ) ရှင်းလင်းခြင်း Clear, Clean
(ဂ) ကျစ်လျစ် Concise
(ဃ) လိုက်ဖက် Compatible
(င) ဆီလျော် Current
(စ) နားရှင်း Comprehensible
(ဆ) တိကျ Exact
(ဇ) ပြေပြစ် Elegant
(ဈ) အလှရသ Aesthetic
(ည) အနုပညာ Artistic

တကယ်တမ်းပြန်ကြားရေး ဒါမှမဟုတ် သတင်းစကားပေးပို့ရေးအလုပ်ဟာ အဓိက မိမိလိုဘပြည့်ဖို့ သူတစ်ဖက်သားက လိုက်လျောလက်ခံဖို့အရေးကိစ္စပဲ။ ပညာပေးရန်ဆိုပါတော့။ ဒါပေမဲ့ ပစ်မှတ်ခေါင်းထဲကို ကိုယ်ပို့ချင်တာရောက်ဖို့ဟာ သတင်းအချက်အလက် အဆက်မပြတ်ဆက်သွယ်ပေးရခြင်းက လိုအပ်ပြန်ပါတယ်။ အဲဒီပေးပို့ချက်တွေကို (သတင်းပေးသမျှ၊ ပညာပေးသမျှ အပြည့်အဝ) တစ်ဖက်သားဆီရောက်ဖို့ ယာဉ်အဖြစ် ပို့ဆောင်ပေးတာက ခံစားမှုရသအနုပညာရဲ့ "အရည်အသွေး၊ တန်ဖိုး" အရေးကြီးပြန်ပါရော။ စကားအပြောအဆို၊ စာအရေးအသား၊ ကိုယ်ခန္ဓာအမူအရာအပါအဝင်ပေါ့။

စကားအလျဉ်းသင့်လို့ ပညာရေးလောက၊ သင်ကြားရေးအခြေခံသဘောတရားထဲက ငါးနှစ်အောက်ငယ်ရွယ်သော ကလေးသူငယ်(အဖြူထည်)တွေကို

❖ ယနေ့ခေတ်က ပညာခေတ်၊ နည်းပညာခေတ်၊ အဆင့်မြင့်နည်းပညာခေတ်ဖြစ်ပါတယ်။ ပညာရဲ့တန်ဖိုးနဲ့တန်ခိုးဟာ အရာရောက်လှပါတယ်။ အရေးပါတယ်။ ခေတ်ကပြိုင်ဆိုင်ရတဲ့ခေတ်ပါ။ နောက်ဆုတ်လို့လည်း မရဘူး။ အရှုံးပေးလို့လည်း မရဘူး။ ဘေးထွက်ထိုင်နေမယ်ဆိုလည်း မရဘူး။ မနိုင်နိုင်အောင်ယှဉ်ပြိုင်ရမယ်။ သူများထက်သာအောင် ပိုမိုကြိုးစားကြရမယ်။ သူများထက်သာလွန်တဲ့ စိတ်ခွန်အားယုံကြည်ချက်၊ ဇွဲသတ္တိ၊ လုံ့လဝီရိယရှိရပေမယ်။ ဒီပြိုင်ပွဲမှာ အခွင့်အလမ်းတွေအများကြီးပါ။ ဘာသာစကားကျွမ်းကျင်မှုကိုလည်း မြှင့်တင်ထားကြရပါမယ်။ ❖

သင်နည်းစနစ် လေးမျိုးနဲ့သင်ရတဲ့ သဘောနဲ့ယှဉ်ကြည့်ပါ။

(က) တေးဂီတဖြင့် ရသခံစားစေ၍ သင်ပြရခြင်း။
(ခ) ပန်းချီဖြင့် အရောင်အရုပ်အမြင်အာရုံအရ သင်ပြခြင်း။
(ဂ) လက်မှုဖြင့် ရွှံ့၊ စက္ကူ၊ ဂျုံ အရုပ်မျိုးစုံလုပ်စေခြင်း။
(ဃ) ကစားနည်းဖြင့် တည်ဆောက်မှု၊ ဆိုမှု၊ ကမှု၊ ပြေးလွှားမှု၊ ခုန်ပေါက်မှု၊ သင်ပြခြင်း။

**အတတ်ပညာလွှမ်းမိုး**

လူနှင့်စက်ကိရိယာ၊ ဆက်သွယ်ရေးဆိုင်ရာနည်းပညာ စသည်တို့သည် ၂၁ ရာစုကာလတွင် လွှမ်းမိုးနိုင်စွမ်းကြီးမား၍ ထိရောက်ကြောင်းသိရှိလာကြတဲ့အလျောက် တစ်ဖက်ဆန့်ကျင်ဘက်အင်အားစုကော မိမိတို့ကပါ အပြိုင်အဆိုင်အလုအယက် အင်အားပိုမိုကောင်းမွန်အောင်တည်ဆောက်ကြံတွင်ကြရပါတယ်။ လူအင်အားများစွာလိုတဲ့အခါလည်းရှိသလို လူဦးရေအနည်းအကျဉ်းမျှနဲ့ ကြီးမားတဲ့အောင်မြင်မှုရလဒ်ရအောင်လည်း စွမ်းဆောင်နိုင်တယ်။

စစ်ရေး၊ နိုင်ငံရေး၊ သံတမန်ရေး၊ သူလျှိုလုပ်ငန်းတွေလိုပဲ ပြန်ကြားရေးမှာ နည်းပညာခေတ်မီကျွမ်းကျင်စွာအသုံးချရေးဟာ မရှိမဖြစ်လိုအပ်ချက်ဖြစ်ပေတယ်။

အထူးသတိပြုအပ်တဲ့အချက်က ဘက်ပေါင်းစုံစစ်ဆင်နွှဲခြင်း (Multidimensional Warfare) မှာ သတင်းပြန်ကြားရေးနဲ့ မီဒီယာအသာစီးရအောင် အဘက်ဘက်က ကြိုတင်ပြင်ဆင်စီမံထားဖို့ လိုအပ်နေပါတယ်။

**ဆောင်ရန်ရှောင်ရန်**

ယနေ့ခေတ်က ပညာခေတ်၊ နည်းပညာခေတ်၊ အဆင့်မြင့်နည်းပညာခေတ်ဖြစ်ပါတယ်။ ပညာရဲ့တန်ဖိုးနဲ့တန်ခိုးဟာ အရာရောက်လှပါတယ်။ အရေးပါတယ်။

ခေတ်ကပြိုင်ဆိုင်ရတဲ့ခေတ်ပါ။ နောက်ဆုတ်လို့လည်း မရဘူး။ အရှုံးပေးလို့လည်း မရဘူး။ ဘေးထွက်ထိုင်နေမယ်ဆိုလည်း မရဘူး။ မနိုင်နိုင်အောင်ယှဉ်ပြိုင်ရမယ်။ သူများထက်သာအောင် ပိုမိုကြိုးစားကြရမယ်။

သူများထက်သာလွန်တဲ့စိတ်ခွန်အားယုံကြည်ချက်၊ ဇွဲသတ္တိ၊ လုံ့လဝီရိယရှိရပေမယ်။ ဒီပြိုင်ပွဲမှာ အခွင့်အလမ်းတွေအများကြီးပါ။ ဘာသာစကားကျွမ်းကျင်မှုကိုလည်း မြှင့်တင်ထားကြရပါမယ်။ လုပ်ငန်းခွင်သင်တန်းများ။

ဒုတိယကမ္ဘာစစ်အပြီးမှာ နယ်ချဲ့အုပ်ချုပ်သူများလက်အောက်မှ ရုန်းကန်ခဲ့ကြရတဲ့ အာရှနိုင်ငံတွေဟာ အရှုံးပြုပုံထဲက လူးလဲပြီးထခဲ့ရတာပါ။ မိမိတို့ထက်ပိုဆိုးခဲ့ကြတာပါ။

စစ်ရှုံးနိုင်ငံ ဂျပန်အပါအဝင် တရုတ်၊ ကိုရီးယား၊ စင်ကာပူ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဗီယက်နမ် စတဲ့နိုင်ငံတွေဟာ အခက်အခဲအမျိုးမျိုးကြားက တိုးတက်ရှင်သန်အောင် ကြိုးစားလာခဲ့ရတာ ၂၁ ရာစု ရောက်တဲ့အခါ အာရှအားကောင်းတဲ့ အနာဂတ်ခေတ်သစ်ဆီကို ဦးတည်နေပါပြီ။

မလေးရှားက အတင်းကန်ထုတ်ပစ်လိုက်လို့ သောင်ပြင်လွတ်တဲ့ ဟင်္သာတစ်ကောင်လို စင်ကာပူကျွန်းနိုင်ငံငယ်လေးဟာ ရွှံ့နွံထဲက တဲပုတ်တွေနဲ့တင်ရှာဆင်းရဲသားတွေပါပဲ။ ခေါင်းဆောင်လီကွမ်ယုက ဝမ်းနည်းရှိုက်ငိုငိုယိုရင်းပဲ လွတ်လပ်ရေးမိန့်ခွန်းကိုပြောတယ်။ မြန်မာပြည်လိုဖြစ်အောင် ၁၀ နှစ်အတွင်းဖြစ်ရမယ်၊ ရန်ကုန်လေဆိပ်၊ ရန်ကုန်မြို့ပြတည်ဆောက်မှုတွေ အတုယူနမူနာထားလုပ်ကြမယ်တဲ့။

အလားတူပဲ အစားအစာမလုံလောက်လို့ နှစ်စဉ်ငတ်မွတ်ခေါင်းပါးမှုဘေးကြောင့် လူဦးရေ သန်းနဲ့ချီသေဆုံးနေကြတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း ချွေးနဲ့ရင်းပြီး စိုက်ပျိုးရေးကို ထူထောင်ခဲ့ရတယ်။ ဘာသာရေးအငြင်းပွားမှု ဝိရောဓိတွေ၊ အဓိကရုဏ်းတွေနဲ့မညီညွတ်တဲ့ အိန္ဒိယဟာ ခေတ်နောက်ကျစွာဆင်းရဲနေရာမှ လုံးချာလုံးချာကြိုးစားကြရင်း သိပ္ပံနဲ့နည်းပညာပါရှေ့တန်းရောက်လာတဲ့ စီးပွားရေးကောင်းတဲ့ နိုင်ငံကြီးဖြစ်လာခဲ့ပြီ။ အိန္ဒိယအမည်ကိုတောင် ဘဟာရတ်နိုင်ငံလို့ပြောင်းမယ်ဆိုပဲ။ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ အဏုမြူလက်နက် ပိုင်ဆိုင်ကြတဲ့နိုင်ငံကြီးတွေဖြစ်နေပြီ။


ကျွန်းစုတွေများစွာစုပေါင်းထားတဲ့ အင်ဒိုနီးရှားအပါအဝင် မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားတို့တောင် မိမိတို့ကို ကျော်တက်ပြီးဖွံ့ဖြိုးသွားကြပေပြီ။

အခြေအနေ၊ အခက်အခဲ၊ အကျပ်အတည်းတွေနဲ့အတားအဆီးတွေက မတူကြပေမယ့် စိတ်ဓာတ်၊ စည်းလုံးညီညွတ်ရေးနဲ့ စွမ်းရည်မြင့်မားရေး၊ ပညာရေးနဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ အေးချမ်းတည်ငြိမ်ရေးကတော့ မရှိမဖြစ်လိုအပ်ချက်တွေပဲ။ နေရာတကာ သူများတကာဆီ တပည့်ခံအောက်ကျို့စရာမလိုပေမယ့်လည်း သူများတကာရဲ့ ဘေးချော်ကျပုံ၊ လွဲမှားခဲ့ပုံတွေကို သင်ခန်းစာယူပြီးအောင်မြင်ကြပုံ၊ ပြုပြင်ကြပုံတွေကို အတုယူ၊ ပညာယူရပေမယ်။ ပြည်သူတွေက သမိုင်းကိုအကြောင်းနဲ့အကျိုးနဲ့သိရမယ်။ ပထဝီဝင်ကို အားသာချက်၊ အားနည်းချက်တွေပါ မြင်တတ်ရမယ်။ ပြန်ကြားရေးဟာ နောက်ကျလို့မရ။

(တရုတ်ကလည်း အင်အားတောင့်တင်းရေး၊ ထိုင်းကလည်း Greater Thailand၊ ပိုမိုကြီးမားတဲ့နိုင်ငံ၊ ဘင်္ဂလားကလည်း Greater Bangladesh ပိုမိုကြီးမားတဲ့ ဂရိတ်တား ဘင်္ဂလားဒေ့ရှ်ဖြစ်ရေးဆိုပါလား။ ဒါတွေသတိထားနေတတ်ရမှာပေါ့)

**(ဆက်လက်ဖော်ပြပါမည်)**

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ကျုံပျော်ခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲပုပ် ၆၄၈၁ ဧက ရိတ်သိမ်းပြီးစီး



**ကျုံပျော် ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲပုပ် ၆၄၈၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက ပဲပုပ် ၆၄၈၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော ပဲပုပ်စိုက်ခင်းများကို ယခုနှစ် မတ်လ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၉ ဒသမ ၁၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ကျုံပျော်ခရိုင်မှာ အခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက ပဲပုပ်ဧက ၆၄၈၁စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနေ့မှာတော့ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲပုပ်စိုက်ခင်းတွေကို လျာထားဧကအတိုင်း အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ ဒေသခံတောင်သူတွေနဲ့စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ တောင်သူတွေအနေနဲ့လဲ ပဲပုပ်ကိုမနှစ်ကစိုက်ဖူးတဲ့ အတွေ့အကြုံရှိပါတယ်။ မျိုးတွေကတော့ တောင်သူတွေ စနစ်တကျရွေးချယ်ဝယ်ယူထားတဲ့မျိုးတွေနဲ့ ဒေသမြေအနေအထား ရာသီဥတုနဲ့ ကိုက်ညီတဲ့မျိုးတွေကို အဓိကထားစိုက်ပျိုးခဲ့ပါတယ်"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်ခရိုင်တွင် ယခုနှစ် စိုက်ပျိုးသည့် ပဲပုပ်များ တစ်ဧကချင်းစီအလိုက် အထွက်နှုန်းကောင်းစေရန်၊ အရည်အသွေးကောင်း ပဲပုပ်များ ထွက်ရှိစေရန်အတွက် မြေယာပြုပြင်ခြင်းလုပ်ငန်းများ၊ မြေဩဇာအသုံးပြုနည်းများ၊ ပိုးသတ်ဆေးစနစ်တကျအသုံးပြုနည်းများ၊ ရေအသုံးချမှုပိုင်းဆိုင်ရာများ၊ စိုက်ပျိုးနည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စဥ့်ကူးမြို့နယ် ဆီဆုံကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**စဥ့်ကူး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဥ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၂ ရက် နံနက်ပိုင်းက ဆီဆုံကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စဥ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ကျေးရွာလိုအပ်ချက်ကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ရွေးချယ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းစနစ်ဖြင့် ဆောင်ရွက်ရသော စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ VDP စီမံကိန်း တာဝန်ခံ ဦးကျော်သက်ထွေးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်ရွေးချယ်မှု သက်မှတ်ချက်များ၊ စီမံကိန်းရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကာ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းကို ကျေးရွာလူထုက ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

စဥ့်ကူးမြို့နယ်၌ ယခုဘဏ္ဍာနှစ်တွင် ဆီဆုံကျေးရွာအပါအဝင် ကျေးရွာ ငါးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာလူထုထည့်ဝင်ငွေတို့နှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းထံမှ သိရသည်။

**ချစ်ဦးကို**

## သွေးလွန်တုပ်ကွေးအန္တရာယ် သတိပြုဖွယ်

- ရေအိုးကို ဖုံး သွန် လဲ
စစ် ခပ် အမြဲ လောင်း ဖွင့် ပြောင်
မြှုပ် ရှင်း ထည့် ဆောင်၊
ဆေးစိမ်သော ခြင်ထောင်
ခြင်ကျားရှောင် နိုင်ဖို့အရေး၊
ယခုချိန် မိုးတွင်း
မပျင်းအလေးပေး။

- လူကြီးပါ ကလေး
သွေးလွန်တုပ်ကွေး အန္တရာယ်
သတိပြုဖွယ်၊
အေးဒိစ်ခြင်ကျား တုပ်ရင်ကွယ်
အဟုတ်တကယ် ဒုက္ခ၊
ညနေချိန် အရုဏ်ကျင်း
နေ့ခင်းတုပ်လှ။

- ကြိုတင်ကာ နှိမ်နင်းကြ
အဓိက ပိုးလောက်ပေ
ရေထဲမှာနေ၊
အသိရှိစို့ တို့တစ်တွေ
ပူးပေါင်းမလေ ဆောင်ရွက်အား၊
စက်သုံးဆီ အဟောင်း
ပေါင်းထည့်ပေ့ါဆား။

- နေရာစုံ စျေးကျောင်းများ
သန့်ရှင်းစွာထား ကြပါလျှင်
ခြင်များကင်းစင်၊
မြို့နယ်ရွာတိုင်း လိုက်နာအစဉ်
အသိဝင်ကြပါလို့၊
အန္တရာယ် သွေးလွန်တုပ်ကွေး
ရှောင်ပြေးစေဖို့။ ။

**ခေတ်သစ်(ကြွေပုဂံ)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။




# လျှပ်စစ်မော်တော်ယာဉ်များအပေါ် အခွန်စည်းကြပ်မှုမြှင့်တင်မည့်အစီအစဉ် ဆွေးနွေးညှိနှိုင်းရန် တရုတ်နှင့်ဥရောပသမဂ္ဂတို့သဘောတူ



**ပေကျင်း ဇွန် ၂၃**

ဥရောပဈေးကွက်သို့ တင်ပို့နေသည့် တရုတ်နိုင်ငံထုတ် လျှပ်စစ်မော်တော်ယာဉ်များအပေါ် အခွန်စည်းကြပ်မှုမြှင့်တင်မည့်အစီအစဉ်နှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန် တရုတ်နှင့် ဥရောပသမဂ္ဂ(အီးယူ)တို့က သဘောတူထားသည်ဟု ဇွန် ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

တရုတ်လျှပ်စစ်မော်တော်ယာဉ်များအပေါ် အခွန်စည်းကြပ်မှုမြှင့်တင်မည့် အီးယူ၏ အစီအစဉ်နှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးရန် သဘောတူထားမှုကို တရုတ်နှင့်အီးယူနှစ်ဖက်စလုံးမှ ထိပ်တန်းတာဝန်ရှိသူများက အတည်ပြုထားသည်။

တရုတ်အစိုးရအနေဖြင့်တရုတ်ပြည်တွင်းလျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းများကို အလွန်အကျွံစိုက်ထုတ် ပံ့ပိုးပေးနေမှုကြောင့် တရုတ်လျှပ်စစ်မော်တော်ယာဉ်များအပေါ် အခွန်စည်းကြပ်မှုမြှင့်တင်ရန် ဥရောပသမဂ္ဂက အဆိုပြုထားသည်။

အီးယူ၏ အဆိုပါအစီအစဉ်အရ လာမည့် ဇူလိုင် ၄ ရက်မှစ၍ ဥရောပဈေးကွက်အတွင်းဝင်ရောက်လာသည့် တရုတ်လျှပ်စစ်မော်တော်ယာဉ်များကို ၃၈ ဒသမ ၁ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်မှုမြှင့်တင်မည်ဖြစ်သည်။

သို့သော် လျှပ်စစ်မော်တော်ယာဉ်ပြဿနာအငြင်းပွားမှုပြင်းထန်လာပါက တရုတ်နှင့် ဥရောပသမဂ္ဂတို့ကြား ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားနိုင်ကြောင်း တရုတ်နိုင်ငံက သတိပေးထားသည်။

တစ်ချိန်တည်းမှာပင် ဥရောပသမဂ္ဂကလည်း တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးစစ်ပွဲ ဖြစ်ပွားမည့်အရေးကို ရှောင်ရှားရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# တောင်တရုတ်ပင်လယ် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းလိုကြောင်း ဖိလစ်ပိုင်သမ္မတ ပြောကြား

**မနီလာ ဇွန် ၂၃**

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် စစ်ပွဲများကို စတင်ရန် အကြောင်းမရှိဘဲ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရန် ရည်ရွယ်ထားကြောင်း ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်က ယနေ့တွင် ပြောကြားခဲ့သည်။

ပိုင်ဆိုင်ခွင့်အငြင်းပွား တောင်တရုတ်ပင်လယ်ဒေသ၌ တရုတ်နှင့် ဖိလစ်ပိုင်တို့ကြား ပင်လယ်ရေကြောင်းထိပ်တိုက်ရင်ဆိုင်မှုများ ပြင်းထန်လာသောကြောင့် ဖိလစ်ပိုင်သမ္မတ၏ အဆိုပါပြောကြားချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

နိုင်ငံတော်ကို ကာကွယ်ရာတွင် ဖိလစ်ပိုင် အမျိုးသားတို့၏ သဘာဝအလျောက် မိမိတို့အနေဖြင့် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရန်သာ အမြဲတမ်းရည်ရွယ်ထားကြောင်း ဖိလစ်ပိုင်သမ္မတက ပြောကြားခဲ့သည်။

ဖိလစ်ပိုင် တပ်မတော်၏ အနောက်ဘက်ဒေသစစ်ဌာနချုပ်၌ ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံစဉ် သမ္မတမားကို့စ်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်အနောက်ဘက်ဒေသစစ်ဌာနချုပ်သည် တောင်တရုတ်ပင်လယ်ဒေသအတွက် တာဝန်ရှိသည့် စစ်ဌာနချုပ်ဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း တောင်တရုတ်ပင်လယ်ဒေသပိုင်ဆိုင်ခွင့်အငြင်းပွားရေပြင်များ၌ တရုတ်နှင့် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်များကြား ထိပ်တိုက်ရင်ဆိုင်မှုများ ဆက်တိုက်ဆိုသလိုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# ဟိုက်ဒရာကျွန်း တောမီးလောင်ကျွမ်းမှုအတွက် ရှက်သဘော်ဝန်ထမ်းများနှင့် ခရီးသည်များကို ဂရိဖမ်းဆီး

**အေသင် ဇွန် ၂၃**

ဟိုက်ဒရာအမည်ရှိ ကျွန်းတစ်ကျွန်းပေါ်တွင် တောမီးလောင်ကျွမ်းခဲ့မှုနှင့်ပတ်သက်၍ ဂရိတာဝန်ရှိသူတစ်ဦးက ဇိမ်ခံရွက်လှေတစ်စီးမှရေယာဉ်ဝန်ထမ်းနှင့် ခရီးသည် ၁၃ ဦးကို ဖမ်းဆီးထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါရွက်သင်္ဘောမှပစ်လွှတ်ခဲ့သည့် မီးရှူးမီးပန်းများကြောင့် ဟိုက်ဒရာကျွန်းပေါ်၌ တောမီးများစတင် လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ဂရိတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ဟိုက်ဒရာကျွန်းတောမီးများကို မီးသတ်သမားများက ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း ဂရိပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဇွန် ၂၀ ရက် ညပိုင်းတွင် ရွက်လှေပေါ်မှ ပစ်လွှတ်ခဲ့သည့် မီးရှူးမီးပန်းများကြောင့် တောမီးလောင်ကျွမ်းခဲ့ရသည့် စွပ်စွဲချက်များ ပေါ်ထွက်လာခဲ့ပြီးနောက် ယင်းရွက်လှေမှ ရေယာဉ်ဝန်ထမ်းများနှင့် လိုက်ပါခဲ့သော ခရီးသည်များကို ဖမ်းဆီးထားခြင်းဖြစ်သည်ဟု ဂရိရဲတပ်ဖွဲ့က ပြောကြားခဲ့ကြောင်း သိရသည်။

ဖမ်းဆီးထားသူ ၁၃ ဦးကို ယနေ့တွင် ရုံးထုတ်စစ်ဆေးရန် စီစဉ်ထားကြောင်း ဂရိရဲတပ်ဖွဲ့၏ အဆိုအရ သိရသည်။

ဟိုက်ဒရာကျွန်းသည် အေသင်မြို့ အနောက်တောင်ဘက် ဆာရိုးနစ်ပင်လယ်ကွေ့၌ တည်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အစ္စရေးဟိုင်ဖာဆိပ်ကမ်းရှိသင်္ဘောများကို တိုက်ခိုက်ခဲ့ကြောင်း ဟူသီအုပ်စုပြောကြား

**ဆာနား ဇွန် ၂၃**

အစ္စရေးနိုင်ငံ မြောက်ပိုင်းဟိုင်ဖာဆိပ်ကမ်းရှိ သင်္ဘောလေးစီးကို အီရတ်လက်နက်ကိုင်အုပ်စုတစ်ခုနှင့် ပူးပေါင်းတိုက်ခိုက်ခဲ့ကြောင်း ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

မိမိတို့ အုပ်စုနှစ်ခုအနေဖြင့် ဇွန် ၂၂ ရက်တွင် ဟိုင်ဖာဆိပ်ကမ်းရှိ ဘိလပ်မြေတင် သင်္ဘောနှစ်စီးနှင့် ကုန်တင်သင်္ဘောနှစ်စီးကို မောင်းသူမဲ့လေယာဉ်များဖြင့်တိုက်ခိုက်ခဲ့ကြောင်း ဟူသီအုပ်စုကြေညာချက်၌ ဖော်ပြထားသည်။

အဆိုပါ သင်္ဘောလေးစီးကို သိမ်းပိုက်ခံထားရသည့် ပါလက်စတိုင်း နယ်မြေဆိပ်ကမ်းများသို့ ဝင်ရောက်မှု ပိတ်ပင်ချက်ကို ချိုးဖောက်ခဲ့သော ကုမ္ပဏီများက ပိုင်ဆိုင်သည်ဟု ဟူသီအုပ်စုတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

ဟူသီအုပ်စု၏သတင်းထုတ်ပြန်ချက်နှင့်ပတ်သက်၍ အစ္စရေးစစ်ဘက်က တစ်စုံတစ်ရာတုံ့ပြန်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

အီရန်ကျောထောက်နောက်ခံပြု ဟူသီသူပုန်အုပ်စုသည် အစ္စရေးနှင့် ပါလက်စတိုင်းအခြေစိုက် ဟားမတ်စ်အုပ်စုတို့ကြား စစ်ပွဲစတင်ဖြစ်ပွားပြီးနောက် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလမှစ၍ ပင်လယ်နီရေလမ်းကြောင်းများကို စတင်တိုက်ခိုက်ခဲ့သည်။

ဟူသီအုပ်စု၏ တိုက်ခိုက်မှုကြောင့် လက်ရှိအချိန်ထိ ပင်လယ်နီရေပြင်အတွင်း သင်္ဘောနှစ်စီးနစ်မြုပ်ခဲ့ရပြီး သင်္ဘောသားအနည်းဆုံးသုံးဦးသေဆုံးခဲ့ရကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် အာမေးနီးယားနိုင်ငံ တရားဝင်အသိအမှတ်ပြု

**ယီရီဗန် ဇွန် ၂၃**

ပါလက်စတိုင်းဒေသကိုလွတ်လပ်သည့် ပါလက်စတိုင်းနိုင်ငံတော်အဖြစ် အာမေးနီးယားနိုင်ငံက တရားဝင် အသိအမှတ်ပြုလိုက်ပြီဖြစ်ကြောင်း ဇွန် ၂၂ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

လွတ်လပ်သည့်ပါလက်စတိုင်းနိုင်ငံတော်အား တရားဝင်အသိအမှတ်ပြုလိုက်မှုကို အာမေးနီးယားနိုင်ငံခြားရေး ဝန်ကြီးဌာနက အတည်ပြုကြေညာထားသည်။

အစ္စရေးနိုင်ငံက ကန့်ကွက်နေသည့်တိုင် ပါလက်စတိုင်းကို လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုရန် အာမေးနီးယားနိုင်ငံက ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုကြောင်း အာမေးနီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာခဲ့ပြီးနောက် အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနသည် အစ္စရေးနိုင်ငံဆိုင်ရာ အာမေးနီးယားသံအမတ်ကြီးကိုဆင့်ခေါ်၍ ကန့်ကွက်စကားပြောကြားခဲ့သည်။

အာမေးနီးယားနိုင်ငံကဲ့သို့ပင် စပိန်၊ အိုင်ယာလန်နှင့် နော်ဝေအပါအဝင် အနောက်အုပ်စုနိုင်ငံအများအပြားကလည်း ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ထားပြီးဖြစ်သည်။

ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့သော အာမေးနီးယားအစိုးရ၏ဆုံးဖြတ်ချက်ကို ပါလက်စတိုင်း အာဏာပိုင်အဖွဲ့က ကြိုဆိုခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်နှင့် ပြင်သစ်သိပ္ပံပညာရှင်များ ပူးတွဲတည်ဆောက်ထားသည့် စကြဝဠာလေ့လာရေးဂြိုဟ်တုတစ်စင်းကို တရုတ်အမျိုးသားအာကာသအေဂျင်စီ လွှတ်တင်



**ပေကျင်း ဇွန် ၂၃**

တရုတ်နှင့် ပြင်သစ်သိပ္ပံပညာရှင်များ ပူးတွဲတည်ဆောက်ထားသည့် စကြဝဠာလေ့လာရေးဂြိုဟ်တုတစ်စင်းကို တရုတ်အမျိုးသားအာကာသအေဂျင်စီက ဇွန် ၂၂ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

SVOM အမည်ရှိ အဆိုပါဂြိုဟ်တုကို လောင်းမတ်ချ်-၂ စီ ဒုံးပျံဖြင့် ရှီချန်းအာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၂ စီ ဒုံးပျံသည် SVOM ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၆၀၀ အကွာရှိ ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

SVOM ဂြိုဟ်တုတွင် ပြင်သစ်သိပ္ပံပညာရှင်များ တည်ဆောက်ထားသည့် စူးစမ်းလေ့လာရေးစနစ် နှစ်မျိုးနှင့် တရုတ်သိပ္ပံပညာရှင်များ တည်ဆောက်ထားသည့် စူးစမ်းလေ့လာရေးစနစ်နှစ်မျိုး တပ်ဆင်ထားကြောင်း သိရသည်။

အလေးချိန် ကီလိုဂရမ် ၉၃၀ ရှိ SVOM ဂြိုဟ်တုသည် စကြဝဠာ၏ အပြင်းထန်ဆုံး စွမ်းအင်ပေါက်ကွဲမှုတစ်မျိုးဖြစ်သော ဂမ်မာရောင်ခြည်ပေါက်ကွဲမှုများကို လေ့လာမည်ဖြစ်သည်။

ဂမ်မာရောင်ခြည်ပေါက်ကွဲမှုများသည် အရွယ်အစားအားဖြင့် နေထက် အဆ ၂၀ ကျော်ကြီးမားသည့် ကြယ်ကြီးများပေါက်ကွဲချိန်တွင် ဖြစ်ပွားတတ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ညနေပိုင်းတွင် လေ့ကျင့်ခန်းများပြုလုပ်ပါက သွေးအတွင်းသကြားဓာတ်ပါဝင်မှုကို လျှော့ချနိုင်

**မက်ဒရစ် ဇွန် ၂၃**

ညနေပိုင်းတွင် ပြေးခြင်း၊ စက်ဘီးစီးခြင်းနှင့် အခြားကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများကိုပြုလုပ်ပါက နံနက်ပိုင်း လေ့ကျင့်ခန်းပြုလုပ်မှုထက် သွေးအတွင်းသကြားဓာတ် ပါဝင်မှုကို ပိုလျှော့ချနိုင်ကြောင်း ဇွန် ၂၂ ရက် သတင်းများအရ သိရသည်။

ညနေပိုင်းတွင် လေ့ကျင့်ခန်းပြုလုပ်မှုသည် လူ့ကိုယ်ခန္ဓာ၏ဇီဝတွင်း ဓာတုပြောင်းလဲမှုဖြစ်စဉ်လည်ပတ်လှုပ်ရှားမှုကို မြှင့်တင်ပေးနိုင်ကြောင်း စပိန် သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ညနေပိုင်းလေ့ကျင့်ခန်းပြုလုပ်မှုကြောင့် ဆာလောင်မှုပြဿနာကိုလည်း ပို၍ခံနိုင်ရည်ရှိလာကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ကိုယ်ခန္ဓာ၏ ဇီဝတွင်းဓာတုပြောင်းလဲမှုများ အားကောင်းလာခြင်းနှင့်ဆာလောင်မှုဒဏ် ခံနိုင်ရည်ကောင်းလာမှုတို့ကြောင့် နေ့ပိုင်းကာလများတွင် ကယ်လိုရီလောင်ကျွမ်းခြေဖျက်နိုင်စွမ်း ပို၍အားကောင်းလာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

စပိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ညနေပိုင်း လေ့ကျင့်ခန်းပြုလုပ်မှုသည် အင်ဆူလင်ဟော်မုန်းပေါ်ထွက်မှုကို မြှင့်တင်ပေးနိုင်ပြီး ကြွက်သားဆဲလ်များအနေဖြင့် သွေးလည်ပတ်မှုစနစ်အတွင်းရှိ သကြားဓာတ်ကို စုပ်ယူနိုင်စွမ်း ပိုအားကောင်းလာကြောင်း သိရသည်။

သို့ဖြစ်ရာ ညနေပိုင်းကာလ လေ့ကျင့်ခန်းပြုလုပ်မှုသည် သွေးအတွင်း သကြားဓာတ်ပါဝင်မှုအဆင့်ကို လျှော့ချပေးနိုင်ကြောင်း စပိန် သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## အင်္ဂါဂြိုဟ်ပေါ်၌ ရေဓာတ် ရှိ၊ မရှိကို အင်္ဂါဂြိုဟ်ငလျင်များက ဖော်ထုတ်ပေးနိုင်ဖွယ်ရှိ


**ဝါရှင်တန် ဇွန် ၂၃**

အင်္ဂါဂြိုဟ်ပေါ်၌ ရေဓာတ် ရှိ၊ မရှိကို အင်္ဂါဂြိုဟ် ငလျင်များက ဖော်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ဇွန် ၂၂ ရက်တွင် ပြောကြားသည်။

အင်္ဂါဂြိုဟ်ပေါ်တွင် ရေဓာတ်တည်ရှိနေနိုင်ဆဲဖြစ်ကြောင်း သိပ္ပံပညာရှင်များက လက်ခံထားသော်လည်း အဆိုပါရေဓာတ်များတည်နေရာကို တိတိကျကျ ပြသနိုင်မှုမရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် အင်္ဂါဂြိုဟ်ငလျင်လှိုင်းများနှင့် သံလိုက်စက်ကွင်းမှတ်တမ်းများကို လေ့လာခြင်းဖြင့် အင်္ဂါဂြိုဟ်ရေဓာတ်များတည်နေရာကို ရှာဖွေနိုင်ဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

မြေငလျင်တစ်ခုမှ ထွက်ပေါ်လာသည့် မြေလွှာတုန်ခါလှိုင်းများ



အနေဖြင့် ပတ်ဝန်းကျင်ရှိ ကျောက်လွှာများ၊ မြေပြင်များကဲ့သို့ကြားခံနယ် အမျိုးမျိုးကို ဖြတ်သန်းချိန်တွင် သိမ်မွေ့သည့် လျှပ်စစ်သံလိုက်လှိုင်းများ ပေါ်ထွက်လာတတ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အထက်ပါ လျှပ်စစ်သံလိုက်လှိုင်းများကို လေ့လာခြင်းဖြင့် အင်္ဂါဂြိုဟ် ရေဓာတ်များတည်ရှိရာနေရာကို ရှာဖွေနိုင်ဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## အိပ်စက်ချိန်လေပြွန်ပိတ်ဆို့မှုပြဿနာကို ပုံစံ-၂ ဆီးချိုရောဂါကုဆေးဖြင့် ကုသနိုင်ဖွယ်ရှိ

**နယူးယောက် ဇွန် ၂၃**

အိပ်စက်ချိန်လေပြွန်ပိတ်ဆို့မှုပြဿနာကို ပုံစံ-၂ ဆီးချိုရောဂါကုဆေးတစ်မျိုးဖြင့် ကုသပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဇွန် ၂၂ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင်များသည် အိပ်စက်စဉ်လေပြွန်ပိတ်ဆို့မှုပြဿနာ (Sleep Apnea) ရှိနေသူ ၄၆၉ ဦးတို့ကို တစ်နှစ်ကြာ လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Tirzepatide ခေါ် ပုံစံ-၂ ဆီးချိုဆေးတစ်မျိုးဖြင့် ကုသမှုခံယူခဲ့သော Sleep Apnea လူနာများသည် အခြားကုထုံးရယူထားသည့် လူနာများနှင့်နှိုင်းယှဉ်ပါက အိပ်စက်နေချိန် လေပြွန်ပိတ်ဆို့မှုပြဿနာပေါ်ထွက်မှုကြိမ်ရေ ပိုမိုနည်းပါးလာသည်ကို တွေ့ရကြောင်း သိရသည်။

မိမိတို့၏လေ့လာချက်မှ ပေါ်ထွက်လာသော ရလဒ်များအရ Tirzepatide ဆေးသည် Sleep Apnea ပြဿနာအတွက် ကုထုံးတစ်မျိုးဖြစ်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Tirzepatide ဆေးသုံးစွဲခဲ့သော လူနာများ၌ အများဆုံးပေါ်ထွက်တတ်သည့် ဘေးထွက်ဆိုးကျိုးမှာ အစာခြေစနစ်ပြဿနာများသာဖြစ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

တစ်ကမ္ဘာလုံး အတိုင်းအတာအရ Sleep Apnea ပြဿနာခံစားနေရသူ အရေအတွက်မှာ ၉၃၆ သန်းရှိသည်ဟု သုတေသနပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## သက်တမ်းအားဖြင့် ၂၄၆ သန်းထိရှိပြီဖြစ်သော ကမ္ဘာဦးရေနေသက်ရှိတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ဗြိတိန်နိုင်ငံ ကန်တာဘူရီဒေသ၌ ရှာဖွေတွေ့ရှိ

**စတော့ဟုမ်း ဇွန် ၂၃**

ဆွီဒင် သိပ္ပံပညာရှင်များဦးဆောင်သည့် နိုင်ငံတကာသိပ္ပံပညာရှင်များသည် သက်တမ်းအားဖြင့် ၂၄၆ သန်းထိရှိပြီဖြစ်သော ကမ္ဘာဦး ရေနေသက်ရှိတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ဗြိတိန်နိုင်ငံ ကန်တာဘူရီဒေသ၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇွန် ၂၂ ရက် သတင်းများအရ သိရသည်။

Nothosaur ဟု၍ အမည်ပေးထားသည့် အဆိုပါကမ္ဘာဦးရေနေသက်ရှိသည် တောင်ယဉ်စွန်းတန်းဒေသ၌ တွေ့ရှိဖူးသမျှ ကမ္ဘာဦးရေနေသက်ရှိ ကျောက်ဖြစ်ရုပ်ကြွင်းများအနက် သက်တမ်းရှေးအကျဆုံးဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Nothosaur ကမ္ဘာဦး ရေနေသက်ရှိများသည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၁ သန်းနှင့် ၆၆ သန်းကြားကာလ မီဆိုဇိုးအစ်ဘူမိခေတ်အတွင်း ရှင်သန်ခဲ့ကြသော သက်ရှိများဖြစ်ကြသည်။

Nothosaur ရေနေသက်ရှိများသည် ကိုယ်ခန္ဓာအရွယ်အစားရှည်သွယ်သွယ်ရှိပြီး လည်တံ၊ ခြေချောင်း၊ လက်ချောင်းနှင့် အမြီးတို့မှာလည်း သေးသွယ်ရှည်လျားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Nothosaur ရေနေသက်ရှိများ ရှင်သန်ချိန်သည် ကမ္ဘာမြေ၏ ကုန်းမြေထုအားလုံးနီးပါး ပန်ဂျီယာအမည်ရှိ မဟာတိုက်ဒေသကြီး အဖြစ်ပေါင်းစည်းမိခဲ့ချိန်ဖြစ်သည်။

ထိုစဉ်ကာလက ပန်ဂျီယာမဟာတိုက်ဒေသကြီးသည် ပါလီယို-တီးသေးစ်အမည်ရှိ မဟာသမုဒ္ဒရာကြီး၏ဇဟိုချက်တွင် တည်ရှိခဲ့ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## နိုင်ငံတကာ အားကစားသတင်းများ

# Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ
## အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား




**ရန်ကုန် ဇွန် ၂၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပမည့် Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၈ နာရီက MST University အသင်းနှင့် 16/1 FC အသင်းတို့ကစားခဲ့ရာ MST University အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နံနက် ၉ နာရီခွဲက Team Leo FCအသင်းနှင့် FCT Youth အသင်းတို့ ကစားခဲ့ရာ FCT Youth အသင်းက ရှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီက SGF Youth FC အသင်းနှင့် King Cobra FC အသင်းတို့ကစားခဲ့ရာ သုံးဂိုးစီ သရေရလဒ်ဖြင့် လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲက Gold Dream FC အသင်းနှင့် Team Tiger FC အသင်းတို့ ကစားခဲ့ရာ Gold Dream FC အသင်းက ရှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၂ နာရီက College FC အသင်းနှင့် Pyit Tine Htaung အသင်းတို့ ကစားခဲ့ရာ သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ညနေ ၃ နာရီခွဲက Champion Team အသင်းနှင့် Team Starboyz အသင်းတို့ကစားခဲ့ရာ Champion Team အသင်းက ၁၄ ဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**STA**

# အက်ဆွန်အယ်ဗာရက်ဇ် ဒဏ်ရာကြောင့် ကိုပါအမေရိကဖလားပြိုင်ပွဲကို လွဲချော်မည်

**မက္ကဆီကိုစီးတီး ဇွန် ၂၃**

မက္ကဆီကိုအသင်းနှင့် ဂျမေကာအသင်းတို့ကစားခဲ့သည့် ကိုပါအမေရိကဖလား အုပ်စုအဖွင့်ပွဲစဉ်တွင် မက္ကဆီကိုအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော်လည်း အသင်းခေါင်းဆောင် အက်ဆွန်အယ်ဗာရက်ဇ်အနေဖြင့် တံကောက်ကြောဒဏ်ရာ ရရှိခဲ့သောကြောင့် လာမည့်ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

ပရီးမီးယားလိဂ် ကလပ် ဝက်စ်ဟမ်းအသင်းတွင် ကစားနေသည့် မက္ကဆီကိုကစားသမား အက်ဆွန်အယ်ဗာရက်ဇ်သည် နိုင်ငံအသင်းအတွက် ပြိုင်ပွဲစုံ ပွဲ ၈၀ ထိ ပါဝင်ကစားပေးခဲ့သူဖြစ်ပြီး ယခုအဖွင့်ပွဲစဉ်တွင် အသင်းခေါင်းဆောင်အဖြစ် ဦးဆောင်လာခဲ့သော်လည်း ပွဲကစားချိန် မိနစ် ၃၀ အရောက်တွင် တံကောက်ကြောဒဏ်ရာ ပြင်းထန်စွာရရှိခဲ့မှုကြောင့် အသင်းဖော်ကစားသမားရှိမိုနှင့် လူစားလဲထွက်ခွာခဲ့ရသည်။

လက်ရှိတွင် အက်ဆွန်အယ်ဗာရက်ဇ်၏ ဒဏ်ရာအခြေအနေကို လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်နေသဖြင့် မည်သည့်ကာလထိ အနားယူရမည်ကို မသိရသေးသော်လည်း အသင်းနည်းပြ လိုဇာနိုက ကိုပါအမေရိကဖလားပြိုင်ပွဲကို လွဲချော်နိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

နည်းပြ လိုဇာနိုက "အက်ဆွန်ဟာ အသင်းအတွက် အရေးကြီးတဲ့သူဖြစ်သလို အသင်းရဲ့ခေါင်းဆောင်တစ်ယောက် ဖြစ်ပါတယ်။ သူဟာ ကွင်းတွင်း ကွင်းပြင် အရေးပါတဲ့သူဖြစ်သလို ပြိုင်ပွဲတစ်ပွဲကို ဘယ်လိုကစားရမလဲဆိုတာကိုလဲ ကောင်းကောင်းသိပါတယ်။ လက်ရှိစစ်ဆေးမှုတွေပြုလုပ်နေတာကြောင့် လာမဲ့နှစ်ရက်လောက်မှ ဒဏ်ရာအခြေအနေကို အတိအကျသိရမှာပါ"ဟု ပြောကြားခဲ့သည်။

အဆိုပါပွဲစဉ်တွင် မက္ကဆီကိုအသင်းသည် အာတီယာဂါ၏ သွင်းဂိုးဖြင့် အနိုင်ရခဲ့သဖြင့် အမှတ်ပေးဇယား အဆင့်(၂)တွင် ရောက်ရှိခဲ့ပြီး အုပ်စုအခြားပွဲစဉ်တွင် ဗင်နီဇွဲလားအသင်းက အီကွေဒေါအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် အုပ်စုပထမနေရာတွင် ရပ်တည်နေကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



# ဘိုင်ယန်မြူးနစ်အသင်းက အင်တာကစားသမား ကယ်ဟာနိုဂလူကို ခေါ်ယူရန်ကြိုးပမ်း

**မြူးနစ် ဇွန် ၂၃**

ဘိုင်ယန်မြူးနစ် အသင်းသည် ကွင်းလယ်ပိုင်း လိုအပ်ချက်အတွက် ဖူလ်ဟမ်အသင်း ကွင်းလယ်ကစားသမား ပေါ်ဟင်ဟာကိုခေါ်ယူရန် ပစ်မှတ်ထားခဲ့သော်လည်း ပြောင်းရွှေ့ကြေး ညှိနှိုင်းမရသဖြင့် အင်တာမီလန်အသင်းမှ ကယ်ဟာနိုဂလူကို အစားထိုးခေါ်ယူရန် ထပ်မံကြိုးပမ်းခဲ့ကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ် အသင်းသည် ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလကတည်းက ပေါ်ဟင်ဟာကိုခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ကလပ်အသင်းနှစ်ခုကြား ပြောင်းရွှေ့ကြေး သဘောတူညီမှုရယူနိုင်ခဲ့ခြင်းမရှိဘဲ ကြန့်ကြာနေသောကြောင့် ယခုအခါ အင်တာမီလန်အသင်း ကွင်းလယ်ကစားသမား ကယ်ဟာနိုဂလူကို ပြောင်းလဲခေါ်ယူရန် ဆုံးဖြတ်ခဲ့သည်။

ဘိုင်ယန်မြူးနစ် အသင်းက ကယ်ဟာနိုဂလူကို ခေါ်ယူနိုင်ရန် ကနဦးပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းနှင့် ကစားသမားအတွက် အပိုဆုကြေး ယူရိုငါးသန်းအပါအဝင် ယူရိုသန်း ၃၀ ဖြင့် ကမ်းလှမ်းခဲ့သော်လည်း အင်တာမီလန်အသင်းက ကယ်ဟာနိုဂလူအတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ထိအလိုရှိကြောင်း တုံ့ပြန်ခဲ့သည်။

သို့သော် နည်းပြအင်ဇာဂီက ၎င်း၏ကစားကွက်တွင် အဓိက ကစားသမားတစ်ဦး ဖြစ်နေသည့် ကယ်ဟာနိုဂလူကို ရောင်းချနိုင်မည်မဟုတ်သော်လည်း ကစားသမားအနေဖြင့် တစ်နှစ်လုပ်ခ ယူရိုရှစ်သန်းအပြင် စွမ်းဆောင်ရည်ပေါ်မူတည်၍ အပိုဆုကြေးရမည်ဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်း၏ ကမ်းလှမ်းမှုကို စိတ်ဝင်စားနေသောကြောင့် အင်တာမီလန်အသင်း ဒါရိုက်တာများက အသင်းတွင် ပျော်ရွှင်မှုမရှိသည့် ကစားသမားကို ဆက်လက်ထိန်းသိမ်းမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

အသက် ၃၀ ရှိ ကယ်ဟာနိုဂလူသည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းအတွက် ပြိုင်ပွဲစုံ ပွဲ ၄၀ တွင် သွင်းဂိုး ၁၅ ဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသခဲ့ပြီး အသင်းအား အမှတ်ပေးဆုဖလား ရရှိအောင် အဓိကနေရာမှ ပါဝင်စွမ်းဆောင်နိုင်ခဲ့ပြီး အသင်းနှင့်ပူးပေါင်းခဲ့သည့် ဘောလုံးရာသီ သုံးရာသီတွင် သွင်းဂိုး ၂၇ ဂိုးထိ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ဒေါက်ကလပ်လူးဝစ်ကိုခေါ်ယူရန် ဂျူဗင်တပ်အသင်း အေဗီလာနှင့် သဘောတူညီမှုရရှိ

**ရောမ ဇွန် ၂၃**

ဂျူဗင်တပ်အသင်းသည် အေဗီလာအသင်း ကွင်းလယ်ကစားသမား ဒေါက်ကလပ်လူးဝစ်ကို ခေါ်ယူရန် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၃ သန်းဝန်းကျင်အပြင် လူငယ်ကစားသမား နှစ်ဦးဖြစ်သည့် အိုင်းလင်းဂျူနီယာနှင့် ဘာရန်နီချီအာတို့နှစ်ဦးကို အလိုက်ပေးကမ်းလှမ်းခဲ့ရာ ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ဂျူဗင်တပ်အသင်းသည် ကနဦးက ကွင်းလယ်ကစားသမား မက်ကင်နီကို အလိုက်ပေး၍ ဒေါက်ကလပ်လူးဝစ်ကိုခေါ်ယူရန် ကြိုးပမ်းခဲ့ရာ အောင်မြင်မှု မရခဲ့သောကြောင့် လူငယ်ကစားသမား အိုင်းလင်းဂျူနီယာနှင့် ဘာရန်နီချီအာတို့နှစ်ဦးကို အလိုက်ပေးကမ်းလှမ်းခဲ့ရာ အေဗီလာအသင်းက လက်ခံခဲ့ပြီး လူငယ်ကစားသမား နှစ်ဦး၏ ဈေးကွက်တန်ကြေးမှာ စတာလင်ပေါင် ၁၈ ဒသမ ၆ သန်းရှိကြောင်း သိရသည်။

ဂျူဗင်တပ် အသင်းသည် လာမည့် ရက်သတ္တပတ်အတွင်း ဒေါက်ကလပ်လူးဝစ်၏ အပြောင်းအရွှေ့ကိစ္စများကို အပြီးသတ်လက်မှတ်ရေးထိုး၍ တရားဝင် ထုတ်ပြန်သွားမည်ဖြစ်သည်။




ဒေါက်ကလပ်လူးဝစ် သည် ၂၀၁၉ ခုနှစ်က မန်စီးတီးအသင်းမှ အေဗီလာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် နည်းပြအမ်မရီ လက်ထက်တွင် ခြေစွမ်းပြသနိုင်ခဲ့သဖြင့် အသင်း၏ အဓိကကစားသမားတစ်ဦးဖြစ်လာခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီကလည်း အသင်းကို အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၄)နေရာသို့ ရောက်ရှိအောင် ပို့ဆောင်ပေးခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့် ရယူပေးနိုင်ခဲ့သည်။

အေဗီလာအသင်း အနေဖြင့် လာမည့်နှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားရမည်ဖြစ်၍ အဓိကကစားသမားများကို ရောင်းချလိုခြင်းမရှိသော်လည်း အသင်းအနေဖြင့် မတ်လအတွင်းက ထုတ်ပြန်ခဲ့သည့် ဘဏ္ဍာရေးရှင်းတမ်းတွင် စတာလင်ပေါင် သန်း ၁၂၀ ထိ အရှုံးပေါ်ခဲ့သောကြောင့် အသင်းမှ ခြေစွမ်းပြ ကစားသမားများကို ရောင်းချသွားမှသာ ပရီးမီးယားလိဂ်၏ ဝင်ငွေထွက်ငွေစည်းမျဉ်းကို ကျော်ဖြတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- တိုက်စစ်မှူး ဂျာအိုဖီးလစ်ကို ခေါ်ယူလိုသည့် ဘာစီလိုနာအသင်းအား ပြောင်းရွှေ့ကြေး ယူရို သန်း ၆၀ အလိုရှိကြောင်း အေတီကိုအသင်းက ထုတ်ပြန်ကြေညာခဲ့သည်။
- အဲဗာတန်အသင်းနှင့် စာချုပ်သက်တမ်း နောက်ဆုံးနှစ်သို့ ရောက်ရှိလာသည့် တိုက်စစ်မှူး ကယ်ဘက်လေဝင်ကို နယူးကာဆယ်အသင်းက ခေါ်ယူရန် ပစ်မှတ်ထားကြိုးပမ်းလျက်ရှိသည်။
- လိဒ်ယူနိုက်တက်က စပါးအသင်းကစိတ်ဝင်စားနေသည့် တောင်ပံကစားသမား အာချီဂရေးကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၂၀ ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ML**

# (၂၁)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာတက္ကသိုလ်အားကစားအဖွဲ့ အင်ဒိုနီးရှားနိုင်ငံသို့ထွက်ခွာ




**ရန်ကုန် ဇွန် ၂၃**

(၂၁)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာတက္ကသိုလ် အားကစားအဖွဲ့သည် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံသို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တစ်ဆင့် ထွက်ခွာခဲ့ကြောင်း သိရသည်။

(၂၁)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ဆာလာတီဂါမြို့နှင့် မာလန်းမြို့တို့တွင် ဇွန် ၂၅ ရက်မှ ဇူလိုင် ၆ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

(၂၁)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ထွက်ခွာခဲ့သည့် မြန်မာအားကစားအဖွဲ့တွင် ဒုတိယအဖွဲ့ ခေါင်းဆောင်(၁) အဖြစ် ဒုတိယညွှန်ကြားရေးမှူးချုပ် အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဦးကျော်ဆန်းဦး ဦးဆောင်ပြီး ဖူဆယ်၊ ပီတန်၊ ဘော်လီဘော အမျိုးသား၊ အမျိုးသမီး၊ ဝူရှူးအားကစားသမားများ စုစုပေါင်း ၇၅ ဦး လိုက်ပါခဲ့ကြသည်။

အဆိုပါ တက္ကသိုလ်အားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် ဒေါက်တာ တင်မောင်ထွန်း ပါမောက္ခချုပ် ရန်ကုန်တက္ကသိုလ် ပညာရေးဝန်ကြီးဌာန၊ ဒုတိယအဖွဲ့ခေါင်းဆောင်(၁) ဒုတိယညွှန်ကြားရေးမှူးချုပ် အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဦးကျော်ဆန်းဦး၊ ဒုတိယအဖွဲ့ခေါင်းဆောင်(၂) ဒုတိယညွှန်ကြားရေးမှူးချုပ် အဆင့်မြင့်ပညာဦးစီးဌာန ဒေါက်တာကျော်ဆန်းဝင်း အပါအဝင် စုစုပေါင်း ၁၁၉ ဦး ထွက်ခွာမည်ဖြစ်ရာ ဇွန် ၂၁ ရက်က ပထမအသုတ်အဖြစ် အဖွဲ့ခေါင်းဆောင် နှစ်ဦး၊ ယနေ့တွင် ဒုတိယအသုတ်အဖြစ် အဖွဲ့ခေါင်းဆောင်(၁)၊ အုပ်ချုပ်မှုအဖွဲ့နှင့် ဖူဆယ်၊ ပီတန်း၊ ဘော်လီဘောအမျိုးသား၊ အမျိုးသမီး၊ ဝူရှူးမှ အားကစားသမားများ ထွက်ခွာခဲ့ခြင်းဖြစ်သည်။

အလားတူ ဇွန် ၂၈ ရက်တွင် တတိယအသုတ်အဖြစ် မြားပစ်အားကစားအဖွဲ့၊ ဇွန် ၂၉ ရက်တွင် စတုတ္ထအသုတ်အဖြစ် ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒိုအားကစားအဖွဲ့နှင့် ဇူလိုင် ၁ ရက်တွင် ပဉ္စမအသုတ်အဖြစ် ကရာတေးအဖွဲ့များ ဆက်လက်ထွက်ခွာကြမည် ဖြစ်ကြောင်း သိရသည်။

**STA**

# Berlin Open ပြိုင်ပွဲ ကွာတားအဆင့်မှ ဆာဘာလင်ကာနှင့် အွန်ဂျပ်ဘာတို့ နုတ်ထွက်

**ဘာလင် ဇွန် ၂၃**

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကျင်းပနေသည့် Berlin Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဘီလာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် တူနီးရှားတင်းနစ်မယ် အွန်ဂျပ်ဘာတို့သည် ပွဲကစားနေစဉ်အတွင်း ဒဏ်ရာရရှိခဲ့သည့်အတွက် ပြိုင်ပွဲမှ နုတ်ထွက်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဆာဘာလင်ကာသည် ရုရှားတင်းနစ်မယ် ကာလင်စကာယာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပထမပွဲငယ်အပြီးတွင် ဒဏ်ရာရရှိသွားခဲ့သည့်အတွက် ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အွန်ဂျပ်ဘာက အမေရိကန်တင်းနစ်မယ် ကိုကိုဂတ်ဖ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပထမပွဲငယ်အပြီးတွင် နေမကောင်းဖြစ်နေသည့်အတွက် ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။

အွန်ဂျပ်ဘာသည် ဒဏ်ရာပြင်းထန်ခဲ့ခြင်း မဟုတ်သော်လည်း ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲဖြင့် လွဲချော်မည်ကို စိုးရိမ်သည့်အတွက် ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်။

အွန်ဂျပ်ဘာသည် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲဖြင့် လွဲချော်မည်ကို စိုးရိမ်နေပြီး နေမကောင်းဖြစ်နေ၍ ပြိုင်ပွဲမှနုတ်ထွက်ကာ လိုအပ်သော ဆေးကုသမှုခံယူလျက်ရှိသည်။

အွန်ဂျပ်ဘာသည် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့်သို့ နှစ်ကြိမ်တိုင်တိုင် တက်ရောက်ခဲ့ဖူးသူဖြစ်ပြီး ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲဖြင့် လွဲချော်မည်ကို စိုးရိမ်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik**

**Trs : AZL**

# Travelers Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို တွမ်ကင်ဦးဆောင်

**ခရွမ်ဝယ် ဇွန် ၂၃**

အမေရိကန်နိုင်ငံ ကွန်နက်တီကက်ပြည်နယ် ခရွမ်ဝယ်မြို့တွင် ကျင်းပနေသည့် Travelers Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား တွမ်ကင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အမေရိကန်ဂေါက်သီးရိုက် ကစားသမား စကော့တီရှက်ဖလာနှင့် အမေရိကန် ဂေါက်သီးရိုက်ကစားသမားတစ်ဦးပင်ဖြစ်သည့် ဘာတီယာတို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်ထားနိုင်ခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ဆန်ဂျေအင်နှင့် အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ရှောင်ဖီလီတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်ထားနိုင်ခဲ့သည်။

တွမ်ကင်က "တတိယနေ့အပြီး အမှတ်ပေးဇယားကို ကြည့်တော့ ကျွန်တော့်နာမည်ကို ထိပ်ဆုံးမှာ တွေ့လိုက်ရတာ တော်တော်လေးကို တက်ကြွသွားတယ်။ ဒုတိယနေရာကပြိုင်ပွဲဝင်တွေနဲ့ ရိုက်ချက်သိပ်မကွာတော့ ချန်ပီယံဖြစ်ဖို့က ခန့်မှန်းရခက်တယ်။ ကျွန်တော့်အတွက်တော့ လုံခြုံစိတ်ချရတဲ့ အနေအထား မဟုတ်သေးဘူး။ နောက်ဆုံးနေ့မှာ ရလဒ်ကောင်းဖို့အတွက် Game Plan တွေတော့ သေချာပြင်ဆင်သွားမှာပါ။ နောက်ဆုံးနေ့မှာ အကောင်းဆုံးရလဒ်တွေ ရယူနိုင်ဖို့အတွက် အကောင်းဆုံးကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**



# EBU European မစ်ဒယ်ဝိတ်တန်း ချန်ပီယံဆုကို တိုင်လာဒန်နီ ကာကွယ်နိုင်ခဲ့

**လန်ဒန် ဇွန် ၂၃**

EBU European မစ်ဒယ်ဝိတ်တန်း ချန်ပီယံစိန်ခေါ်ပွဲစဉ်အဖြစ် ဗြိတိန်လက်ဝှေ့သမား တိုင်လာဒန်နီနှင့် တစ်နိုင်ငံတည်းသား လက်ဝှေ့သမားဖြစ်သည့် ဖိလစ်ကက်ရှ်တို့ ထိုးသတ်ခဲ့ရာ တိုင်လာဒန်နီက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

တိုင်လာဒန်နီသည် လက်ရှိချန်ပီယံတစ်ဦးဖြစ်သလို ချန်ပီယံဖြင့်ထိုက်တန်သော စွမ်းဆောင်ရည်မျိုးကိုပြသသွားနိုင်ခဲ့ပြီး ၎င်း၏ ထိုးချက်ကြောင့် ဖိလစ်ကက်ရှ်သည် ညာဘက်မျက်ခုံးကွဲသွားခဲ့ကြောင်း သိရသည်။

ဖိလစ်ကက်ရှ်သည် လက်ဝှေ့လောကဖြင့် ၁၈ လနီးပါးအထိ ကင်းကွာနေခဲ့ပြီး အကောင်းဆုံး ကြိုးစားခဲ့သော်လည်း တိုင်လာဒန်နီ၏ ထိုးချက်များကြောင့် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

တိုင်လာဒန်နီ၏ ထိုးချက်ကြောင့် ဖိလစ်ကက်ရှ်သည် ဒုတိယအချီ၌ပင် မျက်ခုံးကွဲသွားခဲ့ခြင်းဖြစ်ပြီး ယင်းဒဏ်ရာကြောင့်ပင် ပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ရသည်။

လက်ဝှေ့လောကဖြင့် ၁၈ လတာ ကင်းကွာနေသည့် ဖိလစ်ကက်ရှ်သည် ချန်ပီယံအတွက် အကောင်းဆုံး ကြိုးစားခဲ့သော်လည်း မျှော်လင့်ထားသည့်ရလဒ်ကို ရယူနိုင်ခဲ့ခြင်း မရှိသည့်အတွက် စိတ်ပျက်မိကြောင်း ပြောကြားခဲ့သည်။

တိုင်လာဒန်နီက "ကျွန်တော် ပိုင်ဆိုင်ထားတဲ့ ချန်ပီယံခါးပတ်ကို ဆက်လက် ကာကွယ်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒုတိယမြောက်အချီမှာ လုပ်ပြနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ဟာ ကျွန်တော့်ရဲ့ အကောင်းဆုံး စွမ်းဆောင်ရည်တွေထဲက တစ်ခုဖြစ်ပါတယ်။ ဒုတိယမြောက်အချီက စွမ်းဆောင်ရည်ကြောင့်လဲ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ စွမ်းဆောင်ရည်တွေ ဒီထက်တိုးတက်အောင် ကြိုးစားသွားမယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။




**Ref : RT**

**Trs : AZL**

# 2024-2025 AFC Challenge League ပြိုင်ပွဲကို မြန်မာနိုင်ငံကိုယ်စားပြု ရှမ်းယူနိုက်တက်အသင်း ခြေစစ်ပွဲအဆင့်မှ ဝင်ရောက်ကစားမည်

**ရန်ကုန် ဇွန် ၂၃**

အာရှ ဘောလုံးအဖွဲ့ချုပ်(အေအက်ဖ်စီ)က ကြီးမှူးကျင်းပမည့်2024-2025 AFC Challenge League ပြိုင်ပွဲကို မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ရှမ်းယူနိုက်တက်အသင်း ခြေစစ်ပွဲအဆင့်မှ ဝင်ရောက် ကစားရမည်ဖြစ်ကြောင်း သိရသည်။

2024-2025 AFC Challenge League ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို ပြိုင်ပွဲဝင်အသင်းခြောက်သင်းဖြင့် သုံးသင်းပါ နှစ်အုပ်စု ခွဲခြားကျင်းပသွားမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက မြန်မာနေရှင်နယ်လိဂ် ဖလားဆွတ်ခူးနိုင်ခဲ့သည့်အတွက် ခြေစစ်ပွဲအဆင့်မှ ဝင်ရောက်ကစားခွင့်ရရှိမည်ဖြစ်သည်။

2024-2025 AFC Challenge League ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တွင် မြန်မာနိုင်ငံကိုယ်စားပြု ရှမ်းယူနိုက်တက်အသင်း အပါအဝင် အင်ဒိုနီးရှားနိုင်ငံကိုယ်စားပြု Madura United အသင်း၊ ကမ္ဘောဒီးယားနိုင်ငံကိုယ်စားပြု Preah Khan Reach Svay Rieng FC အသင်း၊ တရုတ်(တိုင်ပေ)ကိုယ်စားပြု Tainan City အသင်း၊ လာအိုနိုင်ငံကိုယ်စားပြုအဖြစ် Young Elephants FC အသင်း၊ မွန်ဂိုလီးယားနိုင်ငံကိုယ်စားပြုအဖြစ် SP Falcons FC အသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ရာမသမင်လိုက်ခန်း

ကိုဇော်ဌေး(ယဉ်ကျေးမှု)

ရာမကို ကဇာတ်အသွင် တင်ဆက်ကြရာ၌ ရာမသမင်လိုက်ခန်းသည် အားလပ်ချိန်အပြီး ဒုတိယပိုင်းတွင် ကျရောက်သည်။ အစီအစဉ်တင်ဆက်သူက ဇာတ်ကြောင်း(**Narration**)ကို ရှင်းလင်းပြောပြပြီးချိန်ဝယ် ယိုးဒယားသံဆန်းကို စတင်ကြားရသည်။ သံဆန်းနှင့်အတူ ပြည်ဖုံးကားကိုဖွင့်သည်။ ထူထပ်သောတောကြီးကို ပရိသတ်မြင်ရသည်။ ဇာတ်ခုံ၏ (နိုင်ငံတကာသုံးအခေါ်)အထက်ပိုင်း၊ လျှောက်လမ်းရှေ့ကပ်လျက်တွင် သစ်ပင်ပိတ်ဖောက်ကားကြီးရှိသည်။ ပိတ်ဖောက်ကားကြောင့်ပင် ဇာတ်ခုံ၏ကျောဘက်၊ နံရံနှင့် ကပ်လျက်ချိတ်ဆွဲထားသော တောနက်ကားကြီးကို လှမ်းမြင်နေရသည်။ ဇာတ်ခုံ၏အောက်ပိုင်းကျကျဝယ် သစ်ကိုင်းကားကြီးကလည်း ရှိသေးသည်။ ကခွင်အတွင်းဝယ် စိုက်ထောင်ထားသည့် ပန်းခြုံကားချပ်ငယ်များလည်းရှိသည်။ မီးက အပြာရောင်သန်းထားသည်။ တောနက်ပုံသည် ပန်းချီကားနှင့် အလင်းရောင်တို့ကြောင့် ပုံပေါ်နေတော့သည်။

ရာမ သမင်လိုက်ခန်းသည် ဇာတ်ဆောင်တို့၏ အားပြိုင်မှုဝန်းကျင် ပိုမိုနီးကပ်လာပြီဖြစ်ကြောင်း ပြောပြခြင်းပင် ဖြစ်သည်။ လှိုက်လှိုက်မောမောရှိခဲ့ကြသောပရိသတ်ကို ဒုတိယပိုင်းပြည်ဖုံးကားအဖွင့်တွင် ဒသဂီရိမင်းစေလွှတ်လိုက်သော ရွှေသမင်ကို မမေ့ကြစေရန် ရွှေသမင်ခုနစ်ကောင်၏သမင်ယိမ်းဖြင့် ဖွင့်လှစ်ပြသည်။ လူတို့သည် သမင်ခေါင်းကို ဆောင်းထားကြသည်။ ကွေးညွတ်ထားသောခြေနှစ်ချောင်းအနက် သန်ရာခြေထောက်ကို ဖင်ခုထိုင်၍ ကျန်ခြေတစ်ဖက်ကို နောက်ဘက်သို့ အသာထုတ်ထားသည်။ ညာလက်ဖျားကို ရှေ့ထုတ်လျက် ကြမ်းပြင်ကို ထိဟန်ပြုထားသည်။ ဘယ်လက်ဖျားသည်လည်း လည်သောကိုယ်ကို ထိန်းရန် ကြမ်းပြင်ကို မသိမသာတို့ထိထားပြန်သည်။ ခေါင်းကို လှုပ်ရမ်းဟန်၊ ဦးချိုဖြင့် ခွေ့ဟန်တို့ကို ကကွက်အတွင်း၌ ထည့်သွင်းကပြကြသည်။ သံဆန်းနှင့်အတူ "မြိုင်ကြီးဟေမာ" သီချင်းတေးသွားက ကပ်လျက်လိုက်ပါလာသည်။ "မြိုင်ကြီးဟေမာမှ တောနဲ့မြိုင်ရိပ်ဝနာ" ထိ တေးသွားအတိုင်း တီးပေးထားပြီး တေးသွားအလိုက်နှင့်အတူ သမင်ယိမ်းကကြသည်။

သမင်ယိမ်းပြီး၍ သမင်များကခွင်မှ ထွက်သွားကြသည်နှင့် ဆိုင်းတော်မဟာက ယိုးဒယားဝိုင်းကို အပြည့်တီးပေးလာသည်။ ယိုးဒယားဝိုင်းအတွင်းဝယ် ရာမမင်းသားက ထွက်လာ၍ တောတောင်အလှများကို ဦးစွာ ရှုစားဟန်ပြသည်။ ထို့နောက် သီတာကို ခေါ်ဟန်ပြုသည်။ သီတာလည်း ကခွင်အတွင်း ဝင်ရောက်လာခဲ့သည်။ လက္ခဏက သီတာ၏နောက်ပါးမှ ရိုကျိုးစွာ ခစားလိုက်ပါလာသည်။ ဆိုင်းက ပတ်ပျိုးကို ကူးလိုက်သည်။ "မိုးလုံးပတ်လည်"မိုးဘွဲ့ပတ်ပျိုးမှ "အုန်းအာကာ၊ ကေရာက ကြော်ငြာကြွေး၊ မာလာမာသယိန်ရေး၊ ရွှေကိုယ်လေးသွန်းရုပ်ပုံ"ကို နှစ်ကျော့တီးပေးလာသည်။ ရာမမင်းက လက်ညှိုးလေးညွှန်ကာ ညွှန်ကာဖြင့် မော်ရုံတော၏အလှကို သီတာကိုပြသည်။ "သွား၍သာ ကြည့်စမ်းပါ နှမတော်" ဟု လက်ကပြသည်။ မောင်တော်က ရှုစားခိုင်းသဖြင့် သီတာလည်း မော်ရုံတောအလှကို အဝေးကြည့်ဟန်ဖြင့် ရှုစားသည်။ ကသည်ဟုဆိုရမည်ဖြစ်သည်။ ကခွင်ပုံစံအနေအထားမှာ ဒူးနှစ်ဖက်ကို အနည်းငယ်ပြိုင်တူကွေးလိုက်သည်။ ညာဘက်သို့ အနည်းငယ်ခြေပွတ်ကာ ရွှေ့လိုက်သည်။ ရွှေ့ချိန်ဝယ် ရင်ရှေ့တွင် ဘယ်လက်ဖဝါးကို ညာဘက်လှည့်၍ထောင်ထားကာ ညာလက်ခုံဖြင့် ဘယ်လက်ကို တစ်ပတ်ရစ်လိုက်သည်။ တစ်ဖန် ညာဘက်လက်ကောက်ဝတ်မှ လှည့်၍ လက်ကို အပေါ်ဆွဲယူလိုက်သည်။ ထိုအခါ ဘယ်လက်သည် ကျောဘက်ခါးနောက်တွင် လက်ဖဝါးအတွင်းလှည့်၊ လက်ဖျားကို အောက်ဘက်သို့ စိုက်လိုက်သည်။ မျက်လုံးသည် အဝေးသို့ ကြည့်နေသည့်ဟန်ရှိသည်။ တဖြည်းဖြည်းချင်း ကဟန်သည် စည်းချက်ကိုက်နေတော့သည်။ အဝေးမျှော် ကဟန်ပင်ဖြစ်တော့သည်။

ရာမမင်းသည် ညီတော် လက္ခဏကိုလည်း "ညီတော်လေးလဲ ရှုစားစမ်းပါကွယ်၊ သာယာလိုက်တဲ့တောရယ်"ဟု လက်ဖျားက မုဒြာစကားဆိုသည်။ လက္ခဏလည်း တော၏အလှကို ငေးမောရှုစားသည်။ သီတာက ပန်းလေးခူးဟန်ပြုသဖြင့် ရာမမင်းသားက ယူငင်ခူးပေးသည်။ သီတာသည် ရာမမင်းသားခူးပေးလာသော ပန်းကိုကိုင်ရင်း အခြားသောပန်းလှလှများကို မြင်ရပြန်သည်။ လက်ထဲက ပန်းကိုလွှင့်ပစ်ပြီး "ဟိုကပန်းလှလှလေးကို ခူးပေးပါ" ဟု ပူဆာဟန်ပြုသည်။ မရီးတော်၏ပူဆာသံကြားသဖြင့် လက္ခဏလည်း တောပန်းလှလှလေးများကို ခူးလာကာ မရီးတော်ကို



ဆက်သသည်။ လက္ခဏ ခူးဆက်လာသောပန်းကိုလည်း သီတာက မနှစ်သက်သဖြင့်လွှင့်ပစ်ပြန်သည်။ မရီးတော်က မိမိခူးဆက်ပေးသောပန်းကို မနှစ်သက်ဟန်ပြသဖြင့် လက္ခဏလည်း စိတ်မကောင်းဟန်ပြကာ နောက်ထပ်ပန်းတစ်ပွင့်ခူးဆက်နိုင်ရန် ထွက်သွားသည်။

လက္ခဏထွက်သွားသည်နှင့် ပန်းလှလှတစ်ပွင့်ကို ကိုင်ကာ ရာမမင်းပြန်ရောက်လာသည်။ သီတာသည် ပန်းကိုမြင်ကာ ဝမ်းမြောက်ဝမ်းသာ ပန်းကိုလှမ်းယူလိုက်သည်။ ရာမသည် ပန်းကို ပေးမလိုလိုနှင့် လက်ကို ပြန်ရုပ်လိုက်သည်။ သီတာလည်း မျက်နှာကို လက်ဖြင့်ကာ၍ ရှက်ဟန်ပြသည်။ ထိုအချိန်ဝယ် ပန်းကို ဆွတ်ကာ လက္ခဏပြန်ရောက်လာသည်။ အစ်ကိုတော်နှင့် မရီးတော်၏ ကြင်နာယုယနေမှုကို နှောင့်ယှက်မပြုသလိုသဖြင့် သာသာပြန်ထွက်သွားတော့သည်။

ဆိုင်းက "ခိုင်ပန်းစုံ" ယိုးဒယားသီချင်းကို တီးပေးလာသည်။ မြန်မာဇာတ်ကြီးသမားစဉ်တွင် နှစ်ပါးသွားခန်းသည် မပါမဖြစ် ပါကြရသည်။ ရာမဇာတ်တော်ကြီးတွင်လည်း မြန်မာဇာတ်ကြီးသမားစဉ်နှယ် နှစ်ပါးသွားခန်းဆန်ဆန် ဤအခန်းကို ထည့်သွင်းကပြကြသည်။ နှစ်ပါးသွားဆန်သော်လည်း ကကွက်များကို ညက်ညောသိမ်မွေ့စွာ ကပြကြသည်။ ရာမက ပန်းပေးဟန် ကသည်။ ကခွင်အတိုင်းပင် ညာဘက်ရင်ရှေ့တွင် ကွေးထားသောဘယ်လက်အတွင်း၌ လှသောပန်းတစ်ပွင့်ကို ကိုင်ထားသည်။ ထိုဘယ်လက်ကိုဆွဲဆန့်ကာ ဘယ်ခြေခတ်၍ ရှေ့သို့ လှမ်းချသည်။ သီတာက သမင်လည်ပြန်ဟန်ဖြင့် အလိုက်သင့်လိုက်ပါလာသည်။ နှစ်ပါးကဟန်အတွင်း ဖျင်းဖျတ်ဖျတ်ကဟန်ကို အပေးအယူမျှစွာ ကကြသည်။ အများသိကြသည့် ရှေးရိုးတစ်ပင်ကဟန်များကို "ရာမပန်းစိုက်ခန်း"ဝယ် တော်တော်များများတွေ့ရသည်။ ဤအကကို တချို့က ရာမပန်းစိုက်ခန်းဟု တင်စားကြသည့်အတွက် စာရေးသူက ခံစားသုံးနှုန်းခြင်းဖြစ်သည်။ ပန်းစိုက်ဟန်ပါသည်။

ဆံတော်သိမ်းကဟန်ကိုလည်း တွေ့ရသည်။ ဖောင်းတော်ပြင်လည်း ရှိသည်။ အတီးနှင့် အက၊ အကနှင့် ခြေဟန်လက်ဟန်၊ ခြေဟန်လက်ဟန်နှင့် မျက်နှာထားတို့ ညီညွတ်ကြသည်။ လှပလွန်းသော နှစ်ပါးသွားအကပင်ဖြစ်သည်။

ခိုင်ပန်းစုံသီချင်းနှင့် ကနေရင်းဖြင့် နှစ်သက်ပျော်ရွှင်စွာ ကကွက်အမျိုးမျိုးကို သီကုံးလှုပ်ရှားနေကြသည်။ နှစ်ပါးအချစ်ကို ဖော်ကျူးရာ၌ အလှအပထက် ဇာတ်ကောင်တို့၏သဘောကိုလည်း စိတ်နှစ်ထားကြသည်။ ဇာတ်လမ်းသဘောကိုလည်း ထင်ရှားစေပြန်သည်။ အလှအကနှင့်သရုပ်ဖော်အကကို ပေါင်းစပ်ကပြကြသဖြင့် မင်းနှစ်ပါး၏ကကွက်များသည် အမည်နာမအလိုက် တပ်အပ်သေချာပြောပြနေသည်နှယ်ရှိတော့သည်။

ထိုအချိန်တွင် သစ်ပင်ပိတ်ဖောက်ကားကြီးနောက်မှ ရာမနှင့် သီတာတို့၏အရိပ်အခြေကို စောင့်ကြည့်နေသည့် ဒသဂီရိကို ပရိသတ်တို့မြင်သာအောင် ဘေးမီးဖြင့် ပက်ဖျန်းပေးလိုက်သည်။ ရာမနှင့်သီတာတို့၏တစ်ဦးကို တစ်ဦး ကြင်နာယုယချစ်လို့မဝရှိနေကြဟန်။ ရာမကသီတာ၏ကေသာအထက်ဝယ် ပန်းစိုက်ဟန်တို့ကိုကြည့်ကာ ဘီလူးမင်း၏မခံမရပ်နိုင်ဖြစ်နေဟန်ကို ပရိသတ်က မြင်လိုက်ရတော့သည်။ ဒသဂီရိသည် ရွှေသမင်ကို လှမ်းခေါ်ဟန်၊ ချက်ချင်းပင် သီတာ့အပါးသွားခိုင်းဟန်တို့ကိုလည်း တွေ့နေရသည်။

ရွှေသမင်သည် ပိတ်ဖောက်ကားနှင့်ကပ်လျက်ချခင်းပေးထားသော၊ စိုက်ထောင်ပန်းချီကားမှ တစ်ဆင့်ကခွင်အတွင်းသို့ လွှားခနဲခုန်ဝင်လာသည်။ ဆိုင်းကချွတ်ကို တီးပေးထားသည်။ လက္ခဏထံ သွားနေသည့်ရာမကြောင့် သမင်သည် သီတာမြင်သာအောင် ပိုမိုနီးကပ်စွာ ချဉ်းကပ်ဟန်ရေးပြသည်။ဝေ့ကာ၊ ဝိုက်ကာ၊ ပတ်ကာ၊ ရံကာမြူသည်။ သီတာက လက်လေးခါသည်။ လှလိုက်တာဟု ပြောဟန်ရှိသည်။ တစ်ဖန်သမင်ကို ဖမ်းသည်။ သမင်လွတ်သွားသည်။ လဲပြိုနေရာမှ သီတာလည်း ပြန်ထသည်။ "ပြေးမသွားပါနဲ့ သမင်လေးရယ်၊ ခဏစောင့်ဦးနော်" ဆိုဟန်ပြုသည်။ သီတာက မောင်တော်ရာမကို လှမ်းခေါ်သည်။ ရာမကို "ဟောဟိုက ရွှေသမင်လေးကို ဖမ်းလို့ပေးပါ"ဟု ပူဆာပြသည်။ ရာမသည် ကခွင်ဖြင့် လှပစွာရပ်ကာ သမင်ကို ကြည့်သည်။ ခေါင်းခါသည်။ "ရွှေသမင်သည် သမင်အစစ် မဟုတ်၊ နာနာဘာဝတို့ အယောင်ဆောင်ထားခြင်းသာဖြစ်သည်" ဟု ဆိုကာ မျက်နှာလွှဲသည်။ သီတာက "ရွှေသမင်မှ မရလျှင် နှမတော်လေး ငိုပစ်လိုက်မှာပဲ ဘုရား" ဟု ဆိုကာ ခြေကလေးဆောင့်၊ ငိုယောင်ပြုသည်။

ရာမက "နှမတော်လိုချင်လျှင် မောင်တော်ရဲ့ခေါင်းက ဆံပင်၊ ရင်ထဲက အသည်း အခုပဲ ခွဲပေးပါမယ်၊ ဒီသမင်တော့ မလိုချင်စမ်းပါနဲ့ နှမရယ်" ဟု ပိုက်ထွေးဟန်၊ ချော့မြူဟန် ဖော်ပြ၊ ကပြသည်။ သီတာက ရာမ၏ ရင်ခွင်ထဲမှ သာသာရုန်းဟန်ပြုသည်။ "ဘာကိုမှ မလိုချင်၊ ရွှေသမင်သာ ဖမ်းပေးပါ"ဟု ထပ်မံဆိုဟန်ပြုသည်။ ရာမက ခေါင်းကို အသာရမ်းသည်။ နောက်ဆုံးတွင် "နှမတော်ဆန္ဒပြည့်ဝစေပါမယ်" ဟု ဆိုမှ သီတာက ပျော်ဟန်ပြသွားသည်။ သမင်ထံသွား၍လည်း "ခဏလေးနေဦးနော်" ဟု ပြောဟန် သရုပ်ဖော်သည်။ သမင်က ဦးခေါင်းညိတ်ဟန်ပြုသည်။ မျက်လုံးများက နာနာဘာဝ၏သရုပ်ကို ပီပြင်စေရန် အငြိမ်မနေဘဲ လှုပ်ရှားနေတော့သည်။ ထိုဟန်ကပင် နှစ်သက်ဖွယ်ကောင်းနေတော့သည်။

ရာမသည် လက္ခဏကို လေးတော်ဆက်ရန်လှမ်းပြောသည်။ လက္ခဏသည် လေးတော်ကိုကိုင်ကာ ရာမထံ ပြန်ဝင်လာသည်။ ရာမကို လေးတော်ဆက်သည်။ ရာမလည်း သမင်ကို လေးတော်နှင့် လှမ်းပစ်ဟန်ပြုတော့သည်။ ဆိုင်းက ရုန်းပြလိုက်သည်။ ဆိုင်း၏ရုန်းသံကြောင့် သမင်က လန့်ဖျပ်ဟန်ဖြင့် ခုန်ပေါက်ကာ ထွက်ပြေးဟန်၊ လေးကိုကြောက်ဟန် သရုပ်ဖော်သည်။ သီတာလည်း ဆိုင်း၏ရုန်းသံနှင့်အတူ သမင်ရှေ့ဝယ်ရပ်ကာ လက်ကိုကာဟန်ပြုလိုက်သည်။ သမင်ကို ကာကွယ်ပေးခြင်းပင်ဖြစ်သည်။ ထိုအချိန်ဝယ် သမင်က ကြောက်ခြင်း၏သရုပ်ကိုဖော်သည့်အနေဖြင့် မျက်လုံးကို ဝဲမှယာ၊ ယာမှဝဲ လှုပ်ရှားကစားကာ ပရိသတ်၏လက်ခုပ်သံကို ချူတော့သည်။

သီတာလည်း မြေဇာမြက်ကို အသာနုတ်လိုက်သည်။ "ဟောဒီမြေဇာမြက်ကလေးပြပြီး အသာချော့မြူဖမ်းပေးပါ မောင်တော်" ဟု ထပ်မံဆိုသည်။ သီတာ၏ဆန္ဒကိုအလိုလိုက်ကာ မြေဇာမြက်ကိုပြ၍ ရာမလည်း သမင်ကို ချော့မြူဖမ်းရန် ကြိုးစားလေသည်။ လက္ခဏက မရီးတော်ကို "အစ်ကိုတော် သမင်ဖမ်းနိုင်မှာပါ၊ မရီးတော် သက်သာစွာစံနေပါ" ဟု ဆိုကာ သက်သာရာနေရာ၌ မရီးတော်အနားရရန် ခေါ်ဆောင်သွားဟန်ပြုသည်။ သီတာလည်း "သမင်လေး ထွက်မပြေးနဲ့နော်" ဟု ပြောကာ မတ်တော်မောင် ခေါ်ဆောင်ရာသို့ အသာလိုက်ပါသွားသည်။

ရာမသည် ရွှေသမင်အပါးကပ်ပြီး မြေဇာမြက်ပြ၍ မြူကာ၊ ချော့ကာ၊ ဝေ့ကာ၊ ဝိုက်ကာ၊ လိုက်ကာ၊ ရိုက်ကာနှင့် အငိုက်ဖမ်း၊ လေးဝှက် အသာလိုက်ဖြင့် သမင်ကို အရဖမ်းလေသည်။ ဆိုင်းက "မော်ရုံဟေဝန်" မှ "မြေဇာလက်ထောက်ကမ်း" ထိ တီးပေးလာသည်။ ကြာသော် ရာမမင်းလည်း မောဟိုက်စပြုလာသည်။ နောက်ဆုံးတွင် အရှင်ဖမ်းခိုင်းသောသီတာ၏ဆန္ဒကို ဆန့်ကျင်ကာ သမင်ကို လေးဖြင့် ပစ်ဖမ်းလိုက်လေသည်။ သမင်သည် ရာမမင်းပစ်လွတ်လိုက်သောလေးကို အသာရှောင်ကာ တောနက်နက်အတွင်းသို့ ပြေးဝင်သွားတော့သည်။ ရာမမင်းလည်း လွတ်မြောက်သွားသောသမင်နောက်သို့ လေးကိုအသာထမ်းကာ လိုက်ပါဟန်ပြုခြင်းဖြင့် ကခွင်မီးသည် တဖြည်းဖြည်း မှိန်ဖျော့ကာ ပိတ်ဖုံးသွားလေတော့သည်။

ရာမသမင်လိုက်ခန်းသည် ပြည့်စုံသွားတော့သည်။ ခင်းကျင်းထားသောအခင်းအကျင်းကို ပြည်ဖုံးကားမပိတ်ဘဲ မီးပိတ်လိုက်ခြင်းဖြင့် ဤအခင်းအကျင်းအတွင်းဝယ် နောက်ထပ် ဘာများဖြစ်ပေါ်လာနိုင်သနည်းဟု ပရိသတ်က စိတ်စောငေးမောကြမည်သာဖြစ်သည်။ ဇာတ်တက်ခြင်းကို စတင်ထိတွေ့ခံစားရမည်လားဟုလည်း ငံ့လင့်ကြသည်။ စင်စစ်လည်း ဇာတ်တက်ချိန်တန်နေပြီဖြစ်သည်။ အနုပညာဖန်တီးမှုသဘောအရ ရာမနှင့် လက္ခဏတို့၏ သူရသတ္တိကို ဒသဂီရိ၏အားပြိုင်မှုဖြင့် သွန်းလောင်းထုဆစ်ပြသထားသည့် ရာမသမင်လိုက်ခန်းသည် မြန်မာတို့၏ ရာမသမင်လိုက်ခန်းသာဖြစ်ပါတော့သည်။

**ကိုးကား**

**- မအေးအေးခိုင် (NUAC-(Rgn)သဘင်ဌာန)**
**၏ မဟာဝိဇ္ဇာဘွဲ့အတွက်တင်သွင်းသောကျမ်း။**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲနှင့် ပညာသင်ကြားရေးပံ့ပိုးကြေးပေးအပ်ပွဲ ပြုလုပ်



**ရန်ကုန် ဇွန် ၂၃**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲနှင့် ပညာသင်ကြားရေး ပံ့ပိုးကြေးပေးအပ်ပွဲကို ဇွန် ၂၂ ရက်က အဆိုပါအစည်းအရုံး အဆောက်အအုံတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်လောကသားများ၏သားသမီးများအား ပညာသင်ကြားရေးတွင် ပံ့ပိုးကူညီရာတွင် ပညာသင်ပံ့ပိုးကြေးသာမက ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများကိုပါ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

"မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်လောကသားတွေရဲ့ သားသမီး ၁၇၈ ယောက်အတွက် တစ်ယောက်ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ပံ့ပိုးငွေကျပ် ၂၀၀၀၀၊ မင်္ဂလာကုမ္ပဏီမှ ဦးဇော်မင်းက ငွေကျပ် ၂၀၀၀၀၊ ရုပ်ရှင်သရုပ်ဆောင် ဆောင်းအိန္ဒြေထွန်းက ငွေကျပ် ၁၀၀၀၀၊ ဒေါက်တာ အောင်ကျော်မိုးက ငွေကျပ် ၅၀၀၀ စုစုပေါင်း သားသမီးတစ်ယောက်ကို ငွေကျပ် ၅၅၀၀၀ ရရှိပါတယ်။ ဒါ့ပြင် ဗလာစာအုပ်၊ ထီး၊ ဘောပင်၊ ခဲတံ၊ ကွန်ပါဘူး၊ ခဲတံချွန်စက်၊ ကျောင်းဝတ်စုံ စတာတွေကို ပေးအပ်ပံ့ပိုးနိုင်ခဲ့ပါတယ်။ ဂုဏ်ထူးရရှိတဲ့ သားသမီးတွေကိုလဲ ၂၀၀၅- ၂၀၀၆ ပညာသင်နှစ်ကစပြီး နှစ်စဉ်ဆုတွေ ပေးအပ်ချီးမြှင့်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ ဂုဏ်ထူးရသားသမီးတွေကို ရုပ်ရှင်အစည်းအရုံးက တစ်ဘာသာကို ငွေကျပ် ၁၀၀၀၀၀ နှုန်း၊ မင်္ဂလာကုမ္ပဏီက ငွေကျပ် ၁၀၀၀၀၀ နဲ့ သရုပ်ဆောင် စွမ်းစိုးစံက ငွေကျပ် ၁၀၀၀၀၀ နဲ့ တစ်ဘာသာကို ငွေကျပ် ၃၀၀၀၀၀ ဆုချီးမြှင့်ပေးအပ်ခဲ့ပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ASH

# James ဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန် ယူနီဗာဆယ်ကုမ္ပဏီ စီစဉ်ထား

**နယူးယောက် ဇွန် ၂၃**

အမေရိကန်စာရေးဆရာ ပါစီဗဲအဲဗားရက်၏ James အမည်ရှိ ဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဇွန် ၂၂ ရက် သတင်းများအရ သိရသည်။

James ဝတ္ထုသည် ကမ္ဘာကျော် အမေရိကန် ဂန္ထဝင်စာရေးဆရာကြီး မာ့တွိုင်၏ နာမည်ကျော် ဇာတ်ကောင်ဖြစ်သော Huckleberry Finn ၏ဘဝကို ခေတ်အမြင်ဖြင့် ပြန်လည်ဆန်းသစ်ရေးသားထားသော ဝတ္ထုဖြစ်သည်။

James ဇာတ်ကားကို ကမ္ဘာကျော် နယူးဇီလန်ဒါရိုက်တာ တိုင်ကာဝေတီတီက တာဝန်ယူရိုက်ကူးပေးဖွယ်ရှိကြောင်း သိရသည်။

လက်ရှိတွင် တိုင်ကာဝေတီတီသည် James ဇာတ်ကားကို ရိုက်ကူးရေးအတွက် ယူနီဗာဆယ်ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

James ဇာတ်ကားအတွက် ကမ္ဘာကျော်ဒါရိုက်တာကြီး စတီဗင်စပီးဘာ့ဂ ထုတ်လုပ်သူအဖြစ် တာဝန်ယူထားသည်။

James ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက ကြေညာထားခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# နို့ထမင်း ရုပ်ရှင်ဇာတ်ကား ဇူလိုင်လတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်မည်




**ရန်ကုန် ဇွန် ၂၃**

ခတ္တိယရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် နို့ထမင်း ရုပ်ရှင်ဇာတ်ကားကို ဇူလိုင်လတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် စစ်နိုင်က ပြောပြ၍ သိရသည်။

နို့ထမင်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို မြင့်ဦးဦးမြင့်က ရေးသားထားပြီး အင်ကြင်းဟန်က ဇာတ်ညွှန်းခွဲကာ ခတ္တိယရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဝင်းထွန်းထွန်းက တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ ရိုးသားပွင့်လင်းတဲ့ ကျေးလက်တောရွာတစ်ရွာက ကျေးရွာသူ၊ ကျေးရွာသားတွေရဲ့ဓလေ့စရိုက်တွေနဲ့အတူ မေတ္တာတရားကြီးမားပုံတွေကို မြင်တွေ့ရမှာပါ။ ကျေးလက်သဘာဝဒရာမာကားလေးပါ။ ဒီဇာတ်ကားမှာတော့ အမေဖြစ်သူရဲ့ အလိုလိုက်ခံထားရတဲ့ ပွဲတိုင်းကျော် ဇော်ကြီးအဖြစ် ပါဝင်သရုပ်ဆောင်ထားပါတယ်"ဟု သရုပ်ဆောင် စစ်နိုင်က ပြောပြသည်။

နို့ထမင်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် မြင့်မြတ်၊ ဖြိုးငွေစိုး၊ ဖြိုးလေး၊ စစ်နိုင်၊ ချာလီ၊ ထူးခြား၊ စိုးမြတ်သူဇာ၊ ခင်ဝင့်ဝါ၊ ဝေလာရီနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Merciless ဇာတ်ကားသစ်တွင် မင်းသား ဂျိုနသန်မေဂျာ ပါဝင်မည်

**နယူးယောက် ဇွန် ၂၃**

Merciless အမည်ရှိ လျှို့ဝှက်သည်းဖို ဇာတ်ကားသစ်တွင် Creed-3 မင်းသား ဂျိုနသန်မေဂျာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၂၂ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဂျိုနသန်မေဂျာသည် အဓိက ဇာတ်ကောင်အဖြစ် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

Merciless ဇာတ်ကားကို ပြင်သစ်ဒါရိုက်တာ မာတင်ဗီလီနေ့က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Merciless ဇာတ်ကားသည် ရန်သူအုပ်စုတစ်စု၏ သိမ်းသွင်းမှုခံခဲ့ရသော ချစ်သူအမျိုးသမီးကို ကယ်ဆယ်ရန်ကြိုးပမ်းမည့် စီအိုင်အေ စုံစမ်းစစ်ဆေးရေးမှူးတစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Merciless ဇာတ်ကားကို ၂၀၂၄ ခုနှစ် ဆောင်းရာသီတွင် စတင်ရိုက်ကူးရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

လက်ရှိတွင် Merciless ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားခြင်း မရှိသေးကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO



# ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပမည့် မြန်မာ့ဂီတနေ့အခမ်းအနားနှင့် ဂီတဖျော်ဖြေပွဲသို့ ဂီတမြတ်နိုးသူပြည်သူများ လာရောက်ကြည့်ရှုနိုင်

**ရန်ကုန် ဇွန် ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပမည့် မြန်မာ့ဂီတနေ့ အခမ်းအနားနှင့် ဂီတဖျော်ဖြေပွဲသို့ ဂီတမြတ်နိုးသူ ပြည်သူများ လာရောက်ကြည့်ရှု အပန်းဖြေနိုင်ကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်က ပြောပြ၍ သိရသည်။

အဆိုပါ မြန်မာ့ဂီတနေ့အခမ်းအနားကို ဇွန် ၂၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး အခမ်းအနားတွင်ပါဝင်မည့် ဂီတဖျော်ဖြေရေးအစီအစဉ်များကို ဂီတဝါသနာရှင်များ၊ ဂီတမြတ်နိုးသူ ပြည်သူများ လာရောက်အပန်းဖြေ ကြည့်ရှုနိုင်ရန် ဝင်ခွင့်လက်မှတ်များကို ဇွန် ၂၄ ရက်မှ ဇွန် ၂၆ ရက်ထိ ထုတ်ယူနိုင်ကြောင်း သိရသည်။

"အခုနှစ်ကတော့ မြန်မာ့ဂီတနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၇ ရက် ညနေ ၅ နာရီမှာ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) ရဲ့အစီအစဉ်၊ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုနဲ့ အမျိုးသားဇာတ်ရုံမှာ စည်စည်ကားကား ကျင်းပသွားမှာပါ။ ဒီအခမ်းအနားကြီးရဲ့ ဖျော်ဖြေရေးအစီအစဉ်မှာ နိုင်ငံကျော်မြန်မာသံ၊ စတူဒီယို တီးဝိုင်းတွေနဲ့ နိုင်ငံကျော်တေးသံရှင်တွေက စုဖွဲ့ပြီးတော့ သီဆိုဖျော်ဖြေကြမှာဖြစ်ပါတယ်။ ဒီဖျော်ဖြေပွဲကို ဂီတလောကသားတွေကော၊ ဂီတမြတ်နိုးတဲ့ အများပြည်သူတွေပါ လာရောက်ကြည့်ရှုအပန်းဖြေနိုင်ဖို့ ဝင်ခွင့်လက်မှတ်တွေကို ဇွန် ၂၄ ရက်ကနေ ဇွန် ၂၆ ရက် နံနက် ၁၀ နာရီကစပြီးတော့ အမျိုးသားဇာတ်ရုံ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)နဲ့ မြို့နယ်ဂီတအစည်းအရုံးတွေမှာ ထုတ်ယူနိုင်ပါတယ်။ အခမ်းအနားကို ဂီတလောကအလွှာစုံက တက်ရောက်ကြမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်က ပြောပြသည်။

မြန်မာ့ဂီတနေ့ အထိမ်းအမှတ်အဖြစ် မြန်မာ့ဂီတနေ့အခမ်းအနားနှင့် မြန်မာ့ဂီတနေ့အထိမ်းအမှတ် ဂီတဖျော်ဖြေရေးအစီအစဉ်များကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အနေဖြင့် နှစ်စဉ်ကျင်းပလေ့ရှိပြီး အဆိုပါအစီအစဉ်များကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ကြောင်း သိရသည်။

ASH

# PDF terrorist armed attack kills Sayadaw, wounds innocent person on Myingyan-Makyeethahmya road, Myingyan Township

**Nay Pyi Taw June 23**

According to the information that a person was wounded by the attack launched by PDF terrorists on a passenger vehicle on Myingyan-Makyeethahmya road north of Makyeethahmya village two miles south-east of Myingyan Township in Myingyan Township at 00.15 hour on 23 June 2024, a combined force of Tatmadaw, Myanmar Police Force and people's militia surveyed the area at 00.50 am the same day.

During the armed attack, assistant head of YwaU village monastery Bhaddanta Ottama, age 50, vasa 12, from Sakhama village in Myingyan Township was hit three shots, one in the left side of the body, another in left side of the head, and the other right in side of the back, and died on the spot. U Aung Myo Thaung, age 40, son of U Aung Thaung, from Sakhama village was wounded in the left knee, and also suffered bruises at the back of left ear. As the roof of the unregistered car, a light gray NOAH, had lights bearing the word "Security", it is possible that terrorists might mistake it with a vehicle on security duty and fired at it.

When the incident was verified, it is found that at about 10 pm on 22 June 2024, as Ma Wint Wa, age 28, daughter of U Aye Thaung, from Sakhama village was suffering from stomach ache, Sayadaw Bhaddanta Ottama drove the vehicle of Myatponnya welfare association from the village to transport her to her father, U Aye Thaung's house at Ward 7 in Myingyan. The Sayadaw was accompanied by U Aung Myo Thaung. After transporting Ma Wint Wa to her father's house, the car drove back to Sakhama village. According to the wounded person, U Aung Myo Thaung, the car was attacked by PDF terrorists with small arms from multiple sides at the place on Myintgyan-Makyeethahmya road.

Security forces conveyed the body of the Sayadaw and the wounded person to Myingyan District People's Hospital at 1.30 am today. They are conducting security duties in the area.

100



U Aung Myo Thaung, who was wounded in a small weapon attack by PDF terrorists.




The photo shows the car of Myatponnya welfare association, hit by PDF terrorists' small weapon attack.

# More than K3 billion disbursed to farmers for cultivation of monsoon crops in 2024

**Mandalay June 23**

Mandalay Region Myanmar Agricultural Development Bank has disbursed K3.52 billion of loans to local farmers to grow monsoon crops in 2024, according to the bank branch in Mandalay.

U Aung Myo Than, Deputy Regional Manager of MADB said that the loans have been issuing to local farmers from 23 township depending on paddy and other crops since 20 May. At present, the bank has given K3.52 billion of loans to 5,623 farmers from 99 village-tracts in 17 townships of Mandalay Region to grow 31,391 acres of monsoon paddy and other crops.

He explained, "The loan covers 23 townships. The disbursement of loans will last till September. It will be given to all farmers from 23 townships for cultivation of paddy and other crops at soft interest rate. Its rate will be 5 per cent. Loans will be disbursed in monsoon, winter and pre-monsoon period. It will be K150,000 per acre of paddy and K100,000 per acre of groundnut, green gram, cotton, sesame chickpea, black bean, soya bean and maize."

The loans have been given for 31,391 acres of paddy and other crops in 17 townships of Mandalay Region for 2024 monsoon. These townships are Chanayethazan, Amarapura, Patheingyi, PyinOoLwin, Kyaukse, Singaing, TadaU, Myittha, Meiktila, Wundwin, Mahlaing, Thazi, Taungtha, Yamethin, Pyawbwe, NyaungU and Kyaukpadaung.

185

# More than 5,000 acres of monsoon paddy planted in Katha Township

**Katha June 23**

According to the statistics of Katha Township Agriculture Department, a total of 5,023 acres of farmlands have been placed under monsoon paddy in Katha Township of Sagaing Region this monsoon.

In 2024-25 monsoon, Katha Township earmark 38,510 acres of monsoon paddy but local farmers have planted 5,023 acres of paddy against the target.

U Ko Lay, head of Township Agriculture Department, said: "Local farmers have so far planted more than 5,000 acres of monsoon paddy against the target of more than 38,000 acres. Our department assists local farmers in growing paddy meeting the target with agricultural techniques, prevention of pests, and keeping harvested paddy under shelters in time."

Local authorities and staff of the Township Agriculture Department cooperate with local farmers in systematically growing monsoon paddy without any difficulties.

Local farmers prefer to use Hsin Ekari-3, Ayeyamin, Lonethwehmwe and domestic paddy strains with the irrigation facilities from underground water and damming creeks.

This year, township Agriculture Department provided quality strains of paddy seeds, techniques of making natural fertilizers and prevention of pests.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 12,000 medium-sized private industries registered in Myanmar


A private industry in operation.

**Nay Pyi Taw June 23**

The Ministry of Industry stated that more than 12,000 medium-sized industries are being registered at home.

Businesspersons in Myanmar are operating MSME industries depending on their businesses. Up to May 2024, the Industrial Supervision and Inspection Department under the Ministry of Industry allowed registration for 47,894 industries including 12,815 medium-sized industries.

These medium-sized industries are operating 14 kinds of businesses including foodstuffs, beverages, metal production and others.

A total of 5,853 industries manufacture foodstuffs, 842 industries beverages and 916 industries metal production.

The industry engaging electronic products is only one but 11 industries are producing machinery for transport.

The medium-sized industries are being operated by some 60-300 labourers with K1,000 million of investment.

336

# Monywa Township completes cultivation of more than 3,000 acres of green gram this monsoon

**Monywa June 23**

Statistics of Monywa Township Agriculture Department stated that the township has planted 3,716 acres of green gram this monsoon.

In 2024-25 monsoon, Monywa Township earmarked cultivation of 1,020 acres of pre-monsoon green gram and 7,930 acres of monsoon green gram. Local farmers started cultivation of 572 acres of pre-monsoon greem gram and 3,144 acres of monsoon green gram, totalling 3,716 acres.

"We have earmarked cultivation of more than 8,000 acres of pre-monsoon and monsoon green gram in Monywa Township this monsoon. So far, local farmers have planted more than 3,000 acres of green gram with concerted efforts to meet the target. We provide assistance for local farmers with agricultural techniques and plans to expand sown acreage and use of quality strains of crops," said U Soe Thet Aung, Head of Monywa Township Agriculture Department.

This year, departmental officials cooperate with local farmers to raise awareness of using high yield quality strains of crops and inputs as well as post-harvest technologies.

206

# Potato produced at home marketable in Mandalay

**Mandalay June 23**

Homegrown potatoes are marketable in Mandalay market, said Daw May The Swe, owner of Aung onion and potato brokerage in Mandalay.

These potatoes were in normal trading in the second week of June at Mandalay market but its demand is high at the market.

"Potatoes from Aungban region is grasping market share in Mandalay," she explained.

On 20 June, potato fetched K3,000 per viss with high demand in Mandalay market.

Potatoes are grown in Shan State with irrigation facilities and highland cultivation. The crop is cultivated in Ayeyawady, Mandalay and Magway regions.

"Not only homegrown potatoes but the potatoes imported from China are being traded in Mandalay market.

184


A buyer sorting out potatoes at a market in Mandalay.

# Chinese firm starts production of pig iron in Zimbabwe

**Manhize June 23**

The Dinson Iron and Steel Company (DISCO), a subsidiary of the private company Tsingshan Holding Group in east China's Zhejiang Province, has started production of pig iron in Manhize, a town in the Midlands Province of Zimbabwe, marking a milestone in the revival of the country's iron and steel industry.

"This really is a very joyous occasion to see the first stage of production of iron from Manhize," said Mines and Mining Development Minister Winston Chitando in an interview with Xinhua after touring DISCO's plant Thursday.

Pig iron, also known as crude iron, is the direct product of the blast furnace and yields steel, wrought iron, or high-purity iron when refined.

The production of pig iron, which commenced last week, sets the stage for steel billet production, which is expected to begin next month.

Chitando said DISCO is expected to produce 600,000 metric tons of carbon steel in the first phase of the project, rising to 1.2 million, then 3.2 million, and ultimately 5 million metric tons per year in the final phase.

Xinhua


A worker is busy at the Dinson Iron and Steel Company (DISCO) in Manhize, Midlands Province, Zimbabwe, June 20, 2024.

# Spanish expert warns consumers will suffer most due to EU tariffs on Chinese EVs

**Barcelona June 23**

As the European Commission plans to impose additional duties on imports of Chinese electric vehicles (EVs), a Spanish expert warned that consumers would suffer the most from the escalating trade frictions.

The European Union (EU)'s move would not foster economic prosperity, Josep Maria Gomes, international business developer at the Barcelona Chamber of Commerce, made the remarks in a recent interview with Xinhua.

The European Commission on June 12 revealed a list of protectionist duties it would levy on imports of battery electric vehicles from China, sparking opposition and concerns from governments and businesses across Europe.

The provisional duties envisaged by the Commission on the imports of EVs from China would range from 17.4 percent to 38.1 percent.

Speaking about the tariffs on imports of Chinese EVs, Gomes said that consumers would be hurt most, adding that "we have seen over the years how protectionism has failed to bring ... a more competitive economy, and nor does it safeguard jobs."

"Whether it's electric cars, batteries or other types of Chinese investment, if we make it difficult for investors through the imposition of tariffs or other protectionist barriers, then we will be only hurting ourselves," he said.

Xinhua

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## Rheinmetall က Skyranger 35 စနစ်ကို Eurosatory 2024 ပြပွဲတွင် မိတ်ဆက်ပြသ




ဂျာမနီနိုင်ငံ Rheinmetall ကုမ္ပဏီသည် Leopard 2 တင့်ကိုယ်ထည်ပေါ်တွင် တပ်ဆင်ထားသော Skyranger 35 လေကြောင်းရန် ကာကွယ်ရေးစနစ်ကို Skyranger 35 on Leopard 2ဟူသောအမည်ဖြင့် Eurosatory 2024 ကာကွယ်ရေးပြပွဲတွင် မိတ်ဆက်ပြသခဲ့သည်ဟု Army Recognition သတင်းဌာနက ဇွန် ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Leopard 2 တင့်ကိုယ်ထည်ကို Skyranger 35 လေကြောင်းရန်ကာကွယ်ရေးစနစ် Turret နှင့် ပေါင်းစပ်ထားသော တိုက်ယာဉ်သည် Leopard 1A2 ပင်မတိုက်ပွဲဝင်တင့်ကား ကိုယ်ထည်ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး Gepard 1A2 ယာဉ်တင်လေယာဉ်ပစ် အမြောက်စနစ် (SPAAG)ကိုအစားထိုးရန် ရည်ရွယ်ထားကြောင်း သိရသည်။

Skyranger 35 Turret နှင့် Leopard 2A4 တင့်ကားကိုယ်ထည်ကို ပေါင်းစပ်အသုံးပြုရခြင်းရည်ရွယ်ချက်မှာ မြေပြင်အခြေစိုက် ရွေ့လျား(ယာဉ်တင်) လေကြောင်းရန် ကာကွယ်ရေးစနစ်သစ် (GBAD) ကို တီထွင်ဖန်တီးရန်ဖြစ်သည်။ ကနဦးမူလ Skyranger 35 စနစ်သည် ဒရုန်းများ၊ ရဟတ်ယာဉ်များနှင့် အနိမ့်ပျံလေယာဉ်များကဲ့သို့သော လေကြောင်းခြိမ်းခြောက်မှုများအပြင် မြေပြင်ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်သည့် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်လည်းဖြစ်သည်။ ၎င်းတွင် ၃၅ မီလီမီတာလေယာဉ်ပစ်အမြောက် တစ်လက်တပ်ဆင်ထားပြီး တစ်မိနစ်လျှင် အတောင့် ၁၀၀၀ ထိ ပစ်ခတ်နိုင်ကာ ၃၆၀ ဒီဂရီ ပတ်လည် ပစ်မှတ်များကို စောင့်ကြည့်ခြင်းနှင့်ခြေရာခံခြင်းအတွက် အဆင့်မြင့် အာရုံခံကိရိယာများ တပ်ဆင်ထားသည်။ ဤစနစ်သည် သီးခြားဖြစ်စေ သို့မဟုတ် အခြား လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များဖြင့် ကွန်ရက်ချိတ်ဆက်၍ ပေါင်းစည်းလုပ်ဆောင်ခြင်းဖြစ်စေ ယခင် Gepard 1A2 လေယာဉ်ပစ်အမြောက်စနစ်ကဲ့သို့ပင် လှုပ်ရှားတပ်ဖွဲ့များနှင့် အရေးကြီးအခြေခံအဆောက်အအုံများကို အကာအကွယ်ပေးနိုင်သည်။

Skyranger 35 လက်နက်စနစ်ကို Rheinmetall ကုမ္ပဏီက တီထွင်ထားပြီး တစ်မိနစ်ပစ်နှုန်း အတောင့် ၁၀၀၀ ဖြင့် အကွာအဝေး မီတာ ၄၀၀၀ ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ဒရုန်းများ၊ ရဟတ်ယာဉ်များ၊ ဒုံးကျည်များကဲ့သို့ အနိမ့်ပျံပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန် အဓိကထား ဒီဇိုင်းထုတ်ထားသည်။ အလျင်နှုန်းမြင့်မားပြီး အရွယ်အစားသေးငယ်သော ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ပရိုဂရမ်ထည့်သွင်းထားသည့် Time-Delay ခဲယမ်းကျည်များ အသုံးပြုတိုက်ပွဲဝင်နိုင်ကြောင်း သိရသည်။

လက်နက်စနစ်တွင် X-band သို့မဟုတ် Ku-band အမျိုးအစား ရေဒါတစ်ခုနှင့် ပေါင်းစပ်အာရုံခံကိရိယာတစ်စုံ ပါဝင်ပြီး အကွာအဝေး ကီလိုမီတာ ၃၀ ထိ ထောက်လှမ်းနိုင်ကာ အလိုအလျောက်ခြေရာခံ ထိန်းကျောင်းနိုင်ရန်အတွက် လေဆာအကွာအဝေးရှာ ကိရိယာနှင့် Electro-Optical/Infrared (EO/IR) ကင်မရာတို့ ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

ယနေ့အချိန်တွင် ဘက်စုံသုံးယာဉ်အများအပြားထုတ်လုပ်ရာ၌ Leopard 2 ပင်မတိုက်ပွဲဝင်တင့်ကား၏ ကိုယ်ထည်ကို အခြေခံထုတ်လုပ်လာကြသည်ကို တွေ့ရှိရသည်။ တင့်၊ သံချပ်ကာဆယ်ယူရေးယာဉ်၊ မိုင်းကွင်းအတားအဆီးများ ဖယ်ရှားရှင်းလင်းရေးအင်ဂျင်နီယာ လုပ်ငန်းသုံးယာဉ်၊ ဘက်စုံသုံး ပြန်လည်ဆယ်တင်ရေးယာဉ်၊ တံတားထိုး တင့်၊ အကြီးစားအမြောက်တပ်ဆင်ထားသည့် ပင်မတိုက်ပွဲဝင်တင့်၊ လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်တပ်ဆင်ထားသောတိုက်ယာဉ် စသည်ဖြင့် ပေါင်းစပ်ယာဉ်များအဖြစ် Rheinmetall ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသည်။ ဤသို့ ဖွံ့ဖြိုးတိုးတက်မှုများသည် Leopard 2A4 တင့်ကား၏ ခေတ်မီအဆင့်မြင့် မျိုးကွဲတစ်မျိုးကိုဖန်တီးထုတ်လုပ်ရန် Rheinmetall ၏ မဟာဗျူဟာမြောက် ကြိုးပမ်းချက်တစ်ရပ်ဖြစ်ပြီး NATO တပ်ဖွဲ့များကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်စွမ်းကို အဆင့်မြှင့်တင်ရန်အတွက် နည်းပညာအသစ်များကိုပေါင်းစပ်ထည့်သွင်းရန် အားထုတ်လာခြင်းပင်ဖြစ်ပါတော့သည်။

**Rheinmetall's latest Skyranger 35 on Leopard 2 air defense system debuts at Eurosatory 2024 ကို ဘာသာပြန်ဆိုထားပါသည်။**

---

## Storm Shadow AI (SSAI) ကို အခြားလက်နက်စနစ်များနှင့်ပါ ပေါင်းစပ်အသုံးပြုနိုင်မည်

ဗြိတိန်နိုင်ငံထုတ် Storm Shadow ဒုံးကျည်တွင် အသိဉာဏ်တု(AI)နည်းပညာ ပေါင်းစပ်အသုံးပြု၍ Anti-Jamming စွမ်းဆောင်ရည်ကို အဆင့်မြှင့်တင်ရန် တီထွင်ထုတ်လုပ်ထားသော Storm ShadowAI(SSAI) ကို မကြာမီကာလတွင် အခြားလက်နက်စနစ်များနှင့်ပါ ပေါင်းစပ်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇွန် ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။


ရိုမေးနီးယားနိုင်ငံ OVES Enterprise ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသော Storm Shadow AI (SSAI) သည် ယူကရိန်းတွင် ဗြိတိန်နိုင်ငံထုတ် Storm Shadow ခရုဇ်ဒုံးကျည်များကို အောင်မြင်စွာ အသုံးပြုနိုင်ခဲ့ပြီးနောက် ဒုံးကျည်ထုတ်လုပ်သူများ၏ အာရုံကို ဖမ်းစားထားနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ SSAI တွင် မျက်မြင်မှတ်သားခြင်း (Visual Recognition) နှင့် အခြားအဆင့်မြင့် စိစစ်ခွဲခြားခြင်းနည်းလမ်းများ (Advanced Identification Methods) အသုံးပြုထားပြီး ဒုံးကျည်များကို ရန်သူ့အီလက်ထရွန်နစ် ဖိဖျက်နှောင့်ယှက်မှုများကြားမှ ပစ်မှတ်များကို ရှာဖွေထောက်လှမ်း၍ အလိုအလျောက်တိုက်ခိုက်ဖျက်ဆီးနိုင်စေမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် Storm Shadow AI ကို ၎င်းတို့၏လက်နက်ပစ္စည်းများတွင် ပေါင်းစည်းအသုံးပြုလိုသော ဒုံးကျည်ထုတ်လုပ်ရေးကုမ္ပဏီများမှ အဆင့်မြင့်တာဝန်ရှိသူများနှင့် ဆွေးနွေးမှုများပြုလုပ်နေသည်ဟု OVES Enterprise မှ တာဝန်ရှိသူ Mihai Filip က ပြောကြားခဲ့သည်။

SSAI ကို High Mobility Artillery Rocket System (HIMARS) အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်နှင့် Excalibur တိကျပဲ့ထိန်းဒုံးကျည်များကဲ့သို့သော ခေတ်မီလက်နက်စနစ်များတွင် ပေါင်းစပ်အသုံးပြုလာနိုင်သည်။ ဤလက်နက်စနစ်များသည် GPS အပေါ် မှီခိုထားပြီး အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များ တန်ပြန်အသုံးပြုလာမည့် စစ်ဆင်ရေးနယ်မြေတွင် ပစ်မှတ်ထိမှန်နိုင်မှု လွန်စွာနည်းပါးလာခဲ့ကြသည်။

ပြီးခဲ့သည့်လတွင် ယူကရိန်းနိုင်ငံမှ လက်နက်စနစ်များအပေါ် အကဲဖြတ်ဆန်းစစ်ချက်တစ်ရပ်၌ HIMARS နှင့် Excalibur တိကျပဲ့ထိန်းဒုံးကျည်များသည် ရုရှားတို့၏ ခိုင်မာအားကောင်းသော အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များ၏ တန်ပြန် လုပ်ဆောင်လာမှုများကြောင့် စစ်မြေပြင်တွင် လုံးဝထိရောက်မှုမရှိကြောင်း တွေ့မြင်ခဲ့ရသည်။ အခြားတစ်ဖက်တွင်မူ ဗြိတိန်နိုင်ငံထုတ် Storm Shadow ခရုဇ်ဒုံးကျည်သည် စစ်ပွဲကာလတစ်ခုအတွင်း ရုရှားပစ်မှတ်များကို ရာနှုန်းပြည့် တိုက်ခိုက်နိုင်ခဲ့သည့် အောင်မြင်မှုမှတ်တမ်း ရရှိထားသည်ဟု ယူကရိန်းဘက်က ထုတ်ပြောလာသည်။



အကယ်၍ ရိုမေးနီးယားနိုင်ငံပိုင် ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသော SSAI ကို အထက်ဖော်ပြပါ အမေရိကန်ထုတ် တိကျပဲ့ထိန်းခဲယမ်းများတွင် ပေါင်းစပ်အသုံးပြုနိုင်မည်ဆိုပါက အမြင်အာရုံ၊ အပူငွေ့နှင့် ရေဒီယိုလှိုင်းများဖြင့် ပစ်မှတ်ကို မှတ်သားသိရှိမှုနည်းလမ်းများကိုသာ အသုံးပြုမည်ဖြစ်သည့်အတွက် GPS အပေါ် မှီခိုရမှုကို ဖယ်ရှားပစ်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြကြောင်း သိရသည်။

ဤအခြေအနေမျိုးတွင် SSAI သည် ပစ်မှတ်ကို တိကျစွာတိုက်ပွဲဝင်နိုင်မှုအတွက် အံဝင်ခွင်ကျဖြစ်စေမည့် စွမ်းဆောင်ရည်များကို ကုန်ကျစရိတ်သက်သာစွာ ပေါင်းစပ်အသုံးပြုနိုင်စေသည့် ဆန်းသစ်တီထွင်မှုတစ်ခုသာဖြစ်ကြောင်း သက်သေပြနိုင်ခဲ့သည်ဟု Filip က မှတ်ချက်ပြုပြောကြားခဲ့သည်။

**Storm Shadow's AI Solution Could Soon Be Integrated Into Other Weapons ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၇၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၇၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ဧက ၁၀၂၀ နှင့် မိုးပဲတီစိမ်းဧက ၇၉၃၀ စုစုပေါင်းပဲတီစိမ်းဧက ၈၉၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးကြိုပဲတီစိမ်း ၅၇၂ ဧကနှင့်မိုးပဲတီစိမ်း ၃၁၄၄ ဧက စုစုပေါင်း ၃၇၁၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မုံရွာမြို့နယ်အတွင်း မိုးကြိုပဲတီစိမ်းနဲ့ မိုးပဲတီစိမ်းဧက ၈၉၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိဧက ၃၇၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးဆောင်ရွက်နေပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့အတွက် အသိပညာပေးတာတွေရှိပါတယ်" ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးကြိုပဲတီစိမ်း၊ မိုးပဲတီစိမ်း စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ကျောက်တန်းမြို့နယ် ပါဒကြီးကျေးရွာ၌ ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်နေမှုစစ်ဆေး

**ကျောက်တန်း ဇွန် ၂၃**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ပါဒကြီးကျေးရွာ၌ ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ဇွန် ၂၂ ရက်က တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သူကိုကို၊ သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမြင့်နှင့် တာဝန်ရှိသူများက ပါဒကြီးကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၄၈ ဒသမ ၁၆ သန်းဖြင့်ဆောင်ရွက်သည့် သောက်သုံးရေရရှိရေး တွင်းနက်တူးဖော်ခြင်းနှင့် အိမ်တိုင်ရာရောက် ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းများကို စစ်ဆေးကြပြီး ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းပြသရာ ဒုတိယညွှန်ကြားရေးမှူးက သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။



ပါဒကြီးကျေးရွာ၌ အချင်းလေးလက်မခွဲ၊ အနက်ပေ ၆၀၀ ရှိ တွင်းနက်တူးဖော်ခြင်းလုပ်ငန်းနှင့် အိမ်တိုင်ရာရောက် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများကို **Bruno Mars** ကုမ္ပဏီက ဇွန် ၁၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာနေပြည်သူများ သန့်ရှင်းသောသောက်သုံးရေကို ရာသီမရွေးရရှိသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်က ပြောပြ၍ သိရသည်။

**ကျော်ဇောဦး(မောရမ်းမြေ)**

# စလင်းမြို့နယ် ကံဆွယ်လေးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**စလင်း ဇွန် ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဒါးဆွယ်ကန်ကျေးရွာအုပ်စု ကံဆွယ်လေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) သည် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရွေးချယ်ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကျေးရွာလူထုကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရသော စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူက ကျေးရွာကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် အစည်းအဝေးတက်ရောက်လာသူများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

ကံဆွယ်လေးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတော် ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၃-၆-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၆၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့သို့ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်






**နေပြည်တော် ဇွန် ၂၃**

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများလိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီရရှိစေရေးနှင့် ပြည်သူများ စိုက်ထုတ်ကုန်ကျရသော ဆေးကုသမှုစရိတ် လျှော့နည်းကျဆင်းစေရေး ဆောင်ရွက်လျက်ရှိရာ အထူးကုသမှုများ (Super Speciality) လိုအပ်သော ပြည်သူများအနေဖြင့် သက်ဆိုင်ရာ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံ၍ ကုသမှုများရရှိနိုင်စေရေး ရည်ရွယ်ကာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့မှ အထူးကုဆေးကုသရေးအဖွဲ့များဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ကွင်းဆင်းကုသမှုအစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဇွန်၂၂ရက်နှင့် ၂၃ ရက်တို့တွင် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး၊ သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီးနှင့် ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး-ရန်ကုန်တို့မှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့သို့သွားရောက်ကာ ခရိုင်ပြည်သူ့ဆေးရုံ ကော့သောင်းမြို့မှ အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူများကို ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

အဆိုပါ အထူးကုဆေးကုသရေးအစီအစဉ်တွင် ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်တို့မှ မြို့ပေါ်နှင့်ကျေးလက်နေ ပြည်သူများ လာရောက်ပြသခဲ့ပြီး နှလုံးရောဂါဆိုင်ရာလူနာ ၁၁၇ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာလူနာ ၅၆ ဦး၊ ကလေးနှလုံးဆေးကုသမှုဆိုင်ရာ ၁၇ ဦး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာလူနာ ၁၁၈ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ လူနာ ၁၂၇ ဦး၊ အထွေထွေရောဂါ ဆေးပညာ လူနာဦးရေ ၁၉၀ စုစုပေါင်းဒေသခံပြည်သူ ၆၂၅ ဦးတို့ကို ကြည့်ရှုကုသမှုပေးနိုင်ခဲ့ပြီး နှလုံးရောဂါဆိုင်ရာလူနာ ခြောက်ဦး၊ ကလေးနှလုံးရောဂါလူနာ တစ်ဦး၊ အစာအိမ်အူလမ်းကြောင်းလူနာ သုံးဦးတို့ကို လိုအပ်သောစစ်ဆေးကုသမှုများ ဆက်လက်ခံယူနိုင်ရန် ရန်ကုန်ရှိ သက်ဆိုင်ရာဆေးရုံကြီးများသို့ လွှဲပြောင်းကုသမှုများ ဆောင်ရွက်နိုင်ခဲ့သည်။

အဆိုပါ လူနာများအနက် နှလုံးပုံရိပ်ဖော်စက်ဖြင့် ကြည့်ရှုခြင်း (Echocardiography) ၂၄ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၆၅ ဦး၊ ဓာတ်ခွဲစမ်းသပ်မှု ၆၄ ဦး၊ သွေးချိုဓာတ်(HbA1C) တိုင်းတာခြင်း ၁၀ ဦး၊ Ultrasound ရိုက်ခြင်း ၃၄ ဦး၊ နှလုံးစက်ဖြင့်စစ်ဆေးခြင်း(ECG) ၂၁၄ ဦး စမ်းသပ်စစ်ဆေးပေးနိုင်ခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ အထူးကုဆေးကုသရေးအစီအစဉ်သို့ လာရောက်ပြသကုသမှုခံယူကြသူများကို တွေ့ဆုံအားပေးစကားပြောကြားကာ အာဟာရဒါန စားသောက်ဖွယ်ရာများလှူဒါန်းပြီး ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများကို တွေ့ဆုံနှုတ်ဆက်၍ ဒေသထွက် အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ယခုကဲ့သို့ အထူးကုဆေးကုသရေးခရီးစဉ်များကို ၂၀၂၄ ခုနှစ်အတွင်း ၁၃ ကြိမ်ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ Super speciality ဘာသာရပ်များသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများရှိ ပြည်သူ့ဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများပါဝင်သော အထူးကုဆေးအဖွဲ့များဖြင့်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ကျေးလက်ဒေသများသို့ အထူးကုကွင်းဆင်းကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရောဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၂၃**



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မြကန်သာရပ်ကွက်ရှိ မွေးမြူရေးတောင်သူ ဦးငြိမ်းချမ်းဦး၏ ဥစားကြက်မွေးမြူရေးခြံ၌ ကြက်အကောင် ၁၈၀၀၀ မွေးမြူထားရှိမှုနှင့် ကြက်ဥများဖြန့်ဖြူးပေးနေမှု၊ ကြက်ချေးကို သဘာဝမြေဩဇာအဖြစ် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မြောင်းမြမြို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း မြကျွန်းရွှေဝါခန်းမ၌ ကျင်းပသည့် အဌမအကြိမ် စိုက်ပျိုးရေးဒီပလိုမာ အပ်နှင်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့စိုက်ပျိုးရေးဒီပလိုမာဘွဲ့လက်မှတ် အပ်နှင်းခြင်းခံရသည့် မောင်မယ်များအနေဖြင့် မိမိတို့ကျွမ်းကျင်တတ်မြောက်ထားသည့် ပညာရပ်များကို တောင်သူလယ်သမားများ၏ လူနေမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေး ဦးထိပ်ထား၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က တန်းစဉ်ပေါင်းအမှတ်အများဆုံးဆုရ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး စိုက်ပျိုးရေးဒီပလိုမာလက်မှတ်ရ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မြောင်းမြမြို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဗဟိုဌာန၏ ရေ မြေ၊ ဒေသနှင့်သင့်တော်သည့် အထွက်နှုန်းကောင်းမွန်သော မိုးကောင်းသောက်လယ်စပါးမျိုးများ၊ ဆည်ရေသောက်စပါးမျိုးများ၊ အရည်အသွေးကောင်း စပါးမျိုးများ၊ ရေမြုပ်ခံစပါးမျိုးများနှင့် ဆားငန်ခံစပါးမျိုးများ ရွေးချယ်ထုတ်လုပ်နေမှု၊ ပဲမျိုးစုံသီးနှံများ၊ ဆီထွက်သီးနှံများ၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၊ စားဖိုဆောင်သီးနှံများနှင့် စက်မှုကုန်ကြမ်းသီးနှံများအတွက် မျိုးနှင့်နည်းပညာဆိုင်ရာသုတေသနလုပ်ငန်းဆောင်ရွက်နေမှု၊ မျိုးစပါးများစမ်းသပ်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး သုတေသီများနှင့် တာဝန်ရှိသူများကို လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ထို့အတူ မွေးမြူရေးသုတေသနဦးစီးဌာန ချောင်းသာ မွေးမြူရေးသုတေသနစခန်း၏ ဒေသနှင့်ကိုက်ညီသည့် ရေငန်ငါး၊ ပုစွန်များ မွေးမြူသုတေသနပြုခြင်း၊ တိုင်းရင်းရေငန်ငါး၊ ပုစွန်မျိုးစိတ်များကို မျိုးထိန်းသိမ်းရန်နှင့် အမြောက်အမြားမွေးမြူထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ မျိုးငါး၊ ပုစွန်များကို အရည်အသွေးပြည့်မီစေရေး မွေးမြူထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက သုတေသနနှင့်ဖွံ့ဖြိုးရေး တိုးချဲ့ဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း နွေစပါး၊ မိုးစပါး၊ ဆီထွက်သီးနှံများ စိုက်ပျိုးလျာထားကေပြည့်မီရေးနှင့် မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၅ **ရှေ့ဖုံးမှအဆက်**

နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက"မှာ ယခုအသက် တစ်နှစ်၊ ၁၁ လသားအရွယ်တွင် အရပ်အမြင့် ၄ ပေ ၆ လက်မ ကိုယ်လုံး လုံးပတ် ၇ ပေ ၄ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၃၇၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်ကလေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် (Peace Human and Elephant Interaction Training) ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပဉ္စမစွယ်တော်ရှင်စေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်ကြည့်ရှု



**မန္တလေး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကူမဲမြို့အရှေ့တောင်ဘက် ကိုးမိုင်ခန့်အကွာ မြသုခရွာအနီး မြန်မာပြည်အလယ်ဗဟိုချက် ပြက္ခရွေတောင်ရှိ ပဉ္စမစွယ်တော်ရှင်စေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက သွားရောက်ဖူးမြော်ကြည့်ရှုသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နေပြည်တော် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဗလဗုဒ္ဓိဆရာတော်အား ဖူးမြော်ပြီး ပဉ္စမစွယ်တော်ရှင်စေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ဖူးမြော်ကြည့်ရှုသည်။

ထို့နောက် ဆရာတော်ကြီးများထံမှ သြဝါဒခံယူပွဲကို ဆက်လက်ကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဉ္စမစွယ်တော်ရှင်စေတီတော်အား ရှေးဟောင်းလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သြဝါဒခံယူကြသည်။

ဆက်လက်၍ ဆရာတော်၊သံဃာတော်များထံမှ ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချအမျှပေးဝေပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

သက္ကရာဇ် ၃၉၄ ခုနှစ်တွင် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီး တည်ထားခဲ့သော ပဉ္စမစွယ်တော်ရှင် စေတီတော်တည်ရှိရာ ပြက္ခရွေတောင်သည် မြန်မာနိုင်ငံ၏ အလယ်ဗဟိုချက်တွင်တည်ရှိပြီး စေတီ၏ ရင်ပြင်တော် စနေထောင့်တွင် အင်္ဂလိပ်ခေတ် မြေတိုင်းဌာနက မြန်မာပြည်အလယ်ဗဟိုချက်ဟု သတ်မှတ်ထားသည့် ကျောက်ပန္နက်မှတ်တိုင်ရှိကြောင်း၊ မြန်မာပြည်အလယ်ဗဟိုချက် ကျောက်ပန္နက်မှတ်တိုင်ပေါ်တွင် မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၁၂ ဒသမ ၆၃၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၄ ဒသမ ၇၅၉ မိနစ် ပင်လယ်ရေမျက်နှာပြင်အထက် ၃၇၃၄ ပေဟု ကမ္ပည်းမှတ်တမ်းရေးထိုးထားသည့် ကြေးပြားကြီးရှိကြောင်း သတင်းရရှိသည်။

**မျိုးကျော်**




# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

**ဒေါက်တာထွန်းတင့်**

## သတင်း

(ယမန်နေ့မှအဆက်)

‘သတင်း’ ဟူသောဝေါဟာရ၏ အနက်နှင့် အဓိပ္ပာယ်ကို ရှင်းခဲ့ပြီးဖြစ်သဖြင့် ယခုထပ်မံရှင်းပြရန် လိုတော့မည်မဟုတ်ပါ။ သို့ရာတွင် ‘သတင်း’ ဟူသောအရေးကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် သုံးခဲ့ကြသနည်းဟူသည်ကိုမူ လေ့လာရန် လိုပါလိမ့်ဦးမည်။

‘သတင်း’ ဟူသောအရေးကို တွေ့ရသည်မှာ ချားစ်လိန်း၏ အင်္ဂလိပ်-မြန်မာအဘိဓာန်တွင် ဖြစ်သည်။ ယင်းအဘိဓာန်ကို သင်္ဘောကပ္ပိတန် ချားစ်လိန်းအမည်ရှိပုဂ္ဂိုလ်က ဦးဆောင်ပြုစုခဲ့သည်။ မြန်မာစာအပိုင်းကို မက္ခရာမင်းသားကြီးက ကြပ်မတ်တည်းဖြတ်ခဲ့သည်။ အင်္ဂလိပ်ဝေါဟာရ Newsကို ‘သတင်း’ဟုရေးသားပုံနှိပ်ထားသည်ကိုတွေ့ရသည်။ ၁၈၃၃ ခုနှစ်မှစ၍ပြုစုခဲ့ပြီး ၁၈၄၁ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သော အဘိဓာန်ဖြစ်သည်ဟု သိရသည်။ သို့ရာတွင် မြန်မာနိုင်ငံ၌ မြန်မာဘာသာဖြင့် ပထမဦးစွာ ပုံနှိပ်ထုတ်ဝေခဲ့သော သတင်းစာ၏ အမည်ကိုမူ ‘သတင်းစာ’ဟု စာလုံးမပေါင်းဘဲ ‘သ’တွင် လုံးကြီးတင်လျက် ‘သိတင်းစာ’ဟု စာလုံးပေါင်းလျက် တွေ့ရပါသည်။ ထိုသတင်းစာမှာ ‘ဓမ္မသိတင်းစာ’ ဖြစ်သည်။ ‘ဓမ္မသိတင်းစာ’ကို ၁၈၄၃ ခုနှစ်မှ စတင်၍ ၁၈၅၃ ခုနှစ်အထိ မော်လမြိုင်မြို့၌ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထူးထူးခြားခြား မှတ်သားရသည်မှာ ၁၈၃၃ ခုနှစ်မှစ၍ ပြုစု၍ ၁၈၄၁ ခုနှစ်တွင် ထုတ်ဝေသော ချားစ်လိန်းနှင့် မက္ခရာမင်းသားကြီးတို့၏ အင်္ဂလိပ်-မြန်မာအဘိဓာန်၌ ‘သ’ တွင် လုံးကြီးတင်မပါဘဲ ‘သတင်း’ဟု စာလုံးပေါင်းသော်လည်း ထိုအဘိဓာန်ထက် အနှစ် ၂၀ ခန့်နောက်ကျမှ ထုတ်ဝေသည့် သတင်းစာကိုမူ ‘သ’တွင် လုံးကြီးတင်လျက် ‘သိတင်းစာ’ဟု စာလုံးပေါင်းထားခြင်းဖြစ်သည့် အချက်ဖြစ်သည်။

တစ်ဖန်တုံ ၁၈၅၂ ခုနှစ်တွင် မော်လမြိုင်မြို့၌ပင် ပုံနှိပ်ထုတ်ဝေခဲ့သည့် မြန်မာ-အင်္ဂလိပ် အဘိဓာန်တစ်ဆူ ပေါ်ပေါက်ခဲ့ပါသည်။ ယင်းအဘိဓာန်ကား ဆရာယုဒသန်ပြုစုသည့် ‘မြမ္မာနှင့် အင်္ဂလိပ်အဘိဓာန်’ (မြန်မာ-အင်္ဂလိပ်အဘိဓာန်) ဖြစ်သည်။ ထိုအဘိဓာန်တွင်လည်း ‘သိတင်းစာ’ ဟူ၍ပင် ‘သ’ တွင် လုံးကြီးတင်လျက် စာလုံးပေါင်းထားသည်ကို တွေ့ရပြန်ပါသည်။ မှတ်သားရသည့်အချက်မှာ ၁၈၄၁ ခုနှစ်တွင် ပုံနှိပ်သော ချားစ်လိန်း၏အဘိဓာန်တွင် ‘သ’တွင် လုံးကြီးတင်မပါဘဲ ‘သတင်း’ဟု စာလုံးပေါင်းပါလျက် ၁၈၄၃ ခုနှစ်တွင် ပုံနှိပ်သောသတင်းစာနှင့် ၁၈၅၂ ခုနှစ်တွင် ပုံနှိပ်သော အဘိဓာန်တို့တွင် ‘သိတင်း’ဟု ‘သ’တွင် လုံးကြီးတင်လျက် ‘သိတင်း’ဟု စာလုံးပေါင်းထားသော အချက်ဖြစ်သည်။

လုံးကြီးတင်ပါခြင်းအဖြစ်ကို ဤသို့စဉ်းစားမိပါသည်။ လုံးကြီးတင်သည် ယေဘုယျအားဖြင့် ‘အိ’ သရသင်္ကေတဖြစ်ပါသည်။ ‘အိ’သရကို ကိုယ်စားပြုပါသည်။ ‘အိ’သရ၏ တန်ဖိုးကိုပင် ဖော်ပြပါသည်။ သို့ရာတွင် အချို့သောဝေါဟာရတို့တွင်ပါသော လုံးကြီးတင်သည် ‘အိ’ သရကို ကိုယ်စားမပြုပါ။ ‘အိ’ သရ၏ တန်ဖိုးမရှိပါ။ လုံးကြီးတင်သော သင်္ကေတမျှသာ ဖြစ်ပါသည်။

ထိုလုံးကြီးတင်သင်္ကေတသည် ယင်းနှင့်ယှဉ်ဖက်ထားသော ဗျည်းအက္ခရာ၌ ‘အ’ သရမရှိကြောင်း ဖော်ပြသည့် သင်္ကေတမျှသာဖြစ်သည်။ တစ်နည်းဆိုရသော် အသတ်သင်္ကေတနှင့် တန်ဖိုးတူသည်ဟု ဆိုသော် ရနိုင်ပါမည်။ အသတ်ဟူသည်လည်း ယင်းတွဲစပ်ထားသော၊ ယင်းတံခွန်လွှားထားသော ဗျည်းအက္ခရာ၌ အ သရသံမရှိကြောင်းကို ဖော်ပြသည့် သင်္ကေတမျှသာ ဖြစ်သောကြောင့်ဖြစ်သည်။

ဤတွင် ‘သိတင်း’ ဟူသောဝေါဟာရကို ‘သတင်း’ ဟု မရေးဘဲ ‘သိတင်း’ဟု ‘သ’တွင် လုံးကြီးတင်လျက် စာလုံးပေါင်းရေးသားခြင်း၏ အကြောင်းရင်းကို သိရန်လိုအပ်ပါသည်။ မြန်မာဘာသာတွင် အ သရသံကို အ ဖျောက်သောစနစ်နှစ်ခု ရှိပါသည်။ တစ်ခုမှာ လုံးကြီးတင်သောစနစ်ဖြစ်၍ နောက်တစ်ခုမှာ တစ်ချောင်းငင်သောစနစ် ဖြစ်ပါသည်။ ဤတွင် အ သရသံကို ဖျောက်သော၊ လုံးကြီးတင်သောစနစ်ကို တင်ပြလိုပါသည်။

အထင်ရှားဆုံးသော သာဓကမှာ တာဝတိံသာမှ သိကြား ဖြစ်ပါသည်။ တာဝတိံသာသိကြားကို ယခုအခါ ‘သ’တွင် လုံးကြီးတင်လျက် သိကြားဟု ရေးသားကြပါသည်။ သိကြားဟုပင် လုံးကြီးတင်လျက် ပြဋ္ဌာန်းထားပါသည်။ စင်စစ် ‘သ’တွင် လုံးကြီးတင်လျက် ‘သိကြား’ဟုရေးရန် အကြောင်းမရှိပါ။ ‘သိကြား’၏ ရင်းမြစ်စကားမှာ သက္ကတဘာသာ ‘ၐကြ’ ဖြစ်ပါသည်။ သက္ကတဘာသာ ‘ၐကြ’သည် ပါဠိဘာသာဖြင့် ‘သက္က’ ဖြစ်ပါသည်။ ‘သ’သည် ပါဠိအလို၊ ‘ကြ’သည် သက္ကတ အလိုဖြစ်သည်။ ပါဠိသက္ကတ နှစ်မျိုးသက်၍ ‘သကြ’ ဖြစ်သည်။ ‘သကြ’ကိုပင် ‘သကြား’ဟု ‘ကြ’ကို ကြားပြု၍ ‘သကြား’ ဖြစ်ပါသည်။ သို့ရာတွင် ‘သ’တွင် ‘အ’ သရ မပါစေလိုသဖြင့် ‘သ’တွင် လုံးကြီးတင်ယှဉ်လျက် ‘သိ’ ဟုရေးကာ ‘သိကြား’ ဖြစ်လာပါသည်။

နောက်ထပ်သာဓကတစ်ခုမှာ ‘ပိတောက်’ ဖြစ်ပါသည်။ ပိတောက်၏ ရှေးအကျဆုံးအရေးမှာ ‘ပျာတောက်’ ဖြစ်ပါသည်။ ‘ပျားတောက်’ဟု ဆိုလိုရင်းဖြစ်ပါသည်။ တစ်ခါတစ်ရံ ‘ဗျာတောက်’ဟုပင် စာလုံးပေါင်းပါသေးသည်။ ယင်းပန်း၏ရနံ့မှာပျားများပင် တောက်လောင်အောင် မွှေးသဖြင့် ပျားတောက်ဟု အနွတ္ထအမည် ပေးခဲ့ကြဟန်တူပါသည်။ ပျားများပင်တောက်သော ပန်းကို ပျားတောက်ပန်းဟုခေါ်ရာမှ ပျတောက်ပန်း၊ ပျတောက်ပန်းမှ ပတောက်ပန်းဖြစ်ခဲ့ဟန်တူပါသည်။ ထိုမှတစ်ဖန် ‘ပ’တွင် အသရကင်းကြောင်းသိစေရန်လုံးကြီးတင်သင်္ကေတကိုယှဉ်လျက် ပိတောက်ပန်းဟု ရေးမှတ်ကြခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ နေ့စဉ်အသုံးပြုနေကြရသော ပစ္စည်းတစ်ခုရှိပါသည်။ ယင်းပစ္စည်းမှာ ‘ဖိနပ်’ ဖြစ်ပါသည်။ ‘ဖိနပ်’၏ ရင်းမြစ်စကားလုံးမှာ ‘ဖနပ်’ ဖြစ်ပါလိမ့်မည်။ ‘ဖနပ်’ ဟူသောစကား၌ ‘ဖ’တွင် အ သရကင်းကြောင်း သိစေလိုသဖြင့် ‘ဖ’ အပေါ်တွင် လုံးကြီးတင်လျက် ‘ဖိနပ်’ဟု အရေးတွင်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်လျှင် ‘ဖ’၏ အနက်ကားအဘယ်နည်း။ ‘ဖ’၏အနက်မှာ ‘ခြေ’ ဖြစ်ပါသည်။ ‘ခြေ’မှ ‘ခြ’၊ ‘ခြ’ မှ ‘ခ’၊ ‘ခ’ မှ ‘ဖ’ သို့ အသံလည်းပြောင်း၊ အက္ခရာလည်းပြောင်းခြင်း ဖြစ်ပါသည်။ ဖဝါး၊ ဖမိုး၊ ဖနောင့်၊ ဖမျက်၊ ဖဆစ်တို့တွင်ရှိသော ‘ဖ’၏ အနက်ပင်ဖြစ်ပါသည်။ ‘ဖနပ်’သည် ရှေးအရ ‘ခြေနှပ်> ခြနှပ် > ခနှပ် > ဖနှပ် > ဖနပ်’သို့ အဆင့်ဆင့်ပြောင်းရွေ့လာခြင်းဖြစ်သည်။ ဤတွင် နှပ်၊ နပ်၏ အနက်ကို ရှင်းရပေဦးမည်။ ‘နှပ်၊ နပ်’၏ ရင်းမြစ်အနက်မှာ ‘ပူးကပ်’ ဖြစ်သည်။ သို့ဖြစ်၍ ‘ဖနပ်’၏အနက်မှာ ‘ခြေတွင်ကပ်ရသော၊ ခြေတွင်ကပ်နေသောအရာ’ ဖြစ်ပေသည်။ အထက်ပါသာဓကများ (သကြား> သိကြား၊ ပျားတောက်> ပျတောက်> ပတောက်> ပိတောက်) တို့ကဲ့သို့ပင် ဖနပ်မှ ‘ဖိနပ်’ ဖြစ်လာရပါသည်။

(ဖဝါး၊ ဖမိုး၊ ဖနောင့်တို့ကို ‘ခြေ’ ထပ်ထည့်၍ ခြေဖဝါး၊ ခြေဖမိုး၊ ခြေဖနောင့်ဟု သုံးရာမှ ‘လက်’နှင့်တွဲကာ လက်ဖဝါး၊ လက်ဖမိုး၊ လက်ဖနောင့် ဟူသောဝေါဟာရများလည်း ဖြစ်လာပါသည်။)

ချုပ်၍ဆိုရသော် ‘သကြား’မှ ‘သိကြား’၊ ‘ပတောက်’ မှ ‘ပိတောက်’၊‘ဖနပ်’မှ ‘ဖိနပ်’ ဖြစ်လာသကဲ့သို့ပင် ‘သတင်း’မှ ‘သိတင်း’ ဖြစ်သွားခြင်းပေတည်း။ နောင်တွင်မူ မူလအနက်စွဲအရေးဖြစ်သော ‘သတင်း’ ဟုပင် တွင်တွင်ကျယ်ကျယ် ရေးသားသုံးနှုန်းကြသည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်ပါသတည်း။

**မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## မိတ္ထီလာခရိုင် စိုက်ပျိုးရေရရှိရေးနှင့် မြို့ကြီးရေလှောင်တမံမှ ဆည်ရေခွဲဝေအသုံးပြုနိုင်ရေး ဒုတိယဝန်ကြီး ဦးပိုလ်ပိုလ်ကျော် ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇွန် ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုလ်ပိုလ်ကျော်သည် ဇွန် ၂၁ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ်တောင်ပိုင်း ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံ၏ ဝင်ရေသိုလှောင်ထားရှိမှု၊ တမံကြံ့ခိုင်မှုနှင့် တမံမှ ရေပေးဝေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျိုင်းခမ်းရေလှောင်တမံစီမံကိန်းမှ ရေလွှဲပေးပို့ကာ ဇော်ဂျီရေလှောင်တမံမှတစ်ဆင့် မြို့ကြီးရေလှောင်တမံသို့ ရေဖြည့်တင်းပေးခြင်းအားဖြင့် ရေသိုလှောင်မှု ပိုမိုရရှိလာသည့်ရေများကို မိတ္ထီလာလွင်ပြင်ရေပိုမိုရရှိရေးအတွက် စီမံဆောင်ရွက်ရန်နှင့် လိုအပ်သောတိုင်းတာမှုများ ကွင်းဆင်းဆောင်ရွက်မှုများကို အချိန်မီတင်ပြနိုင်ရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြို့ကြီးရေလှောင်တမံ ရေဝင်ရောက်မှုနှင့် ရေလွှဲဆည်မှ ကင်းတားလက်ယာမြောင်းသို့ ရေကူးပေးပို့မည့် မြို့ကြီးမြောင်းမတော် အမှတ်(၁)၏ ရေစီးရေလာအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြို့ကြီးမြောင်းမတော်အမှတ်(၁)မှ ကင်းတားလက်ယာတူးမြောင်း ရေသောက်စနစ်သို့ ရေပို့လွှတ်နိုင်မည့် အခြေအနေနှင့် ပန်းလောင်မြစ်အတွင်းသို့ ဆက်သွယ်တူးမြောင်းဖောက်လုပ်၍ ရေချပေးခြင်းအားဖြင့် ပန်းလောင်မြစ်ပေါ်တွင် တည်ဆောက်ထားသော မယ်ဇယ်ပင်သာရေလွှဲဆည်၊ ကျီးမဲရေလွှဲဆည်နှင့် စမာရေလွှဲဆည်များ၏ ရေသောက်စနစ်များ ရေပေးဝေနိုင်မည့် အခြေအနေကို ကွင်းဆင်းစစ်ဆေးပြီး လက်ရှိစိုက်ပျိုးနိုင်သည့် စိုက်ပျိုးမြေများအပေါ်တွင် သီးထပ်သီးနှံများ တိုးတက်စိုက်ပျိုးနိုင်ရန်နှင့် ဆည်ရေမရရှိသေးသည့်နေရာများတွင် ဆည်ရေရရှိအောင် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

အလားတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့် ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲမှ တာဝန်ရှိသူများသည် မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးမြေဧရိယာအသစ်များ တိုးတက်ပေးဝေနိုင်ရေးအတွက် ဒေသအတွင်း ရေရှိရနိုင်မည့်အရင်းအမြစ်နေရာများ ရှာဖွေဆောင်ရွက်ပေးလျက်ရှိရာ ပျော်ဘွယ်မြို့နယ် အရှေ့ဘက်ခြမ်းရှိ ကျောက်အိုးရေလှောင်တမံ အဆိုပြုနေရာနှင့် ဖျောက်ဆိပ်ပင်ရေလှောင်တမံဆောင်ရွက်နိုင်မည့်အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါရေလှောင်တမံများတည်ဆောက်နိုင်ပါက မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးမြေဧရိယာအသစ်များကို ရေပိုမိုပေးဝေနိုင်မည်ဖြစ်သဖြင့် အသေးစိတ်ထပ်မံတိုင်းတာခြင်းနှင့် စူးစမ်းလေ့လာခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇- ၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

**(သတင်းစဉ်)**

❖ **စားအုန်းဆီသဘော်ကြီးမှ**

ဆီတန်ချိန် ၄၀၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

၎င်းဆီသိုလှောင်ကန်များမှ စားသုံးဆီများကိုစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သက်မှတ်ထားသော ဈေးနှုန်းများဖြင့် ပြည်သူများ၏ လက်ဝယ်သို့ အမြန်ဆုံးဖြန့်ဖြူးရောင်းချနိုင်ရေး စားသုံးဆီတင် မော်တော်ယာဉ်ကြီးများဖြင့် ဆီထည့်သွင်းနေမှုကို ယမန်နေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းနှင့်တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြသည်။

"ကျန်းမာရေးနှင့်ညီညွတ်သည့်စားသုံးဆီများကိုပြည်တွင်းမှာ ဖူလုံရေးအတွက် စဉ်ဆက်မပြတ် စီစဉ်ဆောင်ရွက်ပေးနေပါတယ်။ဖြန့်ဖြူးမှုအနေနဲ့လက်ရှိ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးမှာရှိတဲ့ စားသုံးသူတွေရဲ့ လိုအပ်ချက်အတိုင်း အနီးစပ်ဆုံး လိုအပ်ချက်ပြည့်မီအောင်ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ဥပမာရန်ကုန်မှာဆိုရင်ဆီတန်ချိန် တစ်သောင်းလေးထောင်ခန့်၊ မန္တလေးမှာဆိုရင် ဆီတန်ချိန်ခုနစ်ထောင်ခန့်ဖြန့်ဖြူးပေးတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးကိုလည်း လိုအပ်ချက်အတိုင်း လစဉ်ဖြန့်ဖြူးပေးလျက်ရှိပါတယ်" ဟု မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းက စားသုံးဆီတင်သွင်းဖြန့်ဖြူးနေမှုကိုလာရောက်စစ်ဆေးစဉ်ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်က "လက်ရှိဖြန့်ချိရေးအပိုင်းမှာကုမ္ပဏီ ၂၆ခုနဲ့လစဉ်တန်ချိန် သုံးသောင်းကျော်သွင်းပြီး ဖြန့်ချိပေးနေပါတယ်။ ရန်ကုန်တိုင်းအတွင်းမှာ လက်လီဆိုင်ပေါင်း ၅၈၀၀ ကျော်ရှိပါတယ်။ အဲဒီဆိုင်တွေကနေ့စဉ်ထုတ်ရတဲ့ဆီ မြို့နယ်အလိုက်တစ်ရက်ကို ဆီပေပါ ၂၆၆၀ ကျော်ဖြန့်ချိပေးရပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ၄၄ မြို့နယ်က လက်ရှိလူဦးရေ၊ ဝန်ထမ်းအင်အား၊ ဘာသာရေးအဖွဲ့အစည်းတွေအပါအဝင်၊ လက်ဖက်ရည်ဆိုင်တွေကအစ အကြော်အလှော်ဆိုင်တွေထိ တွက်ချက်ပြီး မြို့နယ်တစ်မြို့နယ်ချင်းအလိုက် သတ်မှတ်ချက်နဲ့အညီဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်"ဟု ပြောပြသည်။

မြန်မာနိုင်ငံတွင် ဆီစားသုံးသူပြည်သူများ စိတ်ချမ်းသာစွာသုံးစွဲနိုင်ရန်အတွက် ဆီတင်သင်္ဘောကြီးများအစဉ်အဆက်မပြတ် ဝင်ရောက်နိုင်ရန် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ထားရှိကြောင်း မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**(သတင်းစဉ်)**

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၂၄-၆-၂၀၂၄ (တနင်္လာနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့ |
| ၂။ | ၁၀း၄၆ | Master Chef |
| ၃။ | ၁၃း၃၀ | Live For You |
| ၄။ | ၁၅း၀၀ | Fighting Music |
| ၅။ | ၁၇း၀၀ | သွေးချင်းတို့ဌာနေ |

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဉက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊
၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊
၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်
(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၅၄၀၀ ဖြစ်ကြောင်းထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကိုနေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇွန် ၂၄ ရက်မှ ဇွန် ၃၀ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၅၄၀၀ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကိုစားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တရားမဝင် သစ်မျိုးစုံ၊ ဆေးဝါးများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ









**နေပြည်တော် ဇွန် ၂၃**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျည်ကာအင်္ကျီ(သံပြားမပါ) အထည် ၃၀ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇွန် ၂၂ ရက်နှင့်ယနေ့တို့တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ကောင်းမှုတော်လမ်းဆုံအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် သံပြားအပါး ၂၆၆ ချပ်၊သံပြားအထူ ၉၂ ချပ်၊ သံပိုက်လုံး ၂၄၁၅ လုံး၊သံပိုက်ချောင်း ၇၃၂၈ ချောင်း၊ ကြေးပိုက်ခွေ ၁၀ ခွေပါ ၁၉ ဖာ၊ မြေတူးစက် တစ်လုံး၊နှမ်းနက် ၃၃ အိတ်အပါအဝင် ကုန်ပစ္စည်း ၄၁ မျိုးစုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၃၉၃၉၇၉ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၂၂ ရက်နှင့် ယနေ့တို့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့်သာယာဝတီခရိုင်တို့အတွင်း၌တရားမဝင်ကျွန်းသစ် သုည ဒသမ ၇၄၁ တန်၊ သစ်မာသုည ဒသမ ၅၅၃ တန်၊အခြားသစ် ၂ ဒသမ ၈၈၃ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၀၇၉၀ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၂၂ ရက်နှင့် ယနေ့တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၁၅ မှုမှာ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၈၁၄၇၆၉ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




မြင်းခြံမြို့နယ် စခမကျေးရွာနေ ရွာဦးကျောင်းမှ လက်ထောက်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဥတ္တမ နှင့် ဦးအောင်မျိုးသောင်း တို့အား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့်ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်ပြမြေပုံ။



PDF အမည်ခံ အကြမ်းဖက်သမားများ၏ လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရမှုကြောင့် ပျံလွန်တော်မူခဲ့သည့် မြင်းခြံမြို့ စခမကျေးရွာနေ ရွာဦးကျောင်းမှ လက်ထောက်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဥတ္တမအား တွေ့ရစဉ်။




PDF အမည်ခံ အကြမ်းဖက်သမားများ၏ လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဦးအောင်မျိုးသောင်းကို တွေ့ရစဉ်။

☆ ကျောဖုံးမှအဆက်

ကျည်ဖောက်ဝင် ဒဏ်ရာတစ်ချက်၊ ဝဲနားနောက်ပေါက်ပြ ဒဏ်ရာတစ်ချက်ရရှိနေသည်ကို တွေ့ရှိရပြီး မောင်းနှင်လာသည့် မော်တော်ယာဉ်၏ အမိုးပေါ်တွင် လုံခြုံရေးမီးတန်းပုံစံပါရှိသဖြင့် လုံခြုံရေးယာဉ်အဖြစ် မှားယွင်းပစ်ခတ်ခြင်းဖြစ်နိုင်ကြောင်း သိရှိရသည်။

ဖြစ်စဉ်ကိုစိစစ်ခဲ့ရာ ၂၀၂၄ ခုနှစ် ဇွန် ၂၂ ရက် ည ၁၀ နာရီခန့်တွင် စခမကျေးရွာနေ မဝင့်ဝါအေး အသက် ၂၈နှစ် (ဘ) ဦးအေးသောင်းသည် ဗိုက်အောင့်ဝေဒနာခံစားနေရသည့်အတွက် စခမကျေးရွာ မြတ်ပုည ပရဟိတအသင်းယာဉ်ဖြင့် ဘဒ္ဒန္တဥတ္တမမှမောင်းနှင်ပြီး အဖော်အဖြစ် ဦးအောငမျိုးသောင်းကို ခေါ်ဆောင်၍ ထွက်လာခဲ့ကြောင်း၊ ထို့နောက် မဝင့်ဝါအေးကို မြင်းခြံမြို့ အမှတ်(၇)






"မြတ်ပုည"ပရဟိတအသင်းမော်တော်ယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

ရပ်ကွက်ရှိ ဖခင်ဖြစ်သူ ဦးအေးသောင်း နေအိမ်သို့ပို့ဆောင်၍ စခမကျေးရွာသို့ ပြန်လည်ထွက်ခွာလာခဲ့ရာ မြင်းခြံ-မကျီးသမျှားသွားကားလမ်း ဖြစ်စဉ်နေရာအနီးအရောက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ပစ်ခတ်ခံရမှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ဦးအောင်မျိုးသောင်း၏ ပြောဆိုချက်အရ သိရှိရသည်။

အဆိုပါဖြစ်စဉ်တွင် ပျံလွန်တော်မူခဲ့သည့် ဆရာတော်နှင့် ဒဏ်ရာရရှိသူတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့ နံနက် ၁ နာရီ မိနစ် ၃၀ခန့်တွင် မြင်းခြံခရိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်းနှင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားပြီး အတိုး၊ အရင်း ပေးဆပ်ရန်ကျန်ရှိနေသော လုပ်ငန်းများအနေဖြင့် ချေးငွေများ အမြန်ဆုံးပေးဆပ်ရန် အသိပေးကြေညာ

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သောစီးပွားရေးလုပ်ငန်းများကို ချေးငွေသက်တမ်းတစ်နှစ်(အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ်ဧပြီလမှစတင်၍ ချေးငွေများထုတ်ချေးခဲ့ပါသည်။ ချေးငွေသက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီးနောက် ပထမအကြိမ် ခြောက်လ၊ ဒုတိယအကြိမ် ခြောက်လနှင့် တတိယအကြိမ် တစ်နှစ်နှင့်စုစုပေါင်း သုံးနှစ်ထိ ချေးငွေသက်တမ်းများ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်းသုံးနှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်ပါသဖြင့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပြန်လည်ပေးဆပ်ရန် တာဝန်ကျန်ရှိနေသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် ချေးငွေ အတိုး၊အရင်းများကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက် မတိုင်မီ အမြန်ဆုံးအပြေအကျေပြန်လည်ပေးဆပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

## မန္တလေးပညာရေးဒီဂရီကောလိပ်တွင် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မန္တလေး ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့က မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီက မဟာအောင်မြေခရိုင် ချမ်းအေးသာစံမြို့နယ် မန္တလေးပညာရေးဒီဂရီကောလိပ်ဝင်းအတွင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။



အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အဆင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မဟာအောင်မြေခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ချမ်းအေးသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မန္တလေးပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ခရိုင်၊ မြို့နယ် သစ်တောဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုစုပေါင်း ဦးရေ ၃၅၀ တက်ရောက်ကြသည်။

ထို့နောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်လာကြသူများက မန္တလေးပညာရေးဒီဂရီကောလိပ်ဝင်းအတွင်း သတ်မှတ်နေရာအသီးသီးတွင် ကျွန်း၊ ပိတောက်၊ ခရေ၊ စိန်ပန်း၊ တမာ၊ သပြေဘူတ၊ မည်စည်၊ ပျဉ်းမ၊ တရုတ်တည် သစ်ပင်အမျိုးအမည် ကိုးမျိုး စုစုပေါင်း ၂၅၉ ပင်ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(၁၅၂)

## ဆွစ်ဇာလန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုဖြစ်ပေါ်နေ



**အမ်ဘာဘိန်း ဇွန် ၂၃**

ဆွစ်ဇာလန်နိုင်ငံတောင်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်ပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများ ဖြစ်ပေါ်နေကြောင်း ဆွစ်ဇာလန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးရေချိန်မှာ ၁၂၄ မီတာထိ မြင့်တက်ခဲ့ပြီး မီဆိုစီနာချိုင့်ဝှမ်းတွင် မြေပြိုကျမှုကြောင့် ဒေသခံတချို့ကို အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရကြောင်း၊ ဂရစ်ဆန်နယ်မြေတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မိုးရေချိန် ၆၃ မီလီမီတာဖြင့် တစ်နာရီကျော်ထိ ရွာသွန်းခဲ့ပြီးနောက် အချိန်တိုအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရေကြီးရေလျှံမှုဖြစ်တာမျိုးက ရှားပါတယ်။ ဒါပေမဲ့လဲ နှစ်ပေါင်း ၃၀ လောက်မှာ တစ်ကြိမ်လောက်တော့ ဖြစ်လေ့ဖြစ်ထရှိပါတယ်။ ပြည်သူတွေ ဘေးကင်းဖို့အတွက် ကယ်ဆယ်ရေး လုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေပါတယ်"ဟု ဆွစ်ဇာလန် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ မက်တီယိုက ပြောကြားခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၂၃၀ ထက်မနည်းရှိခဲ့ပြီး ကျေးလက်ဒေသများတွင် လျှပ်စစ်မီးပြတ်တောက်မှုများလည်း ဖြစ်ပေါ်လျက်ရှိကြောင်း၊ လူနေအိမ်သုံးလုံး ပျက်စီးခဲ့ပြီး မော်တော်ယာဉ်သုံးစီး ရေစီးနှင့်အတူ မျောပါသွားခဲ့ကြောင်းလည်း ဆွစ်ဇာလန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

လမ်းမကြီးတချို့လည်း မြေပြိုကျမှုကြောင့် ပျက်စီးမှုများရှိခဲ့ပြီး လမ်းပိတ်ဆို့မှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ဒေသခံ လေးဦး ပျောက်ဆုံးနေပြီး ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူတချို့ရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများကို လူနာတင်ဆေးရုံတွင် ဆေးကုသမှု ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

## ဆော်ဒီအာရေဗျနိုင်ငံတွင် အပူလှိုင်းကြောင့် သေဆုံးခဲ့သော တူနီးရှားပြည်သူများနှင့်ပတ်သက်၍ အမိကတာဝန်ရှိသူများကို ရာထူးမှထုတ်ပယ်

**တူးနစ် ဇွန် ၂၃**

ဆော်ဒီအာရေဗျနိုင်ငံတွင် ပြီးခဲ့သည့် အစ်နေ့က အပူလှိုင်းဖြတ်သန်းမှုကြောင့် ဘုရားဖူးလာရောက်သူ အမြောက်အမြားသေဆုံးမှုဖြစ်ပွားခဲ့ပြီး ၎င်းဖြစ်စဉ်တွင် တူနီးရှားနိုင်ငံမှ ဘုရားဖူး ၄၉ ဦးသေဆုံးခဲ့ခြင်းနှင့်ပတ်သက်၍ အမိကတာဝန်ရှိသူများကို တူနီးရှားသမ္မတကာအစ်က ရာထူးမှထုတ်ပယ်လိုက်ကြောင်း သမ္မတရုံးက ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တူနီးရှားသမ္မတက ဆော်ဒီအာရေဗျနိုင်ငံသို့ ဘုရားဖူးသွားရာမှ သေဆုံးခဲ့သော ပြည်သူများနှင့် ပတ်သက်၍ အမိက တာဝန်ရှိသည့် သာသနာရေးရာဝန်ကြီး အီဗရာဟမ်ကို ရာထူးမှထုတ်ပယ်လိုက်ကြောင်း နိုင်ငံပိုင်သတင်းဌာနမှ ထုတ်ပြန်ကြေညာသွားခဲ့သည်။

"ဆော်ဒီအာရေဗျနိုင်ငံကို ဘုရားဖူးသွားတဲ့ ပြည်သူတချို့ သေဆုံးမှုနဲ့ပတ်သက်ပြီး အမိကတာဝန်ရှိတဲ့ သာသနာရေးရာဝန်ကြီး အီဗရာဟမ်ကို ရာထူးကနေဖယ်ရှားဖို့ ဆုံးဖြတ်လိုက်ပါတယ်"ဟု တူနီးရှားသမ္မတ ကာအစ်က ပြောကြားခဲ့သည်။

သေဆုံးသူများမှာ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံမှ ထုတ်ပြန်ထားသော်လည်း တူနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သေဆုံးမှုနှင့်ပတ်သက်ပြီး ထုတ်ပြန်ကြေညာခဲ့ရာတွင် အပူလှိုင်းနှင့်ဆက်စပ်၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ခဲ့ခြင်း မဟုတ်သည့် အခြေအနေဖြစ်နေကြောင်း သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံတွင် အစ်နေ့၌ ဘုရားဖူးလာရောက်သူ ၁ ဒသမ ၈ သန်းအနက် သေဆုံးသူ ၁၁၂၆ ဦးထိ ရှိခဲ့ခြင်းအပေါ်တွင် သေဆုံးခဲ့သော နိုင်ငံသားများ၏ အစိုးရအဖွဲ့များက တိကျသော ထုတ်ပြန်ချက်တောင်းခံထားကြောင်း၊ ဆော်ဒီအာရေဗျနိုင်ငံအနေဖြင့် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုကြောင့် သေဆုံးခဲ့ခြင်းသာ ထုတ်ပြန်ထားပြီး သေဆုံးသူများမှာ အီဂျစ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျော်ဒန်နိုင်ငံ၊ အီရန်နိုင်ငံ၊ ဆီနီဂေါနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ ဆူဒန်နိုင်ငံနှင့် အီရတ်နိုင်ငံမှနိုင်ငံသားများဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

## မလေးရှားနိုင်ငံ၌ အမျိုးသားရေးချဉ်းကပ်မှုအဖြစ် ပလတ်စတစ်ထုတ်လုပ်မှုကို လျှော့ချသင့်ကြောင်း သုတေသီများဆို

**ကွာလာလမ်ပူ ဇွန် ၂၃**

မလေးရှားနိုင်ငံ၌ ပလတ်စတစ်ညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရာတွင် အမျိုးသားရေးချဉ်းကပ်မှုတစ်ခုအနေဖြင့် ပလတ်စတစ်ပစ္စည်းများထုတ်လုပ်မှုကို လျှော့ချသင့်ကြောင်း မလေးရှားနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုတေသီများက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပလတ်စတစ် ညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရန် ဥပဒေတင်သွင်းခြင်းသည် ချီးကျူးဖွယ်ကောင်းသော်လည်း အဆိုပါပြဿနာကို ဖြေရှင်းရန် အခြေခံရင်းမြစ်ကို ကိုင်တွယ်ဖြေရှင်းရန်လိုအပ်ကြောင်း ပီနန် စားသုံးသူရေးရာအသင်းမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင် သုတေသနအရာရှိ မာဂက်ဝါရီဆန်ဂါရာလင်ဂမ်က ပြောကြားခဲ့သည်။

"ပလတ်စတစ် ညစ်ညမ်းမှုကို တိုက်ဖျက်ဖို့အတွက် ပလတ်စတစ်စွန့်ပစ်မှုနဲ့ ညစ်ညမ်းနေမှုတွေကို အလေးအနက်ထား စစ်ဆေးဖို့ လိုအပ်တယ်ဆိုတာကို ကျွန်မတို့ သဘောတူပါတယ်။ ဒါပေမဲ့ ပလတ်စတစ်ထုတ်လုပ်နေမှုကိုလဲ အာရုံစိုက်ဖို့ လိုအပ်မှာပဲဖြစ်ပါတယ်" ဟု မာဂက်ဝါရီဆန်ဂါရာလင်ဂမ်က ပြောကြားခဲ့သည်။

ပလတ်စတစ်ကို ဆက်လက်ထုတ်လုပ်နေပါက ပလတ်စတစ်အမှိုက်များ ဆက်လက်ရှိနေပြီး ညစ်ညမ်းမှုများလည်း ဆက်လက်ဖြစ်ပေါ်နေဦးမည် ဖြစ်ကြောင်း၊ ပလတ်စတစ်ညစ်ညမ်းမှု ရပ်တန့်ရေး နိုင်ငံအတွင်းသို့ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ တင်သွင်းမှုကို ရပ်တန့်ခြင်းဖြင့်လည်း လုပ်ဆောင်နိုင်ကြောင်း မာဂက်ဝါရီဆန်ဂါရာလင်ဂမ်က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံအခြေစိုက် သဘာဝပတ်ဝန်းကျင်သိပ္ပံနှင့် နည်းပညာဂျာနယ်က ထုတ်ပြန်ချက်များအရ မလေးရှားနိုင်ငံသားတစ်ဦးချင်းစီသည် နေ့စဉ် ပျမ်းမျှ မိုက်ခရိုပလတ်စတစ် ၅၀၂ ဒသမ ၃ မီလီဂရမ်ကို စားသုံးနေကြရပြီး အဆိုပါပမာဏ၏ ၅၀ ရာခိုင်နှုန်းကို ငါးစားသုံးခြင်းမှ ရရှိခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

## အမေရိကန်နိုင်ငံတွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် အခြေခံအဆောက်အအုံများပျက်စီး

**ဝါရှင်တန် ဇွန် ၂၃**

အမေရိကန်နိုင်ငံ ဝက်ကွန်ဆင်ပြည်နယ် Janesville မြို့ တောင်ဘက်ပိုင်းတွင် ဇွန် ၂၂ ရက်က လေဆင်နှာမောင်း တိုက်ခတ်ခဲ့မှုကြောင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း တာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဝက်ကွန်ဆင်ပြည်နယ် Janes-ville မြို့ တောင်ဘက်ပိုင်းတွင် ဇွန် ၂၂ ရက်က လေဆင်နှာမောင်း တိုက်ခတ်ခဲ့မှုကြောင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ရာ အဆိုပါဒေသတွင် နေထိုင်သူများကို ဘေးလွတ်ရာနေရာများသို့ ရှောင်ရှားရန် တာဝန်ရှိသူများက တိုက်တွန်းထားပြီး အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"သစ်ပင်တွေလဲပြိုမှု၊ ဓာတ်အားလိုင်းတွေ လဲပြိုနေမှုကြောင့် အများပြည်သူ ဘေးကင်းရေးအတွက် အန္တရာယ်ရှိနိုင်လို့ မြို့တောင်ဘက်ခြမ်းနဲ့ ဝေးဝေးနေဖို့ မြို့ခံတွေကို တောင်းဆိုထားပါတယ်"ဟု မြို့တော်တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြို့တော်တာဝန်ရှိသူများအနေဖြင့် လေဆင်နှာမောင်းဒဏ်ခံခဲ့ရသော ဒေသခံများအတွက် သယ်ယူပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့တော်တာဝန်ရှိသူများအနေဖြင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ အရင်းအမြစ်များကို အမြန်ဆုံးရရှိအသုံးပြုနိုင်ရန်နှင့် လေဆင်နှာမောင်းနှင့် ပတ်သက်သော နောက်ထပ်အချက်အလက်များ ထုတ်ပြန်နိုင်ရန်အတွက် အရေးပေါ်စင်တာတစ်ခုကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# ပီတိမျက်ရည်

လင်းလှန့်ဇော်



(၁)

ခပ်လှမ်းလှမ်းက ဗိုးသံသည် တဖြည်းဖြည်းကျယ်လောင်လာခဲ့ပြီ။ မောင်ရှင်လောင်းလှည့်သည့်အဖွဲ့၏ တန်းစီပြီး လှည့်လာနေသောမြင်ကွင်းက တဖြည်းဖြည်းနှင့် သူ့ရှေ့ကို ရောက်ရှိလာလေပြီ။ ဒေါ်ခင်အေး တစ်ယောက် အားကျငေးမောနေမိသည်။ မောင်ရှင်လောင်းလေးများကိုကြည့်ရင်း သူ့မျက်စိထဲတွင် သားလေး၏ ပုံရိပ်များက စိုးမိုးနေပြန်သည်။ ဗိုးသံကြောင့် သူ ကြက်သီးမွေးညင်းထလာပြီး စိတ်ထဲတွင် ငိုချင်သလိုလိုဖြစ်လာသည်။

"ဒေါ်ခင်အေး အဝတ်တွေလျှော်ပြီးရင် ထမင်းချိုင့်သွားပို့ပေးအုံးနော်"

အိမ်ရှင်အမျိုးသမီး၏စကားသံကြောင့် သူအာရုံများ ပြန်စုရင်း အဝတ်များကို အမြန်ဆုံးလျှော်ဖွပ်လိုက်တော့သည်။ သို့သော် မျက်စိ၏အာရုံထဲတွင်တော့ စောစောကမြင်လိုက်ရသည့် ရှင်လောင်းလှည့်ပွဲလို သားတော်မောင်ကို မောင်ရှင်လောင်းဝတ်စုံလေးဆင်မြန်းပြီး သားလေး၏အပျော်မျက်နှာလေးကို မြင်ယောင်နေမိသည်။

သူများတကာလို သူလည်း သားလေးကိုရှင်ပြုပေးချင်စိတ်တို့က တားဆီးမရ ဖြစ်နေသည်မို့ အဝတ်လျှော်သည့်အလုပ် များများရရန်သာ ကျိတ်ပြီး ဆုတောင်းနေမိသည်လေ။

(၂)

မောင်ဇော်တစ်ယောက်တည်း ပလုံကောက်သည့်လှည်းလေးကိုတွန်းရင်း ဗိုးပတ်သံများကြောင့် လှည်းလေးကိုဘေးကပ်ရင်း ရှင်လောင်းလှည့်လည်လာသော လူတန်းကြီးကို ငေးကြည့်နေလိုက်သည်။

ပျော်စရာကောင်းမှာပဲဟူသော အားကျစိတ်တို့က ရင်ကိုလွှမ်းမိုးလာ၏။ မောင်ရှင်လောင်းများက မြင်းများပေါ်တွင် သနပ်ခါးလေးများ၊ မောင်ရှင်လောင်းဝတ်စုံလေးများနှင့် အလွန်လှနေကြသည်။ သူတို့ကိုလည်း ဘေးနားကလူများက ထီးလိုက်မိုးပေးနေကြသည်။ သူတို့ကိုကြည့်ရင်း မောင်ဇော်တစ်ယောက် ရှင်ပြုချင်စိတ်များက တဖွားဖွားပေါ်လာသည်။ အိမ်ရောက်ရင်ဖြင့် အမေ့ကို ပူဆာဦးမည်ဟု အတွေးဝင်သည်။

လောလောဆယ် ပလုံကောက်သည့်အလုပ်ကို သူ ဂရုစိုက်လုပ်ရမည်။ ဒါမှ အမေ့ကို ပိုက်ဆံများများ ပေးနိုင်မည် မဟုတ်လား။ မောင်ဇော်အတွေးထဲတွင် မောင်ရှင်လောင်းဝတ်စုံလေးနှင့် သူ့ကို မိခင်ဖြစ်သူက ပီတိမျက်နှာလေးဖြင့် ကြည့်နေပုံက လွှမ်းမိုးနေလေသည်။

(၃)

လျှော်ပြီးသားအဝတ်များကို နေလှန်းလိုက်ပြီး နောက်ထပ်လျှော်မည့်အဝတ်များကို ဆပ်ပြာရည်စိမ်ထားလိုက်သည်။ အော်ဒါကျတုန်းလေး လုပ်ရမည်မို့ မောသည်၊ ပန်းသည် မတွေးအား။

"မအေးရယ် နားပါအုံးဟဲ့။ တော်ကြာ လဲသွားမှဖြင့် လုပ်ချင်တာတွေ မလုပ်ရဘဲနေမယ်"

"နားချင်ပေမဲ့လဲ မနားနိုင်သေးဘူးအစ်မရေ။ သားလေးကို ဒီနှစ်ရှင်ပြုပေးချင်စိတ်က တားမရဖြစ်နေလို့ အစ်မရေ"

ဘေးအခန်းက မချို၏စကားကို ကြားသော်လည်း သူအလုပ်ကို ဆက်လုပ်နေဖြစ်သည်။သည်ဇလားထဲက အဝတ်များကုန်လျှင် နောက်ပေးထားသည့်အဝတ်များကို ရေစိမ်ထားရဦးမည်။ သားလေးပလုံကောက်ပြန်လာလျှင် စားဖို့အတွက်တော့ မနေ့ကကျန်သော ပဲပြားဟင်းကို ပြန်နွှေးထားရန် စိတ်ကူးထားသည်။

ပြေးကြည့်မှသားအမိလေးနှစ်ယောက်ထဲမို့ သားကိုတုန်နေအောင်ချစ်ရသည်။ ပြီးတော့ သားကလည်း အသက်ကကြီးလာပြီ ယခုထိ ရှင်မပြုရသေးဘူး။ တကယ်လို့သာသူတစ်ခုခုဖြစ်သွားလျှင်ဆိုသည့်အတွေးက သူ့ကို စိုးမိုးနေတတ်သည်။ သွားလေသူခင်ပွန်း၏ နောက်ဆုံးဆန္ဒကိုလည်း ဖြည့်ဆည်းပေးချင်သလို သူလည်း မသေခင်လေး သားကို သင်္ကန်းဝတ်လေးနှင့် မြင်ချင်နေမိသည်။

(၄)

"အမေရယ် ရှင်ပြုအလှူက စည်ကားလိုက်တာများ အားရစရာကြီးဗျာ။ သားတို့ရှင်ပြုရင်လဲ အဲလိုလှူချင်လိုက်တာဗျာ"

မောင်ဇော်တစ်ယောက်လမ်းမှာ တွေ့ခဲ့ရသည့် အလှူတစ်ခုအကြောင်းကို အားပါးတရပြောပြနေသည်။ မောင်ဇော်စကားကြောင့် ဒေါ်အေး ပြုံးရှာသည်။

"လှူရမှာပေါ့သားရယ်။ အမေကြိုးစားနေပါတယ်။ အမေ့သားလှူချင်သလို အလှူကြီးပေးပြီးတော့ကို သားကို ရှင်ပြုပြပေးအုံးမှာ"

"တကယ်နော် အမေ"

"တကယ်ပေါ့သားရယ်"

မောင်ဇော်မျက်စိထဲတွင် အလှူက ကျွေးလိုက်သော ဝက်သားတုံးထက် အလှူမှာဖွင့်ထားသည့် သီချင်းက သူ့ကို ပို၍ ခံစားစေလေသည်။ သူထမင်းစားရင်းနှင့်ပင် မျက်ရည်တို့စိုစွတ်ဝဲတက်လာသည်ထိ သူခံစားခဲ့ရသည်မဟုတ်လား။ အလှူသီချင်းနှင့် ပြောသံတို့သည် သူလိုအဖေမရှိသည့် လူအတွက် ဆို့နင့်ခံစားစေလေသည်မဟုတ်ပါလား။

(၅)

"တကယ်လားဒေါ်ကြီးရယ်။ ကျွန်မ မယုံလို့ပါ"

မယုံတစ်ဝက် ကြားချင်စိတ်တစ်ဝက်ဖြင့် ဒေါ်အေး ထပ်မေးလိုက်မိသည်။

"တကယ်ပေါ့အေ တစ်ရပ်ကွက်လုံးက ဆင်းရဲပြီး ရှင်မပြုရသေးတဲ့ကလေးတွေကို စုပေါင်းရဟန်းခံ ရှင်ပြုပွဲလုပ်မလို့ပါဆို။ ညည်းလဲ နိုင်သလောက်လေးထည့်ပြီး ကိုယ့်သားအတွက် ကုသိုလ်ယူပေါ့အေ"

"အမယ်လေး ပျော်လိုက်တာ။ သားကိုရှင်ပြုပေးရတော့မယ်"

ဒေါ်အေးတစ်ယောက် ပျော်လွန်း၍ မျက်ရည်များပင် ကျလာသည်။ သူတို့လို တစ်နေ့လုပ်၊ တစ်နေ့စားနှင့် စုထားသည့်ငွေလေးက သားအတွက် သင်္ကန်းဖိုးပင် အနိုင်နိုင်လေ။ ယခုတော့ စုပေါင်းရဟန်းခံပွဲကြီးနှင့် ဆိုက်ဆိုက်မြိုက်မြိုက်တိုးလေတော့ သူ့လောက်ပျော်သည့်သူရှိနိုင်ပါ့မလား။ သားလေး မောင်ဇော်ကို သင်္ကန်းဝတ်လေးဖြင့် သူမြင်ရတော့မည်လေ။ ပျော်လိုက်တာ သားရေ။ သားလေးနာမည်ကို စာရင်းထဲထည့်ပြီးသကာလ သားလေးပြန်လာလျှင် ဝမ်းသာအောင် ပြောပြလိုက်ဦးမည်ဟု အတွေးတို့ဖြင့် ခြေလှမ်းတို့က ပေါ့ပါးသွက်လက်နေလေသည်။

(၆)

ညနေစောင်းနေသည့်တိုင် ပြန်မလာသေးသည့်သားကို ဒေါ်အေးတစ်ယောက် မျှော်နေမိသည်။ သည်နေ့မှ နောက်ကျနေသော သားအတွက်လည်း စိတ်ပူနေမိ၏။ လမ်းထဲက ကလေးများပလုံကောက်လှည်းလေးများတွန်းပြီး ပြန်ဝင်လာတာတွေ့သော်လည်း သားဖြစ်သူ မောင်ဇော်ပါမလာသေး။ ဘယ်ထိအောင်များ သွားနေပါလိမ့်သားရယ်။ ပြန်လာလျှင် ဝမ်းသာအောင်ပြောမည့်စကားအစား ပူပန်စိတ်က စိုးမိုးနေလေပြီ။ ထိုစဉ်မှာပင်-

"ဒေါ်အေးရေ ဈေးထိပ်မှာ ပလုံကောက်တဲ့ကလေးတစ်ယောက် ကားတိုက်ခံရလို့တဲ့"

"ဟင်"

ဒေါ်အေးတစ်ယောက် ရပ်ကွက်ထဲက လူများပြောသည့်အသံမဆုံးသေးဘူး ပူပန်စိတ်များနှင့် အပြေးတစ်ပိုင်းဈေးထိပ်ကို ပြေးသွားလိုက်တော့သည်။

နားထဲတွင်လည်း မောင်ရှင်လောင်းဝတ်ခါနီးကလေးကို ဂရုစိုက်ဟူသော ဒေါ်ကြီး၏ စကားသံများက စိုးမိုးနေပြန်သည်။

သား သားလေး ဘာမှမဖြစ်ပါစေနဲ့ဟု စိတ်ထဲက ဆုတောင်းရင်းအပြေးတစ်ပိုင်းနှင့် အခင်းဖြစ်ရာကို အမောတကော ပြေးလာနေမိသည်။ ဈေးထိပ်ရောက်တော့ အရေးပေါ်ကားတစ်စီးကိုတွေ့လိုက်ရသည်။ လူများကလည်း ဝိုင်းအုံနေသည်။ ဒေါ်အေး မျက်စိကိုရှင်ရှင်ထားရင်း သားဖြစ်သူကိုရှာနေမိသည်။

"ဟင်"

"ဟိုမှာ သားလေးရဲ့တွန်းလှည်းလေး။ အမယ်လေး သားလေး သားလေးရေ"

ဒေါ်အေးတစ်ယောက် အရူးမီးဝိုင်းသလိုဖြစ်ကာ လူအုပ်ထဲ အတင်းတိုးဝင်လိုက်သည်။ ဒေါ်အေးကို ဆွဲထားပါအုံးဟ ဆိုသည့်အသံများနှင့်အတူ သူ့ကို ဝိုင်းဆွဲထားတာ ခံလိုက်ရသည်။

မရှေးမနှောင်းမှာပင် အရေးပေါ်ကားက ပီးပေါ် ပီးပေါ် အော်သံပေးလျက် ထွက်သွားတာ သူမြင်လိုက်ရသည်။

"သား သားလေး အမယ်လေး သားလေ"

"ဒေါ်အေး သတိထားလေ"

ဒေါ်အေး ဒူးများ ခွေညွတ်သွားသည်။ ရင်ထဲမှာ လစ်ဟာလျက် အသက်ကို မနည်းရှူနေရသလို ခံစားလာရသည်။

"အမေ အမေ"

နားထဲတွင်လည်း သား၏ခေါ်သံများကို ကြားယောင်နေသလိုပဲ။

"ဒေါ်အေး ခင်ဗျားသားခေါ်နေတယ်လေ။ သတိထားအုံး"

အသံနှင့်အတူ ဒေါ်အေးလက်ကို လာရောက်ဆုပ်ကိုင်ပြီး အမေခေါ်သံနှင့်အတူ သားဖြစ်သူကိုတွေ့လိုက်ရသည်။

"ဟင် သားလေး။ သား ဘာမှမဖြစ်ဘူးနော်"

"ဟုတ်တယ် အမေရဲ့။ သားသူငယ်ချင်းကို ကားက ပွတ်တိုက်သလိုဖြစ်သွားလို့ ဆေးရုံလိုက်ပို့ကြတာ။ သားက လှည်းကိုဘေးချပြီး ကူညီနေတာ အမေရဲ့။ သား ဘာမှမဖြစ်ပါဘူး"

မီးခဲကို ရေနှင့်ငြိမ်းလိုက်သလို အပူတို့က ငြိမ်းသွားသယောင်။

"အမယ်လေး သားရယ်။ တော်ပါသေးရဲ့ ရှင်ပြုခါနီးလေး အမေ့သားလေး တစ်ခုခုဖြစ်မှာစိုးနေတာ"

"ဗျာ သားရှင်ပြုရတော့မယ်။ ဟုတ်လား အမေ"

"ဟုတ်တာပေါ့ သားလေးရယ်"

ဝမ်းသာအားရမေးလာသည့်သားကို မျက်ရည်များကြားက ပြုံးပြရင်း တင်းကျပ်စွာဖက်ထားလိုက်မိတော့သည်။ သားအမိနှစ်ယောက် နားထဲတွင်တော့ ဗြောသံတို့က ညံစီစွာ ကြားယောင်လျက်ရှိတော့သည်။

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ၂၄ပြည်ဝင် ဆန်ကွဲအိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဘိုကလေး ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေ ၇၅၀၀၀ ထိတင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ၂၄ ပြည်ဝင်ဆန်ကွဲအိတ်ရေ ၅၅၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေ ၇၅၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုကောင်းလျက်ရှိကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ဆန်ကွဲတွေရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ ဘိုကလေးမြို့နယ်က ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ဆန်ကွဲတွေကို မေလ ပထမပတ်ကနေ စတင်ပြီး ဝယ်လိုအားက သိသိသာသာ တက်ခဲ့တာဖြစ်တယ်။ ဆန်ကွဲတွေကိုပွဲရုံပိုင်ရှင်တွေက အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်"ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ၂၄ ပြည်ဝင်ဆန်ကွဲတစ်အိတ်လျှင်ငွေကျပ် ၄၆၅၀၀ဈေးပေါက်နေကြောင်း၊ အဆိုပါ ဆန်ကွဲများ တင်ပို့ရောင်းချအားတက်လာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးကုန်သည်များ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၅၀၂၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကသာ ဇွန် ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၅၀၂၃ ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၃၈၅၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၀၂၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မိုးစပါးဧက ၃၈၅၁၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ စပါးဧကလျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိရေးအသိပညာပေးနေတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ကသာမြို့နယ်တွင် မိုးစပါးစိုက်ပျိုးရာ၌ ဆင်းကေရီ (၃)၊ ရောမင်း၊ လုံးသွယ်မွှေး၊ ဒေသမျိုးများကို စိုက်ပျိုးကြပြီး မိုးစပါးများကို မြေအောက်ရေ၊ ဆည်ရေ၊ ချောင်းပိတ်၊ မြောင်းပိတ်၊ မိုးကောင်းသောက်ရေတို့ဖြင့် စိုက်ပျိုးကြောင်း သိရသည်။

ယခုနှစ် ကသာမြို့နယ်တွင် မိုးစပါးစိုက် တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုးရန်အတွက် အသိပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းများ၊ သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



# မက်မန်းမြို့နယ် ရောင်စောင်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**မက်မန်း ဇွန် ၂၃**

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရောင်စောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မက်မန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှိုင်မင်းထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) အကြောင်းအရာများ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ရောင်စောင်းကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

ရောင်စောင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပံ့ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာမှ ရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးလှိုင်မင်းထွန်းထံမှ သိရသည်။

**ရှိုသန်းညွန့်**

## ဇွဲစိတ်ကိုတည်ပန်းတိုင်ဆီ

\- လူငယ်တွေ ကြိုးစားကြလို့
အကျိုးများဖို့ ပညာသင်၊
အချိန်တိုင်းမှာ လုံ့လစိုက်ကြ
အသုံးချအားအင်၊
ပျင်းရိခြင်းအား ရှောင်ကြဉ်
နောင်အစဉ် ကောင်းစားရေး၊
ဝီရိယကို အဖော်ပြု
ရှေးရှုမျှော်တွေး။

\- စာပေကို ရင်မှာထွေးလို့
ပညာရေးက အခြေခံ၊
ဗလငါးတန် ဖွံ့ဖြိုးဖို့
ကြိုးစားအမှန်၊
ဇွဲစိတ်အား အခြေခံ
ပင်ကိုဉာဏ် တိုးတက်ရေး၊
စာပေကို နေ့စဉ်ဖတ်
ကျက်မှတ်လို့တွေး။

\- ပန်းတိုင်ရယ် ဘယ်မဝေး
အနီးကလေး ကပ်လို့တည်၊
တကယ်ဖြစ်ချင် တကယ်လုပ်
အဟုတ်ဖြစ်မည်၊
ကြိုးစားခြင်းက ပန်းတိုင်ဆီ
လှမ်းကိုင်နိုင်မည် မုချမလွဲ၊
အားတင်းကာ လျှောက်လှမ်းကြ
(ပန်းတိုင်ကို. . . )
ရောက်ရအမြဲ။ ။

**ပန်းမာလာ**

# ကဝမြို့နယ် မွေဘွေးကုန်းကျေးရွာတွင် ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကဝ ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် မွေဘွေးကုန်းကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်နှင့် ဝန်ထမ်းများက မွေဘွေးကုန်းကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မွေဘွေးကုန်းကျေးရွာတွင် လမ်းအရှည်ပေ ၁၀၀၀၊ အကျယ်၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် ၁၀ ဒသမ ၈ သန်းဖြင့် ယခုနှစ် မေလ ပထမပတ်မှ စတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့အချိန်နှင့်တစ်ပြေးညီ တင်ပို့နိုင်မည်ဖြစ်ကြောင်း ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

# တရုတ်-တူကီယဲ ဆက်ဆံရေးအလားအလာ

မောင်စိန်အိ(နဘဲမြေ)

တူကီယဲနိုင်ငံခြားရေးဝန်ကြီး ဟာခန်ဖီဒန်၏ ယခုနှစ် ဇွန် ၃ ရက်မှ ၅ ရက်ထိ တရုတ်နိုင်ငံသို့ သုံးရက်ကြာ ချစ်ကြည်ရေးခရီးစဉ်သည် သံခင်းတမန်ခင်းဆက်ဆံရေးတိုးတက်မှု အမှတ်သင်္ကေတဖြစ်ခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆက်ဆံရေးတို့ကိုအဆင့်မြှင့်တင်နိုင်ခဲ့သည့်အပြင် အနောက်နိုင်ငံများက ဆန့်ကျင်လျက်ရှိသော BRICS အုပ်စုအတွင်းသို့ တူကီယဲဝင်ရောက်ရန် ထင်ရှားသောခြေလှမ်းတစ်ရပ်လည်း ဖြစ်လာခဲ့သည်။

ဖီဒန်သည် ဇွန် ၃ ရက်မှ ၅ ရက်ထိ ခရီးစဉ်အတွင်း ပေကျင်းမြို့၌ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိအပြင် တရုတ်အစိုးရ၏ အခြားသောအဆင့်မြင့်အရာရှိကြီးများနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့နောက် ဖီဒန်သည် ရှင်ကျန်းဒေသမြို့ကြီးများဖြစ်သည့် Urumqi နှင့် Kashgar သို့ သွားရောက်လည်ပတ်ခဲ့သည်။ အဆိုပါမြို့ကြီးများသို့ရောက်ရှိစဉ် ဖီဒန်သည် အူဂါအရေးနှင့်စပ်လျဉ်း၍ အဖြေတစ်ရပ်ကိုလည်း အဆိုပြုခဲ့သည်။ ရှင်ကျန်းဒေသတွင်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် တရုတ်အစိုးရသည် ၂၀၁၇ ခုနှစ်တွင် အူဂါတစ်သန်းကျော်ကို ပေကျင်းမြို့ရှိ ပညာပေးစခန်းများတွင် ထိန်းသိမ်းထားရှိခဲ့သည်။

တူကီယဲနိုင်ငံသည် အူဂါမျိုးနွယ်စုများစွာ နေထိုင်ရာနေရာဖြစ်ပြီး အများစုသည် ရှင်ကျန်းဒေသမှထွက်ခွာလာသူများဖြစ်ကြသည်။ထိုအတောအတွင်း အမေရိကန်နှင့်ဥရောပတို့သည် တရုတ်နိုင်ငံ၏ လူ့အခွင့်အရေးမှတ်တမ်းများကို ရှုတ်ချရန်ထိန်းသိမ်းရေးစခန်းများကို လက်နက်တစ်ရပ်အဖြစ် အသုံးချလျက်ရှိပြီး စီးပွားရေးလုပ်ငန်းများတွင်လည်း အူဂါလူမျိုးများကို အဓမ္မစေခိုင်းသည်ဟူသော စွဲချက်ဖြင့်ပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့သည်။


၂၀၁၂ခုနှစ်တွင် တူကီယဲသမ္မတရီဆက်အာဒိုဂန် စတင် တာဝန်ထမ်းဆောင်ကတည်းက တရုတ်နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သော တူကီယဲနိုင်ငံ၏ အဆင့်မြင့်ဆုံးပုဂ္ဂိုလ်ဖြစ်သည့် ဖီဒန်က ယဉ်ကျေးမှုဆိုင်ရာ အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ကမ္ဘာကြီးနှင့် အစ္စလာမ့်ကမ္ဘာတွင် အမြင်သဘောထားများ ပြောင်းလဲလာပြီဖြစ်ကြောင်းနှင့် ရှင်ကျန်းဒေသရှိ အူဂါမျိုးနွယ်စုများသည် တရုတ်နိုင်ငံနှင့် မိမိတို့အတွက်အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း တရုတ်တာဝန်ရှိသူများကို ပြောကြားခဲ့သည်။

ဖီဒန်နှင့်အဖွဲ့သည် Urumqi နှင့်Kashgar မြို့ကြီးများသို့ရောက်ရှိစဉ် ဘုရားကျောင်းများနှင့် ညဈေးကြီးများသို့ သွားရောက်လည်ပတ်ခဲ့ပြီး လမ်းပေါ်တွင် ကလေးများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ စကားစမြည်ပြောခဲ့သည်။ တူကီယဲနိုင်ငံအနေဖြင့် တာကစ်ရှ် အူဂါမျိုးနွယ်စုများကို တရုတ်နှင့်အစ္စလာမ့်ကမ္ဘာတို့ကြား ပေါင်းကူးဆက်သွယ်ပေးမည့် အရေးပါသော တံတားတစ်စင်းအဖြစ် ရှုမြင်ကြောင်းနှင့် အူဂါလူမျိုးများကို တရုတ်နိုင်ငံတွင် အေးချမ်းသာယာဝပြောစွာနေထိုင်နိုင်စေရန် ဆန္ဒပြုပါကြောင်း ဖီဒန်ကပြောကြားခဲ့သည်ဟု တူကီယဲနိုင်ငံပိုင်သတင်းအေဂျင်စီAnadluက ဖော်ပြသွားခဲ့သည်။

ထို့ကြောင့် မိမိတို့အနေဖြင့် တရုတ်နိုင်ငံ၏ တစ်နိုင်ငံတည်း မူဝါဒ၊ ၎င်း၏ နယ်မြေပိုင်ဆိုင်မှုနှင့် အချုပ်အခြာအာဏာကို အမြဲတစေထောက်ခံပါကြောင်း ဖီဒန်ကထပ်လောင်းပြောကြားခဲ့ပြီး ဝမ်ယိကလည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံအပြန်အလှန်လေးစားမှု၏ အရေးပါမှုကို အသိအမှတ်ပြုခဲ့သည့်အပြင် အခြားနိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ပြည်ပနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုကိုဆန့်ကျင်ရှုတ်ချခဲ့သည်။

အစ္စတန်ဘူလ်အခြေစိုက် Gedikတက္ကသိုလ်၏ အရှေ့တောင်အာရှနိုင်ငံများ လေ့လာရေးနှင့်သုတေသနဌာနညွှန်ကြားရေးမှူး Sibel Karabelက အူဂါအရေးသည် နှစ်နိုင်ငံကြားဘာသာရေးနှင့်ယဉ်ကျေးမှုတို့အရ ထိန်းသိမ်းဆောင်ရွက်နေရသောကိစ္စဖြစ်ကြောင်း၊ နှစ်နိုင်ငံစလုံး၏ သဘောထားကြီးမှုရင့်ကျက်မှုတို့ဖြင့်သာလျှင် ကိုင်တွယ်ဖြေရှင်းနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသွားခဲ့သည်။

စီးပွားရေးဆိုင်ရာဆက်ဆံရေးနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံသည် တူကီယဲနိုင်ငံ၏ ဒုတိယအကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နှစ်နိုင်ငံကြားကုန်သွယ်မှုတန်ဖိုးသည် အမေရိ



ကန်ဒေါ်လာ ဘီလီယံ ၅၀ ခန့်ရှိကြောင်း၊ သို့သော် တရုတ်နိုင်ငံက အသာစီးရရှိလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် တူကီယဲနိုင်ငံသည် တရုတ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၉ ဘီလီယံတန်ဖိုးရှိသော သွင်းကုန်များတင်သွင်းခဲ့ရသော်လည်း ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ ဘီလီယံခန့်သာရှိကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် တူကီယဲနိုင်ငံထုတ်လက်ယာထွက်ကုန်နှင့် အခြားသောကုန်ပစ္စည်းများ ပိုမိုတင်သွင်းခြင်းဖြင့် နှစ်နိုင်ငံကြား ကုန်သွယ်မှုကွာဟချက်ကို လျှော့ချပေးစေလိုကြောင်းနှင့်တူကီယဲနိုင်ငံသို့လည်း တရုတ်ခရီးသွားများ ပိုမိုလာရောက်လည်ပတ်စေလိုကြောင်း ဖီဒန်က ပြောကြားခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ၏ ဂလိုဘယ်တိုင်း သတင်းစာ၏ အဆိုအရ ဝမ်ယိက တရုတ်နိုင်ငံအနေဖြင့် တူကီယဲ၏လယ်ယာထုတ်ကုန်များကို ပိုမိုတင်သွင်းသွားရန် ဆန္ဒရှိကြောင်းနှင့် လေကြောင်းအပါအဝင် ယဉ်ကျေးမှု၊ ပညာရေး၊ ခရီးသွားလုပ်ငန်းနှင့် အခြားသော နယ်ပယ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ တရုတ်လေကြောင်းကော်ပိုရေးရှင်း(COMAC)က တည်ဆောက်ထားသော ခရီးသည်တင်လေယာဉ်များသည် တရုတ်ခရီးသွားများကို တင်ဆောင်ကာ မကြာမီအန်ကာရာနှင့် အစ္စတန်ဘူလ်မြို့များသို့ပျံသန်းတော့မည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်ဟု ဆိုသည်။

တူကီယဲနိုင်ငံတွင် တရုတ်ရင်းနှီးမြှုပ်နှံသူများအတွက်နေရာရှိနေပါကြောင်းနှင့် ရှေးခေတ်ပိုးလမ်းမနှင့် အပြိုင်ဖောက်လုပ်ထားသော အလယ်စင်္ကြံလမ်းစီမံကိန်းသည် တရုတ်နိုင်ငံ၏ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်း(BRI) ပေါင်းစပ်သွားမည့်အလားအလာရှိကြောင်းလည်း ဖီဒန်က ပြောကြားသွားခဲ့သည်။

တူကီယဲနိုင်ငံသည်၂၀၁၅ခုနှစ်က BRI တွင် ပါဝင်ရင်းနှီးမြှုပ်နှံခဲ့သော်လည်း ယခင်က ၎င်းစီမံကိန်းကို အခွင့်အလမ်းတစ်ရပ်အဖြစ် မရှုမြင်ဘဲ ပြိုင်ဘက်အဖြစ်သာ ရှုမြင်ခဲ့သည်။ ကက်စပီယံနိုင်ငံတကာ ပို့ဆောင်ရေးလမ်းအဖြစ်လည်း လူသိများသည့် အလယ်စင်္ကြံလမ်းသည် ဥရောပမှတူကီယဲ၊ ဂျော်ဂျီယာ၊ အဇာဘိုင်ဂျန်၊ ကာဇက်စတန် သို့မဟုတ် တာ့ခ်မင်နစ္စတန်၊ ဥဇဘက်ကစ္စတန်၊ ကာဂျစ်စတန်တို့ကို ဖြတ်သန်းကာ တရုတ်နိုင်ငံသို့ရောက်ရှိမည်ဖြစ်သည်။ ၎င်းလမ်းသည် ရုရှားနိုင်ငံမြောက်ပိုင်းမှ ဖြတ်သန်းသည့်လမ်းထက် ကုန်စည်များ ပိုမိုကိုင်တွယ်နိုင်မည်ဖြစ်သည်။

ထို့ပြင်လက်ရှိအချိန်ထိတည်ဆောက်ဆဲဖြစ်သည့် တူကီယဲ- ဂျော်ဂျီယာ- အဇာဘိုင်ဂျန်- တာ့ခ်မင်နစ္စတန်- အာဖဂန်နစ္စတန်ဖြတ်ကျော်စင်္ကြံသည် အာဖဂန်နစ္စတန်နိုင်ငံကို ပင်လယ်နက်နှင့် မြေထဲပင်လယ်သို့ ထွက်ပေါက်ရရှိစေမည်ဖြစ်သည်။ ထို့ပြင် ၎င်းလမ်းသည် အလယ်အာရှနိုင်ငံများကို အရှေ့အလယ်ပိုင်း ပါကစ္စတန်၊ အိန္ဒိယနိုင်ငံတို့နှင့် ချိတ်ဆက်ပေးသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် မေလအတွင်း ပေကျင်းသို့ တူကီယဲ စွမ်းအင်ဝန်ကြီး အယ်ပါစလန်ဘေရတ်တာသွားရောက်လည်ပတ်ခဲ့ပြီးနောက် ဖီဒန်၏ခရီးစဉ်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ စွမ်းအင်ဝန်ကြီးသည် နျူကလီးယားနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ မြေရှားဒြပ်စင်အပါအဝင် သတ္တုနှင့် တွင်းထွက်ပစ္စည်းများ ထုတ်လုပ်မှုတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး တရုတ်အမျိုးသားသဘာဝအရင်းအမြစ်ဝန်ကြီး၊ အစိုးရတာဝန်ရှိသူများ၊ ကော်ပိုရေးရှင်းအမှုဆောင်အရာရှိများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ စွမ်းအင်ဝန်ကြီးခရီးစဉ်အတွင်း နှစ်နိုင်ငံသည် စွမ်းအင်နှင့်ဆက်စပ်သော MoU လက်မှတ်ရေးထိုးခဲ့သည်။

ဘေရတ်တာအနေဖြင့် တရုတ်နိုင်ငံ၏ ပင်လယ်ရပ်ခြားဆိုင်ရာ တရုတ်အမျိုးသားကော်ပိုရေးရှင်းနှင့် ဆွေးနွေးရာ၌ တူကီယဲ၏တတိယမြောက်နျူကလီးယားစွမ်းအင်စက်ရုံတည်ဆောက်ရေးကို ထိပ်တန်းဦးစားပေးခေါင်းစဉ်အဖြစ် ဆွေးနွေးခဲ့သည်။ ဘေရတ်တာသည် တရုတ်နိုင်ငံတော်စွမ်းအားရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းနှင့် ဘက်ထရီပြုလုပ်သူ CATL တို့နှင့်လည်း စွမ်းအင်သိုလှောင်ရေး၊ အသေးစား မော်ဂျူလာဓာတ်ပေါင်းဖိုများနှင့် ဟိုက်ဒရိုဂျင်စွမ်းအင်ထုတ်လုပ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဖီဒန်ကမိမိတို့အနေဖြင့် ဥရောပနှင့်အကောက်ခွန်သမဂ္ဂထူထောင်ထားသည့်အချိန်တွင် BRICS ကဲ့သို့သော မတူညီသောပလက်ဖောင်းများ၌ များစွာသော မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက်အခွင့်အလမ်းသစ်များကို စူးစမ်းလေ့လာလျက်ရှိကြောင်းပြောကြားသွားခဲ့သည်။ ဖီဒန်သည် ဇွန် ၁၀ ရက်မှ ၁၁ ရက်ထိ Nizhny Novgorod ၌ကျင်းပခဲ့သည့် BRICS နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

၂၀၂၃ခုနှစ် စက်တင်ဘာလက ဂျိုဟန်နက်စဘတ်၌ပြုလုပ်ခဲ့သော ထိပ်သီးဆွေးနွေးပွဲတွင် BRICS အဖွဲ့သည် ဆော်ဒီအာရေဗျ၊ အီသီယိုးပီးယား၊ အီရန်၊ အာရတ်စော်ဘွားများပြည်ထောင်စု၊ အာဂျင်တီးနားနိုင်ငံတို့ကို အဖွဲ့ဝင်အဖြစ် လက်ခံရန်ကမ်းလှမ်းခဲ့သည်။ အာဂျင်တီးနားနိုင်ငံ၏ လက်ယာယိမ်းသမ္မတ ဂျဗီယာမီလီသည် ကမ်းလှမ်းချက်ကို ငြင်းပယ်ခဲ့သော်လည်း အခြားလေးနိုင်ငံသည်၂၀၂၄ခုနှစ်ဇန်နဝါရီလတွင် BRICS အဖွဲ့သို့ ဝင်ရောက်ခဲ့သည်။

BRICS အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လျှောက်ထားသော အခြားနိုင်ငံများတွင် အယ်ဂျီးရီးယား၊ ဘာရိန်း၊ ဘင်္ဂလားဒေ့ရှ်၊ ဘီလာရုစ်၊ ဘိုလီဗီးယား၊ ကျူးဘား၊ ကာဇက်စတန်၊ ကူဝိတ်၊ ပါလက်စတိုင်း၊ ဆီနီဂေါ၊ ထိုင်း၊ ဗင်နီဇွဲလား၊ ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည်။ စီးပွားရေးလုပ်ငန်းကြီးမားပြီး အခြားသောနိုင်ငံများထက်နိုင်ငံတကာလွှမ်းမိုးမှုရှိသော တူကီယဲနိုင်ငံသည် BRICSအဖွဲ့တွင် ထူးခြားသောအဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်လာမည်ဖြစ်သည်။ နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ (IMF)၏အဆိုအရ တူကီယဲနိုင်ငံသည် ဝယ်ယူမှုစွမ်းအားတွင် ပြင်သစ်နှင့်မက္ကဆီကိုတို့ကြားကမ္ဘာ့ GDP အဆင့်(၁၁)၌ ရပ်တည်လျက်ရှိပြီး အမေရိကန်ဒေါ်လာအသုံးပြုမှုတွင် နယ်သာလန်နှင့် ဆော်ဒီအာရေဗျတို့ကြား အဆင့်(၁၁)၌ ရပ်တည်လျက်ရှိသည်။

၂၀၂၄ခုနှစ်ဧပြီလတွင် တူကီယဲနိုင်ငံသည် တရုတ်အမျိုးသားအာကာသအုပ်ချုပ်မှုအဖွဲ့နှင့်Rascosmosတို့မှ ဦးဆောင်သော နိုင်ငံတကာလသုတေသနဌာနတွင် ၁၀ နိုင်ငံမြောက် ပူးပေါင်းပါဝင်လာခဲ့သည်။ ရုရှားသိပ္ပံအကယ်ဒမီ အာကာသသုတေသနဌာန၏ ညွှန်ကြားရေးမှူးလက်ဗ်ဇီလန်နီက မိမိတို့အနေဖြင့် BRICS အဖွဲ့အတွင်း လစူးစမ်းလေ့လာမှုနှင့်စပ်လျဉ်း၍ပူးပေါင်းဆောင်ရွက်သွားရန် စဉ်းစားသုံးသပ်လျက်ရှိကြောင်း၊ လက်ရှိအချိန်ထိစီမံကိန်းအဆင့်သာ ရှိနေပြီး မကြာမီအနာဂတ်တွင် BRICS နိုင်ငံများ၏ အစည်းအဝေး၌ ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ဂါဇာစစ်ပွဲနှင့်စပ်လျဉ်း၍ ဖီဒန်က တရုတ်နိုင်ငံ၏ နိုင်ငံတကာရပ်တည်ချက်ကိုအသိအမှတ်ပြုပါကြောင်း၊ နှစ်နိုင်ငံအဖြေတစ်ရပ်နှင့် အပစ်အခတ်ရပ်စဲမှုကို ထောက်ခံရန်နှင့် လူသားချင်းစာနာထောက်ထားမှုများပေးအပ်ရန်သည် တရုတ်နိုင်ငံအတွက်များစွာအရေးပါလျက်ရှိကြောင်း၊ ထို့ကြောင့်တရုတ်နိုင်ငံသည် အပြုသဘောဆောင်သော အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်ဟု အခိုင်အမာယုံကြည်ပါကြောင်းပြောကြားသွားခဲ့သည်။ထို့ပြင် ဖီဒန်သည် ယူကရိန်းနိုင်ငံတွင် တရားမျှတပြီး ရေရှည်တည်ငြိမ်အေးချမ်းမှုထူထောင်ရေးနှင့်စပ်လျဉ်း၍ တူကီယဲနှင့် တရုတ်နိုင်ငံတို့ကြား ဘုံနားလည်မှုသဘောထားထူထောင်ခြင်းအပေါ်တွင်လည်း ကျေနပ်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**ကိုးကား**

**-Turkey-China look beyond Uyghurs toward BRI and BRICS By Asia Times.**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်း ကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပုသိမ်ခရိုင်တွင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပြောင်း ၅၇၆၄ ဧက ရိတ်သိမ်းပြီးစီး



**ပုသိမ် ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ဖူးစားပြောင်း ၅၇၆၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီက ဖူးစားပြောင်း ၅၇၆၄ ဧကလျာထားစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော ဖူးစားပြောင်းခင်းများကို မတ်လ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းခဲ့သော ဖူးစားပြောင်းတစ်ဧကလျှင် အဖူးရေ ၁၆၁၃၇ ထိထွက်ရှိကြောင်း သိရသည်။

"နွေသီးနှံစိုက်ပျိုးရာမှာ ပြောင်းစိုက်တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ နည်းပညာနဲ့ အသိပညာပေးလုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဖူးစားပြောင်း ၅၇၆၄ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဖူးစားပြောင်းတွေရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့၊ အထွက်ကောင်းမွန်စေဖို့ စိုက်ပျိုးနည်းစနစ်တွေနဲ့ အခြားလိုအပ်တဲ့ပံ့ပိုးမှုတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။ အရည်အသွေး ကောင်းမွန်စေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စတဲ့ လုပ်ငန်းတွေကို စနစ်တကျဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိ စိုက်ပျိုးခဲ့တဲ့ဖူးစားပြောင်းတွေ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်ခရိုင်တွင် ဖူးစားပြောင်းစိုက်ပျိုးမှုအနေဖြင့် ပုသိမ်မြို့နယ်တွင် ၁၁၂ ဧက၊ ကန်ကြီးထောင့်မြို့နယ်တွင် ၉၅ ဧက၊ သာပေါင်းမြို့နယ်တွင် ၁၇၉၁ ဧက၊ ငပုတောမြို့နယ်တွင် ၃၇၆၆ ဧက စုစုပေါင်း ဖူးစားပြောင်း ၅၇၆၄ ဧက စိုက်ပျိုးခဲ့ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းစိုးထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ကျောက်ပန်းတောင်းမြို့နယ် လင်းယောစမ်းကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း စစ်ဆေး

**ကျောက်ပန်းတောင်း ဇွန် ၂၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လင်းယောစမ်းကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေပေးဝေရေးကော်မတီဝင်များနှင့်အတူ မြေသားရေကန်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ရာ တာဝန်ယူဆောင်ရွက်လျက်ရှိသော Royal Star Shwe Bo ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က သတ်မှတ်စံချိန် စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ အချိန်မီ ပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် မှာကြားကြောင်းသိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၌ ညောင်ဦးမြို့နယ်အတွင်း လင်းယောစမ်းကျေးရွာ၌ အလျား ပေ ၂၀၀၊ အနံ ပေ ၂၅၀၊ အမြင့် ခြောက်ပေရှိ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၀၁ သန်းဖြင့် Royal Star Shwe Bo ကုမ္ပဏီက ယခုနှစ်ဇွန်လ ပထမပတ်မှ စတင်၍တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာ သုံးရွာရှိ အိမ်ထောင်စု ၆၅၀ စုတို့အတွက် သောက်သုံးရေဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဝင်းမာ**

# အားမာန်နှင့်ချီ အောင်မြင်ခြင်းဆီသို့

မေတ္တာမိုးနှင်း(ပဲခူး)

လောက၌ လူဖြစ်ပြီဆိုကတည်းက လောကဓံတရားကို လူသားတိုင်း ရင်ဆိုင်ကြရမည်ဖြစ်သည်။ မေတ္တာတရားတွင် အသွားအပြန်ရှိသကဲ့သို့ လောကဓံတရားတွင်လည်း အကောင်း၊ အဆိုးဟူ၍ ဒွန်တွဲတည်ရှိနေပေသည်။ လူ့ဘဝတွင် အသက်မွေးဝမ်းကျောင်းအတွက်ကို ဦးစားပေးဆောင်ရွက်ကြရသည်။ အသက်မွေးဝမ်းကျောင်းအတွက် မိမိတို့၏ကာယအား၊ ဉာဏအားတို့ဖြင့် ရှာဖွေကြရခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ အရာရာတိုင်းသည် အမြဲတမ်းအဆင်ပြေချောမွေ့နေသည်မဟုတ်ပေ။ အကောင်း၊ အဆိုး ဒွန်တွဲနေသည်ဖြစ်ရာ အနိုင်အရှုံး၊ အောင်မြင်ခြင်း၊ ကျရှုံးခြင်း စသည့်အနိမ့်အမြင့် သဘောတရားတို့သည် လူသားတိုင်း အနည်းဆုံးတစ်ကြိမ်တစ်ခါ ကြုံတွေ့ကြရမည်သာဖြစ်သည်။ ကောင်းခြင်းတရားနှင့်တွေ့ကြုံသည့်အခါ ပျော်ရွှင်ရသကဲ့သို့ ဆိုးခြင်းတရားနှင့်တွေ့သည့်အခါ ရင်ဆိုင်တတ်ရန်လည်း ကြိုးစားပြင်ဆင်ထားကြရမည်ဖြစ်သည်။ လောကဓံတရားကို ရင်ဆိုင်ရန်အတွက် မိမိတို့၏စိတ်ကို အကောင်းဆုံးသောအာဟာရများပေးစွမ်း၍ ကြိုးစားနေထိုင်ကြရန် အလွန်ပင်အရေးကြီးသည်။

**အောင်မြင်ခြင်းနှင့် ရှုံးနိမ့်ခြင်း**

အောင်မြင်ခြင်းဟူသည် ကောင်းသောအကြောင်းတရားဖြစ်သည်။ အောင်မြင်သူအများစုကို လေ့လာကြည့်သည့်အခါ အလုပ်လုပ်ရာတွင် လျင်မြန်မှုမရှိသော်လည်း တိကျမှုကို လက်ကိုင်ထားကြသည်။ အချိန်ကိုတန်ဖိုးရှိစွာအသုံးချကြသည်။ အချိန်တိုင်း အလုပ်လုပ်နေသည် မဟုတ်သော်လည်း အလုပ်လုပ်သည့်အချိန် အတိုင်းအတာကို လစ်ဟင်းမှုမရှိစေဘဲ အချိန်နှင့်အလုပ်ကို ညီမျှအောင်အသုံးချခြင်းပင်ဖြစ်သည်။ အချို့အောင်မြင်သူများကို လေ့လာသည့်အခါ ဆောင်ရွက်ချက်တိုင်းအတွက် ရည်မှန်းချက်ရှိပြီး ဇွဲ၊ လုံ့လလည်းရှိကြသည်ကို တွေ့ရသည်။ စာမေးပွဲအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများသည် စာပေကျက်မှတ်ရာတွင် တိကျသေချာမှု၊ စာပေလေ့လာချိန်တွင် အာရုံစူးစိုက်မှု၊ ရည်မှန်းချက်ကို ဇွဲရှိရှိဖြင့် ရရှိအောင်ကြိုးစားမှုတို့ကြောင့်ပင်ဖြစ်သည်။

ရှုံးနိမ့်ခြင်းဟူသည်ကား ဆိုးခြင်းလည်း မမည်သကဲ့သို့ ကောင်းခြင်းလည်းမမည်ပါ။ အဘယ်ကြောင့်ဆိုသော် လူ့လောကတွင် အမြဲတမ်းရှုံးနိမ့်သူဟူ၍မရှိသောကြောင့်ဖြစ်သည်။ အဆိုးနှင့်အကောင်းသည် လောကနိယာမအရ ဒွန်တွဲနေသောကြောင့် အဆိုးပြီးလျှင် အကောင်းလာနိုင်ပေသည်။ ယခုလူငယ်များ စာမေးပွဲကျရှုံးခြင်းသည် မိမိတို့၏အနည်းငယ်သောလွဲချော်သည့် လုပ်ဆောင်ချက်များကြောင့်ပင်ဖြစ်သည်။ စာပေကျက်မှတ်ရာတွင် မိမိတို့ဉာဏ်စွမ်းကို ယုံကြည်ချက်ပြင်းပြ၍ တိကျသေချာစွာ မှတ်သားမှုအားနည်းခြင်း၊ စာပေကျက်မှတ်သည့်အချိန်၌ စိတ်ထွေပြား၍ အာရုံစူးစိုက်မှုအားနည်းခြင်း၊ ရည်မှန်းချက်ထားရှိသော်လည်း ကြိုးစားအားထုတ်မှုနည်းပါးခြင်းတို့ကြောင့်ပင်ဖြစ်သည်။ ရှုံးနိမ့်ခြင်းဟူသည် လွဲမှားသောယူဆချက်တို့၏အမှားသာဖြစ်၍ ဘဝတစ်ခုလုံးအတွက် ရှုံးနိမ့်ခြင်းဟုမမည်ပေ။ ရှုံးနိမ့်ခြင်းဟူသည်မှာ အောင်မြင်ခြင်းအတွက် မျှော်မှန်းနေသော အရိပ်တစ်ခုသည်သာဖြစ်သည်။

**အောင်မြင်ခြင်းအတွက် သော့ချက်**

စာမေးပွဲရှုံးနိမ့်သူများအတွက် အောင်မြင်ခြင်း၏သော့ချက်ကို ရှာဖွေကြရမည်ဖြစ်သည်။ အောင်မြင်ရေးအတွက် သော့ချက်သည် မိမိကိုယ်မိမိ ယုံကြည်ခြင်း၊ မိမိ၏လုပ်ဆောင်ချက်အပေါ် အာရုံစူးစိုက်မှုရှိခြင်း၊ အချိန်ကိုတန်ဖိုးရှိစွာအသုံးချခြင်းတို့ပင်ဖြစ်သည်။ မိမိကိုယ်မိမိ ယုံကြည်မှုသည် လူသားတိုင်းအတွက် အဓိကကျပေသည်။ မိမိ၏လုပ်ရပ်တိုင်းအတွက် အမှန်ကန်ဆုံးသော ဆောင်ရွက်ချက်ဖြင့် ပြီးဆုံးသည်အထိ ဆောင်ရွက်မည်ဟူသော ယုံကြည်ချက်ထားရမည်။ မလုပ်ဆောင်နိုင်ဘူး၊ မဖြစ်နိုင်ဘူး ဟူသောခံစားချက်များ၊ အောင်မြင်သော်လည်း ဘာဖြစ်လာနိုင်မှာလဲဟူသော လွဲမှားထွေပြားသည့် အတွေးများကို ဖျောက်ဖျက်ကြရမည်။ မိမိပိုင်ဆိုင်ထားသောအချိန်ကို တန်ဖိုးရှိစွာဖြင့် မိမိလုပ်ငန်းတာဝန်ကိုကျေပွန်အောင် ဆောင်ရွက်ကြရမည်။ မိမိ၏ မည်သည့်ရည်မှန်းချက်အတွက်မဆို ပညာရေးသည် မရှိမဖြစ်လိုအပ်သည်ကိုသိရှိပြီး ကြိုးစားကြရမည်မှာ အဓိကသော့ချက်ပင်ဖြစ်သည်။

**❖ အောင်မြင်ခြင်းနှင့် ရှုံးနိမ့်ခြင်းဟူသည် သတ်မှတ်ချက်များဖြစ်သည်။ ထိုသတ်မှတ်ချက်များသည် လူသားတို့၏ စိတ်ပိုင်းဆိုင်ရာနှင့် တိုက်ရိုက်ဆက်နွှယ်နေပေသည်။ ထို့ကြောင့် စိတ်အာဟာရဖြည့်တင်းခြင်းသည် အလွန်ပင်အရေးကြီးသည်။ လူ့ဘဝတစ်ခုလုံးကို စိတ်ကဦးဆောင်နေခြင်းသာဖြစ်သည်။ စိတ်ဓာတ်ကျဆင်းခြင်းသည် အရာရာကို အရှုံးပေးခြင်းသာဖြစ်သည်။ အရှုံးတစ်ခုကို မိမိစိတ်ကလက်ခံ၍ ထိုနေရာ၌ပင် ရပ်တန့်နေပါက အောင်မြင်မှုပန်းတိုင်ဟူသည် ရောက်မည်မဟုတ်။ ❖**

**စိတ်အာဟာရ ဖြည့်တင်းပါ**

လောကဓံတရားတွင် အနိမ့်အမြင့်ရှိသောကြောင့် အကောင်းအဆိုး၊ အနိုင်အရှုံးဟူသော သဘောသဘာဝတို့ကိုလည်း လူသားတိုင်းတွေ့ကြုံကြရမည်ဖြစ်သည်။ အရှုံးဟူသည်ကား အမြဲရင်ဆိုင်ရမည့်အရာမဟုတ်ပေ။ အရှုံးထဲမှအမြတ်ကို ရှာဖွေယူဆောင်တတ်ရပေမည်။ ရှုံးနိမ့်ခြင်းတွင် မိမိအတွက် သင်ခန်းစာများရှိနေပေမည်။ ထိုသင်ခန်းစာများကို အကောင်းဆုံးပြင်ဆင်ရမည်ကို သိရှိနားလည်ကြရမည်ဖြစ်သည်။ ရှုံးနိမ့်ခြင်းကို ရှက်ရွံ့ကြောက်လန့်နေပါက အဘယ်အရာမှ အောင်မြင်ခြင်းကို ပြန်လည်ရရှိနိုင်မည်မဟုတ်ပေ။ ရှုံးနိမ့်ခြင်းတွင် မိမိ၏အပြစ်ကိုသာ ရှာဖွေတတ်ရမည်။ မိမိအပြစ်ကို လျစ်လျူရှု၍ သူတစ်ပါးအပေါ်၌ အပြစ်မြင်နေပါကလည်း စိတ်ဖိစီးမှုကြောင့် ရှုံးနိမ့်ခြင်းမှပြန်လည်ရုန်းထွက်နိုင်မည်မဟုတ်ချေ။ ရှုံးနိမ့်ခြင်းဟူသည် အောင်မြင်ခြင်းအတွက် အားအင်အသစ်တစ်ဖန် မွေးဖွားနိုင်ရန် အခွင့်အလမ်းဖြစ်သည်ဟု မိမိစိတ်ကို မိမိကိုယ်တိုင် အာဟာရဖြည့်ပေးရန် လိုအပ်သည်။

ရှုံးနိမ့်ခြင်းဟူသည်ကား ခြေတစ်လှမ်းဆုတ်၍ အားယူခြင်းပင်ဖြစ်သည်။ ဥပမာအားဖြင့် အပြေးသမားတို့သည် စတင်တာလွှတ်၍ ပြေးချိန်၌ ရှေ့သို့သာ အားပြုထားသည်မဟုတ်။ နောက်သို့တွန်းကန်သောအားဖြင့် ရှေ့သို့အားစိုက်၍ ပန်းတိုင်ရောက်အောင်ပြေးကြရခြင်းဖြစ်သည်။ အလျားခုန်သမားသည်လည်း သတ်မှတ်ထားသော အတိုင်းအတာရောက်သည်အထိ ခုန်နိုင်ရန်အတွက် နောက်ဆုတ်၍ အားယူကြရသည်။ အမြင့်ခုန်သမားတို့သည်လည်း မိမိတို့ခုန်ရမည့်အတိုင်းအတာကို ကျော်လွှားနိုင်ရန်အတွက် နောက်သို့သာဆုတ်၍ အားယူခုန်ကြရသည်။ ထိုနည်းတူစွာပင် ပင်နယ်တီဂိုးသွင်းသော ဘောလုံးသမားများသည်လည်း ပင်နယ်တီကန်ရန်အတွက် နောက်သို့ဆုတ်၍ ဟန်ရေးပြကာ အရှိန်ယူလျက် ဘောလုံးကန်ပြီး အနိုင်ဂိုးရယူရခြင်းဖြစ်ပေသည်။

ထို့ကြောင့် စာမေးပွဲရှုံးနိမ့်ခြင်းသည် နောက်သို့ခြေတစ်လှမ်းဆုတ်၍ အားယူခြင်းသာဖြစ်သည်ဟု မိမိစိတ်ကို အကောင်းဆုံးပြင်ဆင်နိုင်ရန် စိတ်အာဟာရဖြည့်တင်းရမည်သာဖြစ်သည်။

စာမေးပွဲရှုံးနိမ့်သောလူငယ်များ၏ပတ်ဝန်းကျင်ရှိ လူသားများသည်လည်း လူငယ်များကို စစ်မှန်သောစိတ်အာဟာရဖြည့်တင်းပေးရန်လိုအပ်သည်။ စာမေးပွဲမအောင်သော်လည်း အကြောင်းမရှိ၊ နိုင်ငံခြားတွင် အလုပ်သွားလုပ်ရန် သင်တန်းတက်ပါ။ အခြားသောနည်းပညာဒီပလိုမာများ တက်ပါ။ ကျောင်းတက်မည့်အစား အလုပ်ထွက်လုပ်ခြင်းက ဝင်ငွေရပါဦးမည် စသောလွဲမှားသည့် အားပေးစကားများ ပြောကြားခြင်းကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။ လူငယ်များအတွက် စိတ်ပိုင်းဆိုင်ရာရှုံးနိမ့်ခြင်းသည် ပို၍ဆိုးရွားသောအခြေအနေဖြစ်မည်ကို သတိပြုကြရမည်။ မည်သည့်နေရာ၊ မည်သည့်ဒေသတွင်မဆို အလုပ်လုပ်ကိုင်မည်ဆိုပါက ပညာအရည်အချင်းရှိမှသာ ပိုမိုကောင်းမွန်အဆင်ပြေသည်ကို မမေ့လျော့သင့်ပေ။ ယနေ့ခေတ်သည် နည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်လာသောအချိန်ကာလဖြစ်၍ ပညာဖြင့် ဦးဆောင်ရသောပညာခေတ်ဖြစ်သည်။ သို့ဖြစ်၍ ပညာသင်သောအရွယ်များကို ပညာသင်ချင်စိတ်ဖြစ်ပေါ်လာရန်သာ တိုက်တွန်းပြီး စိတ်အာဟာရဖြည့်တင်းပေးကြရမည်ဖြစ်သည်။

အောင်မြင်ခြင်းနှင့်ရှုံးနိမ့်ခြင်းဟူသည် သတ်မှတ်ချက်များဖြစ်သည်။ ထိုသတ်မှတ်ချက်များသည် လူသားတို့၏စိတ်ပိုင်းဆိုင်ရာနှင့် တိုက်ရိုက်ဆက်နွှယ်နေပေသည်။ ထို့ကြောင့် စိတ်အာဟာရဖြည့်တင်းခြင်းသည် အလွန်ပင်အရေးကြီးသည်။ လူ့ဘဝတစ်ခုလုံးကို စိတ်ကဦးဆောင်နေခြင်းသာဖြစ်သည်။ စိတ်ဓာတ်ကျဆင်းခြင်းသည် အရာရာကို အရှုံးပေးခြင်းသာဖြစ်သည်။ အရှုံးတစ်ခုကို မိမိစိတ်ကလက်ခံ၍ ထိုနေရာ၌ပင် ရပ်တန့်နေပါက အောင်မြင်မှုပန်းတိုင် ဟူသည် ရောက်မည်မဟုတ်။ အရှုံးကိုလည်းလက်မခံ၊ အနိုင်ရရန်လည်း မကြိုးစားဘဲ စိတ်ထွေပြားနေပါကလည်း လေနှင်ရာလွင့်သကဲ့သို့ ရှိနေပေလိမ့်မည်။ စာရေးဆရာကြီးတဂိုးက "ပန်းတစ်ပွင့်ကို တွေ့ရုံမျှနှင့် မရပ်တန့်ပါနဲ့၊ ရှေ့သို့ဆက်သွားလျှင် ယခုထက်လှပသောပန်းဥယျာဉ်ကြီးကို တွေ့ရလိမ့်မည်"ဟု ဆိုမိန့်ခဲ့ပါသည်။ ထို့ကြောင့် လူငယ်များအနေဖြင့် ရောက်သည့်နေရာ၌သာ ရပ်တန့်မနေဘဲ ရှေ့သို့သာ ဆက်၍လျှောက်လှမ်းလျက် လှပဝေဆာသောပန်းတိုင်ကြီးကိုရောက်ရမည်ဟု မိမိတို့စိတ်ကို အာဟာရဖြည့်တင်းထားကြရပေမည်။ သို့မှသာ အရှုံးထဲမှအမြတ်ဟူသော အလှဆုံးပန်းကို ပန်ဆင်နိုင်ကြပေလိမ့်မည်။

**ပွင့်သောပန်းတိုင်း မွေးစေချင်**

ပန်းဥယျာဉ်မှူးတိုင်းသည် မိမိစိုက်ပျိုးထားသော ပန်းပင်တိုင်း၌ ပန်းပွင့်များဝေဆာစွာဖူးပွင့်စေချင်သည်။ ဝေဆာစွာဖူးပွင့်သော ပန်းတိုင်းကိုလည်း မွှေးရနံ့သင်းပျံ့စေချင်သည်မှာ အမှန်တရားပင်ဖြစ်သည်။ ထိုနည်းတူစွာပင် လူ့လောက၌ရှိသော လူသားတို့သည် နောင်အနာဂတ်ကို မျှော်လင့်သကဲ့သို့ အနာဂတ်ကို ဦးဆောင်မည့်လူငယ်များကိုလည်း အောင်မြင်စေချင်ပါသည်။ ထူးချွန်ထက်မြက်စေချင်ပါသည်။ သို့မှသာ နောင်လာမည့်အနာဂတ်သည် လှပနေမည်ဖြစ်သည်။ အနာဂတ်ကိုဦးဆောင်မည့် လူငယ်များသည် ဗလငါးတန်နှင့်ပြည့်စုံကြရပေမည်။ ဗလငါးတန်နှင့်ပြည့်စုံရန်အတွက် ပညာကိုအခြေခံကြရမည်ဖြစ်သည်။ ပညာဟူရာ၌ အသိပညာ၊ အတတ်ပညာများ ပါဝင်သောကြောင့် စာပေပညာရပ်များကို တတ်ကျွမ်းအောင်မြင်သည်ထိ မဖြစ်မနေသင်ယူကြရမည်ဖြစ်ပေသည်။

ယနေ့ခေတ်သည် ပညာကိုအခြေပြု၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ဦးတည်နေသောအချိန်ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရန်အတွက် ပညာရည်ပြည့်ဝသော လူသားအရင်းအမြစ်များ လိုအပ်ပါသည်။ လူငယ်များသည် အနာဂတ်နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်ဖြစ်သောကြောင့် အသိပညာဗဟုသုတများ ကြွယ်ဝရုံနှင့်မပြည့်စုံပေ။ အတတ်ပညာများကိုလည်း ကျွမ်းကျင်အောင်မြင်ရန် ကြိုးစားသင်ယူကြရမည်ဖြစ်သည်။ သို့မှသာ ဗလငါးတန်ဖွံ့ဖြိုး၍ ပညာရည်ပြည့်ဝသူများဖြစ်လာမည်ဖြစ်ပြီး မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့်ရင်ပေါင်တန်း၍ ကမ္ဘာ့အလယ်ဝင့်ထည်နိုင်မည်ဖြစ်ပေသည်။ ထို့ကြောင့် ပန်းကလေးများနှင့်တူသော အနာဂတ်လူငယ်များသည် ပညာရည်ပြည့်ဝသော မွှေးပျံ့သည့်ပန်းကလေးများအဖြစ် တင့်တယ်စေချင်ပါသည်။

**အားမာန်နှင့်ချီ အောင်မြင်ခြင်းဆီသို့**

ဘဝဟူသည်လည်း ရှန်းကန်လှုပ်ရှားနေရသော အလုပ်တစ်ခုဖြစ်သည်။ ရပ်နေရုံမျှဖြင့် မည်သည့်အရာမျှဖြစ်ပေါ်အောင်မြင်လာမည်မဟုတ်ပေ။ အချိန်နှင့်အမျှ ကြိုးစားအားထုတ်မှသာလျှင် အောင်မြင်မှုပန်းတိုင်ကိုရောက်နိုင်မည်ဖြစ်သည်။ တောင်ပေါ်သို့တက်ရောက်သကဲ့သို့ စိတ်ကိုခွန်အားပေးထားကြရမည်ဖြစ်သည်။ တောင်တက်သမားတစ်ဦးသည် တောင်ပေါ်သို့တက်သည့်အခါ မတ်စောက်လာသည်နှင့်အမျှ မောပန်းခြင်းကို ခံစားရသည်။ မောပန်းသည်ကို အကြောင်းပြု၍ ခေတ္တအနားယူလိုက်လျှင် ပို၍မောပန်းသည်ကို ခံစားရမည်။ တောင်ထိပ်သို့မရောက်မချင်း တက်လှမ်းမည်ဟူသော အားမာန်အပြည့်ဖြင့် ကြိုးစားတက်ရောက်ရသည်။ တောင်ထိပ်သို့ရောက်သည့်အခါ မောပန်းခြင်းဟူသည် အလျဉ်းမရှိတော့ဘဲ အောင်မြင်ခြင်း၏အရသာကို ခံစားဖြစ်ပေါ်စေသည်။

စာမေးပွဲရှုံးနိမ့်သောလူငယ်တို့သည် တောင်တက်သမားကဲ့သို့ အားမာန်ထားကြရမည်။ ရှုံးနိမ့်သည်ဟူ၍ရပ်တန့်နားနေခဲ့ပါလျှင် နောင်အခါ ဘဝအတွက် မောပန်းခက်ခဲခြင်းကို ပိုမိုခံစားရပေလိမ့်မည်။ လမ်းခရီးဟူသည်ကား ခလုတ်တံသင်းရှိကောင်းရှိပါမည်။ ခလုတ်ထိပြီး လဲကျနားနေ၍မဖြစ်ပါ။ လဲကျလျှင် ပြန်ထပြီး ခရီးဆုံးရောက်ရန် အားမာန်အပြည့်ဖြင့် လျှောက်ကြရမည်သာဖြစ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် အားမလျှော့ဘဲ အားမာန်အပြည့်ဖြင့် အောင်မြင်ခြင်းလှေကားများကို တက်လှမ်းကြစေလိုကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

– **ကြိုးစားခြင်းနှင့်အောင်မြင်ခြင်း–သုနေ**

# သတိပြုသင့်သည့် မိုးရာသီဖြစ်တတ်သောရောဂါများ

ပေါက်ပေါက်

**ဝမ်းပျက်ဝမ်းလျှောရောဂါ**

နှစ်စဉ် မိုးရာသီရောက်တိုင်း ကူးစက်ပြန့်ပွားနေသော ရောဂါဆိုးတစ်ခုဖြစ်သည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရပ်ကွက်နှင့် လမ်းများပေါ်ရှိ ရေဆိုးရေညစ်များနှင့်အတူ မိုးရေလျှံတက်လာသည်။ မကြာမီ ရေပြန်ကျသွားသောအခါ အညစ်အကြေးအနယ်အနှစ်များ တင်ကျန်ရစ်ခဲ့ပြီး Vibiro Cholerae(ခေါ်) ဝမ်းရောဂါဖြစ်စေသော ကူးစက်ရောဂါပိုးမွှားတို့ ပေါက်ပွားမှုများပြားလာသည့်အတွက် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လာရသည်။ ထို့ပြင် မိုးရွာ၍ ရေကြီးစဉ် ထိုညစ်ညမ်းသောရေထဲ ဖြတ်လျှောက်သွားပြီးနောက် တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းခြင်းကလည်း ရောဂါပိုးကူးစက်ခံရတတ်သည်။ မသန့်ရှင်းသည့်အစားအစာများ၊ မသန့်ရှင်းသည့် သောက်ရေသုံးရေများ၊ အမှည့်လွန်သစ်သီးများ၊ ယင်နားစာများ၊ လက်လုပ်အချဉ်များ၊ သန့်ရှင်းမှုအားနည်းသည့် လမ်းဘေးအစားအစာများ စသည်တို့ကို အထူးသတိပြုရှောင်ရှားရမည်။ ကိုယ်ခံအားနည်းသော ရင်ခွင်ပိုက်ကလေးများ၊ ကျောင်းနေအရွယ်ကလေးများနှင့် သက်ကြီးရွယ်အိုများအတွက် အသက်အန္တရာယ်စိုးရိမ်ရသည်။ ကမ္ဘာပေါ်တွင် နှစ်စဉ် ဝမ်းရောဂါဖြစ်ပွားသူ သုံးသန်းမှ ငါးသန်းထိ ရှိပြီး ၎င်းတို့အနက် တစ်သိန်းသည် ဝမ်းရောဂါကြောင့် သေဆုံးကြရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ကြေညာထားသည်။

နာရီပိုင်းအတွင်း ဆန်ဆေးရေအရောင်ကဲ့သို့ ဖြူကျဲကျဲဝမ်းအရည်များ အဆက်မပြတ်သွားခြင်း သို့မဟုတ် တစ်နေ့တည်းမှာပင် သုံးကြိမ်နှင့် အထက် ဝမ်းအရည်သက်ခြင်း၊ ဝမ်းတွင် သွေးပါခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ မှိန်း၍ ပျော့ခွေခြင်း၊ အရည်ကောင်းစွာမသောက်နိုင်ခြင်း သို့မဟုတ် ခံတွင်းခြောက်၍ ရေအငမ်းမရသောက်ပြီးနောက် ထိုရေအတိုင်း ဝမ်းသွားခြင်း သို့မဟုတ် ပြန်အန်ထွက်ခြင်း စသည့် ရောဂါလက္ခဏာများပြနေပါက ဓာတ်ဆားရည်များများသောက်ပြီး နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ အချိန်မဆိုင်းဘဲ သွားရောက်ပြသင့်သည်။ အခြားသူများသို့ ဝမ်းရောဂါမကူးစက်စေရန် ဝမ်းသွားပြီးတိုင်း သန့်စင်ခန်း (အိမ်သာ)ကို ရေများများလောင်းချရမည်။ ဝမ်းပျက်ဝမ်းလျှောခြင်းကို ထိရောက်စွာ ကုသမှု မခံယူပါက ခန္ဓာကိုယ်တွင်း ရေဓာတ်ဆုံးရှုံး၍ သွေးပေါင်ကျကာ သတိလစ်ပြီး အသက်ဆုံးရှုံးနိုင်သည်။

**အအေးမိ၊ နှာစေး၊ ချောင်းဆိုးရောဂါ**

မိုးရာသီရောက်တိုင်း အရွယ်သုံးပါးမရွေး ကြုံတွေ့ရသည့် ကူးစက်ရာသီရောဂါတစ်မျိုးဖြစ်သည်။ အအေးမိ၊ နှာစေး၊ ချောင်းဆိုးရောဂါအစ မိုးမိခြင်းကဟု မှတ်သားသင့်သည်။ ထို့ကြောင့် မိုးမိလာပါက ရေစိုဝတ်များ ချက်ချင်းလဲလှယ်ပါ။ ဆံပင်များကို ရေခြောက်သွေ့အောင်လုပ်၍ နွေးနွေးထွေးထွေးဖြစ်အောင် ရေနွေးပူသောက်ပါ။ အအေးမိဖျားနာခြင်းကြောင့် အသက်အန္တရာယ် မစိုးရိမ်ရသော်ငြား အဖျားပျောက်ပြီးနောက် ချွဲပါသောချောင်းဆိုးခြင်း ကျန်ရစ်ခဲ့သည်။ တခြားသူများကို ဆက်လက်မကူးစက်မိအောင် လက်ကို စင်ကြယ်စွာဆေးကြောပါ။ နှာချေ၊ ချောင်းဆိုးသည့်အခါ တစ်ခါသုံးတစ်ရှူးသုံး၍ စနစ်တကျစွန့်ပစ်ပါ။ အထူးသဖြင့် ကိုယ်ခံအားနည်းသောကလေးများနှင့် သက်ကြီးရွယ်အိုများတွင် ဗိုင်းရပ်စ်ပိုးကူးစက်လွယ်၍ အချိန်မရွေး ဖျားနာတတ်သဖြင့် အအေးမိတုပ်ကွေးဖျားနာရောဂါ ပျောက်ဆေးများ အိမ်တွင် အသင့်ဆောင်ထားခြင်း၊ ကိုယ်ခံအားကောင်းစေရန် ဗီတာမင်စီဆေးပြားများ သောက်ခြင်း၊ ရေများများသောက်ခြင်း၊ သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်များစားသုံးခြင်း၊ အရည်ရွှမ်းသောလိမ္မော်သီးစားသုံးခြင်း၊ ဖျော်ရည်အအေးများနှင့် ဆီကြော်အစားအစာများရှောင်ခြင်း၊ နေ့စဉ်သွားလာနေကြသော ရုံးဝန်ထမ်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အဝတ်အစားတစ်စုံ အပိုဆောင်ထားခြင်း စသည်ဖြင့် ကြိုတင်ကာကွယ်သင့်သည်။

**တုပ်ကွေးရောဂါ**

တုပ်ကွေးရောဂါသည် မိုးရာသီနှင့် မိုးရာသီမှ ဆောင်းရာသီ ကူးပြောင်းချိန်များတွင် အများဆုံးဖြစ်တတ်သည်။ ဗိုင်းရပ်စ်ပိုးများကြောင့် ရောဂါဖြစ်လာရသည်။ တုပ်ကွေးရောဂါကို ဖြစ်စေသော ဗိုင်းရပ်စ်များကို အေ၊ ဘီ၊ စီဟူ၍ အုပ်စုသုံးစုခွဲထားပြီး ၎င်းတို့အနက် (အေ) အုပ်စုတွင် ပါဝင်သောဗိုင်းရပ်စ်ပိုးများက အများဆုံးဒုက္ခပေးသည်။ အချိန်ပိုင်း၊ ရက်ပိုင်းအတွင်း အိမ်လုံးကျွတ်၊ ရွာလုံးကျွတ်ဆိုသကဲ့သို့ လူအစုလိုက် အပြုံလိုက် လျင်မြန်စွာကူးစက်စေသည်။ မြန်မာနိုင်ငံတွင် ဗိုင်းရပ်စ်(အေ)ကြောင့်ဖြစ်သော တုပ်ကွေးရောဂါသည် အများဆုံးဖြစ်သည်။ လူအများစုက ရပ်ကွက်အတွင်းရှိ ဆေးဆိုင်တွင် အလွယ်တကူဝယ်ယူနိုင်သောဆေးတို့ကို မိမိသဘောဖြင့် သောက်ကြသည်။ သို့သော် ရောဂါတော်တော်နှင့် မပျောက်ကင်းနိုင်ဘဲ ရောဂါပြင်းမှသာ ဆေးရုံ၊ ဆေးခန်းသို့ ရောက်လာတတ်သည်။ အခန့်မသင့်-ပါက အသက်ဆုံးရှုံးရနိုင်သည့်သာဓကများ တွေ့ရသည်။ တုပ်ကွေးရောဂါသည် သာမန်အအေးမိရောဂါထက် ပိုမိုပြင်းထန်၍ အဖျားတာရှည်သည်။ ခေါင်းအုံ၊ ခေါင်းကိုက်၊ ကိုယ်ပူ၊ မျက်စိပူ၊ လည်ချောင်းနာ၊ နှာမွှန်၊ ချောင်းဆိုး၊ တစ်ကိုယ်လုံးရှိ အသားများ၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲစေခြင်း၊ အင်အားကုန်ခန်းမောပန်းခြင်းနှင့် အစားအသောက်ပျက်ခြင်းတို့သည် တုပ်ကွေးလက္ခဏာများဖြစ်သည်။

နောက်ဆက်တွဲရောဂါများအဖြစ် အသက်ရှူပွန်ရောင်ခြင်း၊ နမိုးနီးယား ခေါ် အဆုတ်ရောဂါဖြစ်ခြင်း၊ အာခေါင်အတွင်းရှိ အာသီးများရောင်ခြင်း၊ အာသီးရောင်ခြင်းမှ အစပြု၍ နှလုံးရောဂါဖြစ်ခြင်း၊ ဦးနှောက်ရောင်ရောဂါဖြစ်ခြင်းနှင့် နှလုံးကြွက်သားများလှုပ်ရှားမှုအားနည်းခြင်းတို့ဖြစ်သည်။ တုပ်ကွေးရောဂါသည် အသက်ခြောက်လနှင့် အထက်မှစ၍ ဖြစ်နိုင်သည်။ ရင်သွေးငယ်များအတွက် မိုးဦးကျမတိုင်မီတည်းက တစ်နှစ်တစ်ကြိမ် တုပ်ကွေးကာကွယ်ဆေး ကြိုတင်ထိုးနှံပေးသင့်သည်။ လူကြီးလူငယ်မရွေး ရောဂါဖြစ်နိုင်ပြီး အကယ်၍ အဆုတ်ရောင်ရောဂါ၊ နားပြည်ယို၊ ထိပ်ကပ်နာနှင့် ရေဓာတ်ခမ်းခြောက်ရောဂါအခံရှိသူများမှာ တုပ်ကွေးရောဂါဖြစ်လာပါက အသက်အန္တရာယ်ဖြစ်နိုင်သည်။ ကူးစက်လွယ်ရောဂါတစ်မျိုးဖြစ်၍ လူနာကို ထိတွေ့ကိုင်တွယ်ခြင်း၊ တံတွေးနှင့် သလိပ်ကို ထိတွေ့မိခြင်း၊ လူနာဆီမှ နှာချေ၊ ချောင်းဆိုး စကားပြောစဉ် ဗိုင်းရပ်စ်ပါလာသောလေများကို ရှူရှိုက်မိရာကတစ်ဆင့် အလွယ်တကူ ကူးစက်နိုင်သည်။

**သွေးလွန်တုပ်ကွေးရောဂါ**

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု မြင့်မားသည့် နိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်းပါဝင်ပြီး ၁၉၆၅ ခုနှစ်ကစ၍ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလာခဲ့သည်။ ၎င်းရောဂါသည် မြန်မာပြည်တွင်း တစ်နှစ်ပတ်လုံးဖြစ်ပွားတတ်သော ရောဂါဖြစ်ပြီး အထူးသဖြင့် မိုးရာသီတွင် အဖြစ်များသည်။ စစ်တမ်းများအရ အသက်သုံးနှစ်မှ ရှစ်နှစ်အရွယ်ထိ ရောဂါဖြစ်မှု အများဆုံးတွေ့ရသည်။ အသက် ၁၅ နှစ်အောက် ဖြစ်ပွားမှုနှုန်းများသည့်အပြင် လူကြီးများတွင်လည်း ဖြစ်နိုင်၍ သွေးလွန်တုပ်ကွေးရောဂါသည် အသက်အပိုင်းအခြားမရှိ ဖြစ်တတ်သောရောဂါတစ်မျိုးဖြစ်သည်။ ရောဂါလက္ခဏာများမှာ နှစ်ရက်သုံးရက်အတွင်း အပြင်းဖျားကာ ပျို့အန်ပြီး ခန္ဓာကိုယ်အနှံ့ အနီစက်များ ထွက်ရှိလာသည်။ ဆေးရုံ၊ ဆေးခန်းသို့ မသွားခင် ဓာတ်ဆားရည်သောက်ပါ၊ ရောဂါစဖြစ်ချိန်မှစ၍ သုံးရက်မှ ငါးရက်အတွင်း ဆက်လက်ကိုယ်ပူနေခြင်း၊ ခြေဖျားလက်ဖျားအေးစက်ခြင်း၊ မကြာခဏ ဆိုသလို အညိုရောင်အရည်များအော့အန်ခြင်း၊ မှိန်းနေခြင်း၊ ကတ္တရာစေးအရောင်ကဲ့သို့ ဝမ်းမည်းသွားခြင်း စသည့် သွေးလန့်လက္ခဏာများ ဖြစ်ပေါ်လာပါက အချိန်မဆိုင်းဘဲ ဆရာဝန်နှင့်ပြပါ။

သွေးလွန်တုပ်ကွေးရောဂါပိုးသယ်ဆောင်လာသော ခြင်ကျားကိုက်ခံရခြင်းမှ ကူးစက်ပြန့်ပွားလာပြီး အထိရောက်ဆုံးကာကွယ်နည်းမှာ ခြင်ကိုက်မခံရစေရန် ဖြစ်သည်။ ထို့ကြောင့် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည် ဝတ်ဆင်ခြင်း၊ ခြင်ထောင်ဖြင့် အိပ်စက်ခြင်း၊ ခြင်ထောင်ကို ခြောက်လတစ်ကြိမ် ဆေးစိမ်ခြင်း၊ ရေစီးရေလာကောင်းပြီး ခြင်မပေါက်ပွားစေရန် ရေဆိုးမြောင်းများ ရှင်းလင်းခြင်း၊ လေဝင်လေထွက်ကောင်းပြီး ခြင်မခိုအောင်းနိုင်စေရန် အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းရေးပြုလုပ်၍ စွန့်ပစ်ပစ္စည်းများကို မြေမြှုပ်ခြင်း သို့မဟုတ် မီးရှို့ခြင်း၊ ခြံတွင်း၊ ခြံပြင် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်း စသည်တို့ ပြုလုပ်သင့်သည်။

**ရာသီတုပ်ကွေး $H_1N_1$ ရောဂါ**

Influenza Type A ($H_1N_1$) pdm 09 ရောဂါသည် လူတွင်သာ ဖြစ်ပွားတတ်သော ရာသီတုပ်ကွေးရောဂါဖြစ်ပြီး၊ ကြက်၊ ငှက်၊ ဝက်တို့မှ လာသောရောဂါပိုးမဟုတ်ပါ။ မိုးရာသီနှင့် မိုးအကုန်ဆောင်းအကူးရာသီတွင် ဖြစ်လေ့ဖြစ်ထရှိသော ကူးစက်ရောဂါတစ်မျိုးဖြစ်သည်။

အဆိုပါရောဂါသည် အသက်အရွယ်မရွေးဖြစ်ပွားတတ်ပြီး အသက် ငါးနှစ်အောက်ကလေးများ၊ အသက် ၇၀ နှင့်အထက် သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်နှင့် နာတာရှည်ရောဂါခံစားရသူများ၊ ဆီးချို၊ သွေးချိုရောဂါနှင့် နှလုံးရောဂါဖြစ်ပွားသူများ၊ လူဦးရေထူထပ်သောနေရာများသို့ နေ့စဉ် သွားလာနေကြရသူများ၊ ခရီးပန်းခြင်း သို့မဟုတ် အလုပ်ပင်ပန်းခြင်းကြောင့် ခံနိုင်ရည်အားကျဆင်းနေသူများတွင် $H_1N_1$ ရောဂါပိုးကူးစက်ရန် လွယ်ကူသည်။ နှာချေခြင်း၊ နှာရည်ယိုခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းသွားခြင်း၊ ခေါင်းကိုက်ခြင်း၊ ခေါင်းမူးခြင်း၊ ဖျားနာခြင်း၊ ကိုယ်လက် နာကျင်ကိုက်ခဲခြင်း၊ နုံးခွေခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ ကြွက်သားများ နာကျင်ခြင်း၊ ခြေဖျားလက်ဖျားအေးစက်ခြင်း၊ သတိလစ်ခြင်းတို့သည် ရာသီတုပ်ကွေး $H_1N_1$ ရောဂါလက္ခဏာများဖြစ်သည်။

**အရေပြားရောဂါ**

မိုးရွာပြီးနောက် ရွှံ့ဗွက်အိုင်ကို မရှောင်ဘဲ တမင်နင်းဆော့လေ့ရှိသော အသက်သုံးနှစ်မှစ၍ အခြေခံပညာအလယ်တန်းကျောင်းသားအရွယ်များမှာ မိုးရာသီရောက်တိုင်း ပွေး၊ ဝဲစို၊ ဝဲခြောက်၊ ရေဝဲ၊ သဲဝဲ၊ ညှင်း၊ နှင်းခူ စသည့် အရေပြားရောဂါအဖြစ်များသည်။ ထို့ပြင် အပြင်မှ ပြန်လာပြီးနောက် ခြေထောက်ဆေးကြောသန့်ရှင်းမှုအားနည်းသော လူကြီးများမှာလည်း အလားတူအရေပြားယားနာများဖြစ်လာနိုင်သည်။ သွေးမသန့်၍ အရေပြားမှိုစွဲလေ့ရှိသူများတွင် မိုးရာသီ၏ စိုထိုင်းဆမြင့်မားမှုကြောင့် လက်ချောင်းများ သို့မဟုတ် တစ်ကိုယ်လုံးယားနာဖြစ်တတ်သည်။ ရေဝဲ၊ သဲဝဲဖြစ်ခြင်းမှ ကြိုတင်ကာကွယ်သည့်အနေဖြင့် မိုးရွာထဲမှ အိမ်သို့ ရောက်ရောက်ချင်း ခြေထောက်များကို ကာဘော်လိပ်ဆပ်ပြာ သို့မဟုတ် ဒက်တောလ်ဆပ်ပြာ စသည့် ပိုးသတ်ဆေးဆပ်ပြာဖြင့် တိုက်ချွတ်ဆေးကြောပါ။ အကယ်၍ အရေပြားမှိုစွဲပြီး ယားနာများပေါက်လာပါက Fungidum သို့မဟုတ် Betnovate-N စသည့် အလားတူ မှိုသတ်ဆေးများလိမ်းပါ။ ဆိုးဆိုးရွားရွားယားနာခြင်းများကို ဆေးထိုးနှံကုသခြင်းဖြင့် အချိန်တိုအတွင်း ပျောက်ကင်းနိုင်သည်။

**ဝမ်းကိုက်ခြင်း**

မိုးရာသီတွင် ဖြစ်လေ့ဖြစ်ထရှိသည့် ရောဂါတစ်ခုမှာ ဝမ်းကိုက်ခြင်းဖြစ်သည်။ လူကြီးလူငယ်မရွေး ဖြစ်ပွားတတ်သည်။ တချို့သူများတွင် ဖျားနာ၍ ကိုယ်လက်ကိုက်ခဲသည်။ ယင်နားစာများ၊ မသန့်ရှင်းသောအစားအစာ စားသုံးမိခြင်း၊ မသန့်ရှင်းသောရေသောက်မိခြင်းကြောင့် ရောဂါဖြစ်ပေါ်လာရသည်။ ဗိုက်နာခြင်း၊ အစားအသောက်ပျက်ခြင်း၊ ဝမ်းဗိုက်တင်းခြင်း၊ အားအင်ကုန်ခန်းခြင်း၊ အိပ်မပျော်ခြင်း၊ တစ်ခါတစ်ရံတွင် ဝမ်းသက်ရာ၌ အချွဲသာမက သွေးပါတတ်ခြင်းတို့သည် ဝမ်းကိုက်ရောဂါလက္ခဏာများဖြစ်သည်။ ထို့ကြောင့် နေ့စဉ် သန့်ရှင်းစွာ ပြုမူနေထိုင်စားသောက်ခြင်းသည် ဝမ်းကိုက်ရောဂါမဖြစ်စေရေးအတွက် အကောင်းဆုံးကြိုတင်ကာကွယ်နည်းဖြစ်သည်။

အချုပ်ဆိုသော် မြန်မာပြည်၏မိုးရာသီတွင် ဖြစ်တတ်သောရောဂါများမှာ လွန်စွာများပြားလှသည်။ အထက်ပါရောဂါများအပြင် အစာအဆိပ်သင့်ခြင်း၊ အူရောင်ငန်းဖျား (တိုက်ဖွိုက်)၊ အအေးမိပြီးနောက် လေဖြတ်လေငန်းရောဂါ စသည်တို့လည်း ဖြစ်တတ်သည်။ ရောဂါဖြစ်မှ ကုသခြင်းထက် မဖြစ်ခင် ကြိုတင်ကာကွယ်ခြင်းက အကောင်းဆုံးနည်းဖြစ်သည်။ သို့ပါ၍ မိမိနှင့် မိသားစု၊ မိမိပတ်ဝန်းကျင်မှသည် လူထုအားလုံး ကျန်းမာရေးအသိအမြင်ဖြင့် သတိရှိစွာ နေထိုင်သင့်ပါကြောင်း ရေးသားလိုက်ရပါသည်။



# မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၁၉၁ ဧက စိုက်ပျိုးမည်


ယခင်နှစ် ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

**မော်လမြိုင်ကျွန်း ဇွန် ၂၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၁၉၁ ဧကစိုက်ပျိုးမည်ဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၁၉၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံများ လျာထားချက်အတိုင်းစိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံ ၂၁၉၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လာမဲ့လထဲမှာ စတင်စိုက်ပျိုးမှာဖြစ်ပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စားဖိုဆောင်သီးနှံတွေ အခက်အခဲမရှိ အဆင်ပြေပြေစိုက်ပျိုးနိုင်ဖို့အတွက် ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်လုပ်ဆောင်ပေးနေပါတယ်။ သက်ဆိုင်ရာဌာန အသီးသီးကလဲ သီးနှံတွေစိုက်ပျိုးနိုင်ဖို့ လိုအပ်တာတွေ ချိတ်ဆက်ကူညီပေးနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် နှစ်စဉ် စပါးသီးနှံအပြင် စားဖိုဆောင်သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစိုက်ပျိုးရာတွင် နံနံပင်၊ ပန်းဂေါ်ဖီ၊ ခရမ်းသီး၊ ပိန်းဥ၊ ဂေါ်ဖီထုပ်၊ ငရုတ်သီး၊ တိုင်ထောင်ပဲ၊ ပဲပုစွန်၊ ကြက်ဟင်းခါးသီး စသည့်သီးနှံများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်၌ စားဖိုဆောင်သီးနှံ စိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံများပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ဒိုက်ဦးမြို့နယ် ရွှေညောင်ပင်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် အဖွဲ့ဝင်ရွေးချယ်ခြင်းပြုလုပ်

**ဒိုက်ဦး ဇွန် ၂၃**

ပဲခူးတိုင်းဒေသကြီးညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရွှေညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် စီမံကိန်းမိတ်ဆက်ခြင်းနှင့် လုပ်ငန်းအဖွဲ့ဝင်ရွေးချယ်ခြင်းကို ဇွန် ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက ရွှေညောင်ပင်ကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်များ၊ စီမံကိန်းမှ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်း လုပ်ငန်းစဉ်များ၊ စီမံကိန်းချေးငွေဖြင့် ဆောင်ရွက်ခွင့်ရရှိနိုင်မည့် လုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ ထမ်းဆောင်ရမည့်တာဝန်ဝတ္တရားများ၊ ခံစားခွင့်များ၊ အရည်အချင်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသား၏သဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ဒိုက်ဦးမြို့နယ် ရွှေညောင်ပင်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊မွေးမြူရေးလုပ်ငန်း၊ကုန်ထုတ်လုပ်ငန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ရှိုလေး**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်



ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

" မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် "

ရတနာပုံ ခန်းမ










ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊
အစည်းအဝေးများ၊ရုပ်ပြ ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊
မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊
ဈေးရောင်းပွဲတော်များ၊အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊
အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့်
ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။

အရေးပါးကားကော်ဖီစေ့စစ်စစ်ကိုသာ
အသုံးပြုထားကြောင်း အာမခံပါသည်။

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

ပြင်ဦးလွင်

နန်းမြိုင်ကော်ဖီ






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

## အမည်ပြောင်း

ကျောက်ဆည်မြို့နယ်၊ Summer Moon ကိုယ်ပိုင်မူလတန်းကျောင်း Grade-2 တန်းမှ (ဘ) ဦးဘိုဘိုကို ၏သားဖြစ်သူ မောင်စိုင်းဝဏ္ဏရှိုင်း အား မောင်စိုင်းဝနရှိုင်း ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်စိုင်းဝနရှိုင်း**

## အမည်ပြောင်း

ကျောက်ဆည်မြို့နယ်၊ အထက-ဟန်မြင့်မိုရ်ကျောင်းမှ Grade-3 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးတင်နွယ်စိုး ၏သားဖြစ်သူ မောင်ရဲထက်ချမ်း အား မောင်ရဲထက်အောင် ဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။

**မောင်ရဲထက်အောင်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ကျေးရွာနေ ဦးမောင်ဇော်(ဘ)ဦးညွှန့်တင် (၉/တတဥ(နိုင်)၀၉၂၀၀၃) နှင့် ဒေါ်ထွေးစီ(ဘ)ဦးချစ်မောင် (၉/တတဥ(နိုင်)၀၃၆၅၀၉) တို့၏သားဖြစ်သူ **ဦးသိန်းသန်းဌေး(ခ)ဦးခိုင်ခန့်ခန့်ဇော်(၉/အမရ(နိုင်)၁၇၉၉၇၁)**သည် မိဘများ၏ သွန်သင်ဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများအား စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းများဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိဘများအား ရန်သူသဖွယ် အမြဲတစေ ပြုမူပြောဆိုဆက်ဆံနေပါသဖြင့် ၎င်း၏ပြုမူပြောဆိုမှုများအား ဆက်လက်သည်းခံနိုင်စွမ်းမရှိတော့သည့်အပြင် ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှထွက်သွားပါသဖြင့် ဦးသိန်းသန်းဌေး(ခ)ဦးခိုင်ခန့်ခန့်ဇော် အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထွေးစီ(၉/တတဥ(နိုင်)၀၃၆၅၀၉)**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-၃ ကျောင်းမှ Grade-10 တန်းတွင် ပညာသင်ကြားနေသော မထက်ထက်ဝင်း ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်ဦး ဖြစ်ပါကြောင်း။

**ဦးမောင်ဦး(၉/ကဆန(နိုင်)၁၆၁၄၇၂)**

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့နယ်၊ အထက-ဟန်မြင့်မိုရ်ကျောင်းမှ Grade-12 တန်းတွင် ပညာသင်ကြားနေသော မောင်ဖြိုးသူဟိန်း ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးပြေ့ ဖြစ်ပါကြောင်း။

**ဦးပြေ့(၉/ကဆန(နိုင်)၁၅၁၄၉၅)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

အမရပူရမြို့နယ်၊ ရွှေဂွမ်းထုပ်တိုက်နယ်၊ တရုတ်တန်းရပ်နေ ဦးအောင်အောင်-ဒေါ်စန်းစန်းယဉ် တို့၏သား **မောင်ဝင်းအောင်ထွန်း (၉/အမရ(နိုင်)၁၆၄၄၁၀)** သည် မိဘတို့၏ ဆိုဆုံးမစကားကို နားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်အောင်**
**(၉/အမရ(နိုင်)၀၀၇၉၁၁)**

## မိဘအမည်မှန်

စဉ့်ကိုင်မြို့၊ အထက(စဉ့်ကိုင်)၊ Grade-6(C)တွင် ပညာသင်ကြားနေသော မောင်ဟိန်းရာဇာစိုး ၏ မိဘအမည်မှန်မှာ မွေးစာရင်းအရ ဦးလင်းလင်းစိုး နှင့် ဒေါ်ခင်ချိုဦး ဖြစ်ပါကြောင်း။

**ဦးလင်းလင်းစိုး-ဒေါ်ခင်ချိုဦး**

COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



COVID-19 ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

စာအုပ်စာပေ လူ့မိတ်ဆွေ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးကို ဘက်ပေါင်းစုံမှ နည်းလမ်းရှာ၍ ဖော်ဆောင်ပေးရမည်ဖြစ်ပြီး အမှန်တကယ်အလုပ်လုပ်ရန်နှင့် အောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ပြုလုပ်သောပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၇/ ၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## မြင်းခြံမြို့နယ် မြင်းခြံ-မကျီးသမျှားသွား ကားလမ်းပေါ်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ပစ်ခတ်၍ ဆရာတော်တစ်ပါး ပျံလွန်တော်မူခဲ့ရပြီး အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၂၃**

၂၀၂၄ ခုနှစ် ဇွန် ၂၃ ရက် နံနက် ၀၀း၁၅ နာရီခန့်တွင် မြင်းခြံမြို့နယ်၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာ မြင်းခြံမြို့နယ် မကျီးသမျှားကျေးရွာ၏မြောက်ဘက် မြင်းခြံ-မကျီးသမျှားသွားကားလမ်းတွင် မော်တော်ယာဉ်တစ်စီးကို PDF အမည်ခံအကြမ်းဖက်သမားများက ပစ်ခတ်၍ ဒဏ်ရာရရှိခဲ့ကြောင်း သတင်းအရ အခင်းဖြစ်ရာသို့ ဇွန် ၂၃ ရက် နံနက် ၀၀း၅၀ နာရီခန့်တွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်အဖွဲ့များပါဝင်သော လုံခြုံရေးပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် မြင်းခြံမြို့နယ် စခမကျေးရွာ မြတ်ပုညပရဟိတအသင်းတံဆိပ်ပါ NOAH ခဲရောင်(နံပါတ်မပါ) မော်တော်ယာဉ်ပေါ်၌ မြင်းခြံမြို့နယ် စခမကျေးရွာ ရွာဦးကျောင်းမှ လက်ထောက်ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဥတ္တမ သက်တော် ၅၀၊ ဝါတော် ၁၂ ဝါတွင် ဝဲနံဘေးကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်၊ ဝဲချိုင်းကျည်ဖောက်ဝင်ဒဏ်ရာတစ်ချက်၊ယာနောက်ကျောကျည်ဖောက်ဝင်ဒဏ်ရာ နှစ်ချက်တို့ဖြင့် ပျံလွန်တော်မူနေသည်ကို တွေ့ရှိရပြီး ဦးအောင်မျိုးသောင်း ၄၀ နှစ် (ဘ) ဦးအောင်သောင်း စခမကျေးရွာနေသူတွင် ဝဲဒူးခေါင်းအထက် **စာမျက်နှာ ၂၂ ကော်လံ ၁☆**

## အင်ဒိုနီးရှားနိုင်ငံက ဆီတန်ချိန် ၅၃၀၀ တင်သွင်းလာသည့် စားအုန်းဆီတင်သင်္ဘောကြီး ရန်ကုန်မြို့သို့ ရောက်ရှိ




**ရန်ကုန် ဇွန် ၂၃**

မြန်မာနိုင်ငံ၌ ဆီစားသုံးသူပြည်သူများ အဆင်ပြေစွာဝယ်ယူသုံးစွဲနိုင်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက စီစဉ်ဆောင်ရွက်မှုဖြင့် အင်ဒိုနီးရှားနိုင်ငံက ဆီတန်ချိန် ၅၃၀၀ ထပ်မံတင်သွင်းလာသည့် စားအုန်းဆီတင်သင်္ဘောကြီးသည် ဇွန် ၁၉ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ ကြည့်မြင်တိုင် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ဆိုက်ကပ်ရောက်ရှိလာပြီး ဆီသိုလှောင်ကန်များအတွင်းသို့ စားသုံးဆီများ ဖြည့်တင်းဆောင်ရွက်ကြသည်။

လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆီသိုလှောင်ကန်ကြီးများတွင် **စာမျက်နှာ ၂၀ ကော်လံ ၄❖**